# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ကဆုန်လဆန်း (၄)ရက် ၊ တနင်္ဂနွေနေ့ ၊ (19-4-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၃၄၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



## အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ ချီးမြှင့်တော်မူအပ်သော ချမ်းသာပွားကြောင်း နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ယနေ့သည် မြန်မာတို့၏ ၁၃၈၇ ခုနှစ်ဟု ဆိုအပ်သော နှစ်ဟောင်းကုန်ပျောက်၍ ၁၃၈၈ ခုနှစ်ဟု ဆိုအပ်သော မြန်မာနှစ်သစ်ကာလ ချိန်ခါသမယသို့စတင်ရောက်ရှိသည့် မင်္ဂလာရှိသော နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ယခုကဲ့သို့ မင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံသော နှစ်သစ်မင်္ဂလာအချိန်အခါမှစ၍ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအပေါင်းတို့သည် **“မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား”**ဟူသော သဗ္ဗညုတဉာဏသခင် မြတ်စွာဘုရားရှင်တို့၏ ဩဝါဒဓမ္မဒေသနာတော်နှင့်အညီ မကောင်းသောအကျိုးကိုပေးတတ်သောအကုသိုလ်၊ ဒုစရိုက်တရားများကို ရှောင်ကြဉ်ကြလျက် ကောင်းသောအကျိုးကို ပေးတတ်သော ဒါန၊ သီလ၊ ဘာဝနာဟုဆိုအပ်သောကုသိုလ်တရားများကို ကြိုးစားမယုတ်၊ အားထုတ်ကြ၍ မိမိတို့၏စိတ်အစဉ်ကို သတိ၊ ပညာတို့ဖြင့် ဖြူစင်အောင် ထိန်းသိမ်းစောင့်ရှောက်ကြပြီး ဘေးဥပါဒ်အန္တရာယ် ရန်စွယ်အပေါင်း မကောင်းဟူသမျှ ပြစ်ဒေါသတို့မှ ကင်းပကြလျက် ယခုမျက်မှောက်ဘဝ၌ မိမိတို့အလိုရှိအပ်၊

စာမျက်နှာ ၁၆ ကော်လံ ၁

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်၏ မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကား



**မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ မြန်မာနှစ်သစ်ကူးအခါသမယမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်း မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသူ၊နိုင်ငံသား မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနဲ့တကွ ပြည်ပမှာရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံသားများ၊ ကမ္ဘာသူ၊ ကမ္ဘာသားများအားလုံး ဘေးရန်အပေါင်းမှ ဝေးကွာကြပါစေ၊ ကာယစိတ္တ နှစ်ဖြာသောသုခတို့နဲ့ ပြည့်စုံနိုင်ကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်မေတ္တာပို့သအပ်ပါတယ်။

စာမျက်နှာ ၁၈ ကော်လံ ၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား**

စာမျက်နှာ - ၂၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား**

စာမျက်နှာ - ၂၀


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ

အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း

ပါရမီလက်မှတ်အရောင်းဌာန

ရွှေမန်းသူ ၀၉ ၂၅၄၇၈၁၀၆၀၊ ၀၉ ၂၆၁၄၀၀၈၄၄

ရွှေမြိုင်သူ ၀၉ ၂၆၁၄၀၀၈၅၅

ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ

ပုသိမ်သူ Online Easy Ticket, Go - Auto Ticket

ရန်ကုန် —
- နေပြည်တော်
- တောင်ကြီး
- မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
- ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
- ပုဂံ (ညောင်ဦး) - ပခုက္ကူ
- မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
- မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ခမီ
- တောင်ငူ - ဆွာ - ရေနီ
- ပုသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု

ရတနာပုံ
၂၀၂၆ ခုနှစ် ဧပြီ ၁၉ ရက်
အယ်ဒီတာ့အာဘော်

# နှစ်သစ်တွင် လူသစ်၊ စိတ်သစ်နှင့် ပိုမိုကောင်းမွန်သောသူများအဖြစ်သို့

ရာသီစက်ဝန်းသည် စဉ်ဆက်မပြတ်လည်ပတ်နေသည်ဖြစ်ရာ လက်ရှိအချိန်သည် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်ကုန်ဆုံး၍ ၁၃၈၈ခုနှစ်သို့ ရောက်ရှိခဲ့လေပြီဖြစ်သည်။ မြန်မာနှစ်သစ်ကို မဟာသင်္ကြန်ပွဲဆင်နွှဲ၍ အတာရေများပက်ဖျန်းကာ နှစ်ဟောင်းကိုစွန့်၍ နှစ်သစ်ကိုကူးပြောင်းခဲ့ပြီးလည်းဖြစ်သည်။ ထို့ကြောင့် ယခုရောက်ရှိနေသော မြန်မာ့နှစ်သစ်တွင် စိတ်သစ်၊ အတွေးသစ်၊ ရည်မှန်းချက်အသစ်တို့ဖြင့် ကောင်းမွန်သော အနာဂတ်များပိုင်ဆိုင်နိုင်အောင် ဆင်ခြင်မှု၊ ပြင်ဆင်မှုတို့ဖြင့် ဘဝကို ပိုမိုတိုးတက်ကောင်းမွန်ရေးကို ဆောင်ရွက် ကြရမည်ဖြစ်သည်။

နှစ်ဟောင်းတွင် အောင်မြင်မှုများကို ဆုပ်ကိုင်နိုင်ခဲ့သကဲ့သို့ ကျရှုံးမှုများကိုလည်း ရင်ဆိုင်ကြုံတွေ့ခဲ့သူများရှိနေမည်ဖြစ်သည်။ ထိုသို့ အောင်မြင်မှုနှင့်ကျရှုံးမှုသည် ဒွန်တွဲလျက်ရှိပေရာ အချိန်ကို အကျိုးရှိစွာအသုံးချနိုင်သူများ၊ စဉ်ဆက်မပြတ် လေ့လာဆည်းပူးအားထုတ်ကြိုးပမ်းသူများ၊ ဇွဲ၊ လုံ့လ၊ ဝီရိယ ရှိသူများသည် နယ်ပယ်တစ်ခုတွင် အောင်မြင်မှုများ ရရှိခဲ့မည်ဖြစ်သည်။

နှစ်သစ်တွင် လူတိုင်းအချိန်ကို အကျိုးရှိရှိအသုံးချတတ်ရန် လိုသကဲ့သို့ ရည်မှန်းချက်များထားကာ ဆောင်ရွက်တတ်ရန်လိုပေသည်။ အချိန်ဖြုန်းသူများ၊ ပျင်းရိသူများ၊ ရည်မှန်းချက်ပျောက်ဆုံးနေသူများသည် မည်သည့်အောင်မြင်မှုကိုမျှမရရှိနိုင်ပေ။ ထို့ကြောင့် နှစ်သစ်တွင် ဘဝရှေ့ရေးအတွက် ရည်မှန်းချက်များထားရှိကာ အောင်မြင်အောင် အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုကဲ့သို့ နှစ်ဟောင်းကုန်၍ နှစ်သစ်အခါသမယတွင် အကောင်းနှင့်အဆိုးတို့ကို ကြုံတွေ့ခဲ့ကြရမည်ဖြစ်သည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာဖော်ထုတ်ပြီး နှစ်သစ်အတွက် ဆောင်ရွက်ဖွယ်ရာများကို အကောင်းဆုံးကြိုတင်ပြင်ဆင်သွားရန် လိုအပ်သကဲ့သို့ နှစ်သစ်တွင် ရည်မှန်းထားသည့် ရည်ရွယ်ချက်များ ရုပ်လုံးပေါ်လာစေရန်အတွက် လက်တွေ့ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ပြင် မိမိဘဝတိုးတက်အောင်မြင်ရေးအတွက် ဘာသာရေး၊ ကျန်းမာရေးတို့ လိုက်စားကြရမည့်အပြင် လူကျန်းမာရုံသာမက စိတ်ကျန်းမာစေရန်အတွက် သုတ၊ ရသစာပေများကို မျှမျှတတ ဖတ်ရှုခြင်း၊ မိသားစုအတွက် အချိန်ပေးခြင်း၊ ပရဟိတအဖွဲ့များတွင် ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့ဖြင့် မိမိအကျိုးအတွက်သာမက အများအကျိုးအတွက်ပါ ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။

ထို့ပြင် လူသားတစ်ဦးဖြစ်လာပါက လူသားတစ်ဦး၏ တာဝန်ကျေပွန်ရန်လည်း လိုအပ်ပေသည်။ လူသားတစ်ဦး၏ တာဝန်ကျေပွန်မှုဆိုရာတွင် မိသားစုအတွက် တာဝန်ကျေပွန်အောင် ဆောင်ရွက်ခဲ့မှု၊ တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်မျှ ပါဝင်ဆောင်ရွက်နိုင်ခဲ့မှုတို့ကို ဆိုလိုခြင်းဖြစ်သည်။ လူတစ်ဦးသည် မိသားစုအတွက်ဖြစ်စေ၊ အများအကျိုးအတွက်ဖြစ်စေ၊ နိုင်ငံအကျိုးအတွက်ဖြစ်စေ ကောင်းရာကောင်းကျိုးကို ဆောင်ကြဉ်းပေးနိုင်ခြင်းမရှိလျှင် ထိုသူသည် လူပိုတစ်ဦးသာ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် မိမိသည် လူပိုတစ်ဦးမဖြစ်စေရန် နှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ အတွေးသစ်၊ ခွန်အားသစ်များဖြင့် ရည်မှန်းချက်များချမှတ်ကာ ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် နှစ်သစ်အခါသမယတွင် ကျန်းမာပျော်ရွှင်ဖွယ်ရာ မိသားစုဘဝများတည်ဆောက်ကြပြီး မိမိအတွက်၊ နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် ကောင်းသောအတွေး၊ ကောင်းသောအမြင်၊ ကောင်းသောလုပ်ရပ်များကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ကြရာတွင် တစ်ဦးအပေါ်တစ်ဦး ကိုယ်ချင်းစာတရား၊ မုဒိတာတရားများထားကာ အတွေးသစ်၊ အမြင်သစ်၊ ရည်မှန်းချက်အသစ်များဖြင့် နှစ်ဟောင်းကိုနှုတ်ဆက်၍ နှစ်သစ်ကစတင်ကာ တစ်နှစ်ပတ်လုံး အကောင်းဆုံး ဖြတ်သန်းသွားသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

# အမရပူရမြို့နယ် ငယ်တိုးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**အမရပူရ ဧပြီ ၁၈**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေကြည်ပေါက်ကျေးရွာအုပ်စု ငယ်တိုးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက ငယ်တိုးကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက စီမံကိန်းရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့်တာဝန်ရှိသူများက တက်ရောက်လာသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်ခုနှစ်ဦးကို ရွေးချယ်ဖွဲ့စည်း ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေ၊ ကျေးရွာနေပြည်သူများ၏ ထည့်ဝင်ငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုအနီးကပ် ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲကျော်**

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဂျုံကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**မုံရွာ ဧပြီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဂျုံကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၈၄၉၄ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ဂျုံစိုက်ခင်းများကို ယခုနှစ်ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၂၃ ဒသမ ၈၇ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဂျုံကေ ၈၄၉၄ ကေစိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ဂျုံခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဂျုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တောင်သူအသိပညာပေးဆွေးနွေးတာတွေ၊ ဂျုံအထွက်တိုးအောင် ရေသွင်းပြီး မြေဩဇာကျွေးဖို့ နှုန်းသားတွေ၊ ပေါင်းရှင်းဖို့နဲ့ ဂျုံအထွက်တိုးဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ဂျုံစိုက်ပျိုးရာတွင် လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ အရည်အသွေးကောင်းဂျုံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဂျုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဂျုံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးကပြောပြ၍သိရသည်။ (၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကကတစ်ငါးပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့



**ဖျာပုံ ဧပြီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကကတစ်ငါး ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်ကေခိုင်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်း ကကတစ်ငါးပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လတစ်လအတွင်း ကကတစ်ငါးပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မတ်လအတွင်းမှာ ကကတစ်ငါးပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အဝယ်လိုက်လို့တင်ပို့ရောင်းချအား တက်ခဲ့တာဖြစ်ပါတယ်။ ကကတစ်ငါးအပါအဝင် အခြားရေထွက်ကုန်တွေလဲ အရောင်းအဝယ်ဖြစ်နေပါတယ်" ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ကကတစ်ငါး တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ မှ ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ကကတစ်ငါးများ အပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေရခြင်းကြောင့် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကဝမြို့နယ် ဇွဲဘာကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ကဝ ဧပြီ ၁၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇွဲဘာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း အကြောင်း မိတ်ဆက်ရှင်းလင်းပြောကြားပြီး စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကဝမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါဇွဲဘာကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**သုတ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ကမ်းနားလမ်းရှိ မြန်မာ-တရုတ်ကုန်သည်များအသင်း(အထက်မြန်မာပြည်)က အဆောက်အအုံလှေကားထစ်များ ပြုပြင်ရန်အတွက် ငွေကျပ် ၁၀၀၀၀၀၀၀၊ တစ်နေ့တာဆွမ်းအတွက် ငွေကျပ် ၅၀၀၀၀၀ စုစုပေါင်းငွေကျပ် ၁၀၅၀၀၀၀၀ လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏နာယက ဂုဏ်ထူးဆောင်ပါမောက္ခဒေါက်တာ ဦးမိတ်နှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်းလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**စစ်ကိုင်း ဧပြီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၄၅၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မတ်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စစ်ကိုင်းမြို့နယ်တွင် ၂၀၁ ဧက၊ မြင်းမူမြို့နယ်တွင် ၁၄၅ ဧက၊ မြောင်မြို့နယ်တွင် ၄၁၂၆ ဧက စုစုပေါင်း ၄၄၇၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ နှမ်း ၄၄၅၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၄၄၇၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် နှမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၉၈ ဧက၊ မြင်းမူမြို့နယ်တွင် ၁၄၅ ဧက၊ မြောင်မြို့နယ်တွင် ၄၁၁၂ ဧက စုစုပေါင်း ၄၄၅၅ ဧကဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် နှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဥတ္တရသီရိမြို့နယ် ညောင်ပင်ဝိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဧပြီ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်ဝိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းက အဆိုပါကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၈၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၂၈၉ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၈၇ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ခြောက်သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၇ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၈၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး

**မြောင်းမြ ဧပြီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ၂၅၃၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော မြေပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလဒုတိယပတ်က စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် မြေပဲဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး မြေပဲတစ်ဧကလျှင် ၆၁ ဒသမ ၄၅ တင်းထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ မြောင်းမြမြို့နယ်မှာ မြေပဲ ၂၅၃၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့မြေပဲစိုက်ခင်းတွေကို နုတ်သိမ်းခဲ့တာ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နုတ်သိမ်းပြီးစီးပြီဖြစ်တဲ့ မြေပဲတွေက အထွက်နှုန်းကောင်းသလို အရည်အသွေးလဲ ကောင်းတာကို တွေ့ရပါတယ်။ အခုနုတ်သိမ်းခဲ့တဲ့ မြေပဲတွေအပါအဝင် ဆောင်းသီးနှံတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ တောင်သူတွေနဲ့ စိုက်ပျိုးရေးဌာန၊ အခြားဆက်စပ်ဌာနတွေပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်။ မြေပဲအပါအဝင် ဆီထွက်သီးနှံတွေအားလုံး အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှား အန္တရာယ်ကင်းရှင်းစေဖို့ အသိပညာပေးတာတွေကို ဆောင်ရွက်ခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင်ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် မြေပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ကွဲပြားသောအယူအဆများကိုပေါင်းစပ်၍ စီးပွားရေးလုပ်ငန်းများအောင်မြင်ရေး

မျိုးသူ(ကုန်သွယ်မြှင့်)

မြန်မာနိုင်ငံတွင် မြန်မာ့နည်း၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှုဖြင့် နေထိုင်ကြသဖြင့် စီးပွားရေးလုပ်ငန်းများတွင်လည်း မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့်ပင် စီးပွားရေးလုပ်ကိုင်နေကြရခြင်းဖြစ်သည်။ သို့ရာတွင် ဖရန်ချိုင်းစနစ်ဖြင့် ဝင်ရောက်လာသည့် အနောက်တိုင်းပုံစံ စီးပွားရေးလုပ်ငန်းငယ်များကိုလည်း မြင်တွေ့နေရပြီး အောင်မြင်နေကြသည်ကို တွေ့နေရသည်။ စီးပွားရေးလုပ်ငန်းအများစုတွင် မြန်မာ့နည်း၊ မြန်မာ့ဟန် အတွေးအခေါ်အယူအဆများ တစ်နည်းပြောရလျှင် အရှေ့တိုင်း၏ အတွေးအခေါ် အယူအဆများနှင့် အနောက်တိုင်း၏ အတွေးအခေါ် အယူအဆများသည် များစွာကွဲလွဲသကဲ့သို့ရှိသည်။ သို့ရာတွင် ယနေ့ခေတ်တွင် ခေတ်မီတိုးတက်သော အတွေးအခေါ်အယူအဆများကို နည်းပညာပိုင်းနှင့် တွဲ၍ စီးပွားရေးလုပ်ကိုင်ခြင်းများ ဖြစ်ထွန်းလာသည့် အခါတွင် အရှေ့တိုင်း၏ အတွေးအခေါ်အယူအဆများကိုပေါင်းစပ်ပြီး စီးပွားရေးလုပ်ငန်းများ အောင်မြင်စေရန် လုပ်ကိုင်နိုင်ရမည်ဖြစ်သည်။ ထို့ကြောင့် အရှေ့နှင့် အနောက်တို့၏ စီးပွားရေး အတွေးအခေါ် ကွာခြားချက်များကိုလေ့လာပြီး အားသာချက်များကို ရယူပေါင်းစပ်၍ အားနည်းချက်များကိုလျှော့ချပြီး မိမိလုပ်ငန်းအောင်မြင်ရေးအတွက် ဆောင်ရွက်သွားသင့်သည်။ မိမိတို့၏ ရေမြေအတွေးအခေါ်ကိုစွန့်ပစ်ပြီး အနောက်တိုင်းအတွေးအခေါ် အယူအဆများကိုမွေးစား၍ အောင်မြင်မှုကို အပြည့်အဝရရှိမည်ဟုမထင်ပေ။ သို့ဖြစ်၍ အရှေ့တိုင်းနှင့် အနောက်တိုင်း အတွေးအခေါ်အယူအဆများကို ပေါင်းစပ်ကြည့်သင့်သည်။

**အခြေခံအမြင်များ**

အရှေ့တိုင်းဒေသဖြစ်သော အာရှ၏ အတွေးအခေါ်အယူအဆများသည် လူသားဗဟိုပြုသော အတွေးအခေါ်အယူအဆများဖြစ်ကြသည်။ ထိုအထဲတွင် ဘာသာရေးနှင့်တွေးခေါ်ပညာရှင်များ၏ ဒဿနများပါရော၍ ပါဝင်နေတတ်သည်။ အတွေးအခေါ်အယူအဆများတွင် ဟိန္ဒူဘာသာအယူအဆ အတွေးအခေါ်များ၊ ဗုဒ္ဓဘာသာအယူအဆ အတွေးအခေါ်များ စသည်ဖြင့် ပါဝင်နေတတ်သည်။ ထိုအထဲတွင် လူမှုဆက်ဆံရေးနှင့် လူသားချင်းစာနာမှုများ၊ ယုံကြည်မှုဖြင့် ဆက်ဆံရေးများ၊ နွေးထွေးသောမိသားစုယဉ်ကျေးမှုအခြေခံဆက်ဆံရေးများ၊ မျိုးဆက်သုံးဆက်နေထိုင်မှုများနှင့် မိသားစုဗဟိုပြု အတွေးအခေါ်အယူအဆများရှိကြသည်။ အကောင်းမြင်စိတ်နှင့် အားနာစိတ်၊ ယုံကြည်တတ်မှု စသည်တို့များပြားကြသည်ကိုတွေ့နိုင်သည်။

အနောက်တိုင်း အယူအဆများတွင်မူ ကျိုးကြောင်းဆီလျော်မှုဗဟိုပြုအယူအဆ၊ တစ်ဦးချင်းကိုယ်စားပြုဒဿနများကို ဘာသာရေးနှင့် စည်းခြားထားတတ်သည်။ ထို့ပြင် စီးပွားရေးလူမှုရေးများတွင် စည်းမျဉ်းနှင့် စာချုပ်စာတမ်း အခြေခံတိကျသော စည်းမျဉ်းစည်းကမ်းများ၊ စာချုပ်စာတမ်းများ၊ နွေးထွေးမှုနည်းပါးသော စွမ်းဆောင်ရည်အကဲဖြတ်မှုများ ရှိတတ်သည်။

**မဟာဗျူဟာများ**

အရှေ့တိုင်း၏ အယူအဆ၊ အတွေးအခေါ်များသည် သဘာဝတရားကို အခြေခံတတ်သည်။ ထို့ပြင် ရှည်လျားသော ဆက်ဆံရေး၊ မိသားစုကဲ့သို့ လုပ်ကိုင်ရေး၊ ကိုယ်ချင်းစာတရားအပေါ် အခြေခံသောစီးပွားရေးနှင့်ပေါင်းသင်းဆက်ဆံရေးတို့ကို ဦးစားပေးပြီး ဆောင်ရွက်လေ့ရှိကြသည်။ ရေရှည်အတွက် ဖြည်းဖြည်းချင်း ခိုင်မာအောင်တည်ဆောက်သည့် ပုံစံမျိုးဖြစ်တတ်သည်။ ကျေးရွာများ၊ ဒေသများတွင် မိသားစုဆန်သော စီးပွားရေးပုံစံများ၊ မိသားစုစီးပွားရေးလုပ်ငန်းကို အစဉ်အဆက် အမွေဆက်ခံဆောင်ရွက်မှုများကို တွေ့မြင်ရသည်။ အလုပ်ရှင်နှင့် အလုပ်သမားတို့ကြားတွင်လည်း နှစ်ပေါင်းများစွာ အတူတကွဆောင်ရွက်မှုများကို တွေ့မြင်ရသည်။ အပြောင်းအလဲများကို မနှစ်သက်တတ်ဘဲ ပြောင်းလဲသည့်တိုင်အောင် တဖြည်းဖြည်းချင်း ပြောင်းလဲမှုများကိုသာ နှစ်သက်တတ်ကြသည်။

**❖အရှေ့တိုင်း၏ အတွေးအခေါ်အယူအဆများနှင့် အနောက်တိုင်း၏ အတွေးအခေါ်အယူအဆများသည် များစွာကွဲလွဲသကဲ့သို့ရှိသည်။ သို့ရာတွင် ယနေ့ခေတ်တွင် ခေတ်မီတိုးတက်သော အတွေးအခေါ်အယူအဆများကို နည်းပညာပိုင်းနှင့်တွဲ၍ စီးပွားရေးလုပ်ကိုင်ခြင်းများ ဖြစ်ထွန်းလာသည့်အခါတွင် အရှေ့တိုင်း၏ အတွေးအခေါ်အယူအဆများကိုပေါင်းစပ်ပြီး စီးပွားရေးလုပ်ငန်းများ အောင်မြင်စေရန် လုပ်ကိုင်နိုင်ရမည်ဖြစ်သည်။ ထို့ကြောင့် အရှေ့နှင့် အနောက်တို့၏ စီးပွားရေးအတွေးအခေါ်ကွာခြားချက်များကိုလေ့လာပြီး အားသာချက်များကိုရယူပေါင်းစပ်၍ အားနည်းချက်များကိုလျှော့ချပြီး မိမိလုပ်ငန်းအောင်မြင်ရေးအတွက် ဆောင်ရွက်သွားသင့်သည်။ ❖**

အနောက်တိုင်း၏ မဟာဗျူဟာကျသော အယူအဆအတွေးအခေါ် လုပ်ဆောင်ချက်များသည် စွမ်းဆောင်ရည်ပေါ်တွင်သာ တည်ရှိနေတတ်သည်။ ပန်းတိုင် Vision ပေါ်တွင် တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင်ရန်၊ ဈေးကွက်ဝေစုပိုမိုရရှိရန် အစဉ်သဖြင့်ပြိုင်ဆိုင်နေတတ်သည်။ ကိုယ်တစ်ဦးတည်း၊ ကိုယ့်လုပ်ငန်းတစ်ခုတည်းကျန်ရှိရေးအတွက်သာ မျှော်မှန်းချက်ထား၍ ဆောင်ရွက်တတ်သည်။ စီးပွားရေးအောင်မြင်ရန်အတွက် ကြီးမားသောပြောင်းလဲမှုများ၊ ပြင်းထန်သောအလှည့်အပြောင်းများကို နှစ်သက်တတ်ကြသည်။ စိန်ခေါ်မှုများနှင့် အန္တရာယ်များကို အောင်မြင်မှုအခွင့်အလမ်းအဖြစ် ရှုမြင်တတ်ကြသည်။

**အားသာချက်များ**

အရှေ့တိုင်း အယူအဆအတွေးအခေါ်များ၏ အားသာချက်များကိုကြည့်လျှင် ဖောက်သည်များနှင့် ရေရှည်ဆက်ဆံရေးကို လိုလားကြသည်။ လုပ်ငန်းအတွင်းမှ ဝန်ထမ်းများ၊ လုပ်သားများနှင့်လည်း ရေရှည်ဆက်ဆံရေး၊ မိသားစုဆန်သော နွေးထွေးမှုများကို ဦးစားပေးတတ်သဖြင့် သစ္စာစောင့်သိမှု၊ လုပ်ငန်းရှင်ကိုချစ်ခင်မှုများတိုးပွားစေသည်။ လုပ်ငန်းရှင်နှင့် အလုပ်သမားကြားတွင် နွေးထွေးသော ရေရှည်ဆက်ဆံရေးကို ဖြစ်ပေါ်စေသည်။ ထို့ပြင် နှစ်ပေါင်းများစွာကြာမြင့်သည့်တိုင်အောင် ခေတ်မီကောင်းမွန်နေသော ဆွန်ဇူး၏ အယူအဆအတွေးအခေါ်များ၊ ကွန်ဖြူးရှပ်၏ အတွေးအခေါ်အယူအဆများ၊ ဗုဒ္ဓ၏ အတွေးအခေါ်အယူအဆများသည် စီးပွားရေးလုပ်ငန်းများအတွက် အဆင်သင့် စိတ်တွင်ရှိပြီးအတွေးအခေါ်အယူအဆများ ဖြစ်တတ်သည်။ ပြောင်းလွယ်၊ ပြင်လွယ်တတ်သဖြင့် ပြောင်းလဲနေသော အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ကိုင်တတ်ကြသည်။ မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များ၏ အားသာချက်သည် ပြောင်းလွယ်၊ ပြင်လွယ်ဖြစ်ခြင်းဟု ပြောနိုင်သည်။ အဖွဲ့ဝင်များအချင်းချင်း၊ ဝန်ထမ်းနှင့် လုပ်သားတို့ကြားတွင် မိသားစုဆန်ဆန်ဆွေးနွေးနိုင်သဖြင့် အကြံဉာဏ်များ၊ အယူအဆများကိုလည်း ကောင်းမွန်စွာ ရရှိနိုင်ပြီး ဆန်းသစ်တီထွင်မှုများကို အားပေးသည်။

အနောက်တိုင်း၏ အတွေးအခေါ်အယူအဆတွင်လည်း အားသာချက်များစွာရှိသည်။ မျက်နှာကြီးငယ်မလိုက်ဘဲ စွမ်းဆောင်ရည်ဖြင့် အကဲဖြတ်တတ်သဖြင့် လူတော်၊ လူကောင်းများကိုရရှိသည်။ အကျိုးအမြတ်နှင့် စွမ်းဆောင်ရည်ကို စံထားသောကြောင့် လုပ်ငန်းများကို အောင်အောင်မြင်မြင် ချဲ့ထွင်နိုင်ပြီး အကျိုးအမြတ်များစွာ ရရှိစေနိုင်သည်။ ဝန်ထမ်းများ၊ အလုပ်သမားများတွင်လည်း စွမ်းဆောင်ရည်မကောင်းလျှင် မည်သူ့မျက်နှာမျှမထောက်ဘဲ ရပ်ဆိုင်းခြင်း၊ထုတ်ပစ်ခြင်းများလုပ်ကိုင်သဖြင့် စွမ်းဆောင်ရည်ကောင်း ဝန်ထမ်းအလုပ်သမားများဖြင့် လုပ်ငန်းအောင်မြင်စေသည်။ ထို့ပြင် ပွင့်လင်းမြင်သာမှုရှိခြင်းသည်လည်း လုပ်ငန်းကို ကောင်းမွန်တိုးတက်စေသည်။

**အားနည်းချက်များ**

အရှေ့တိုင်း၏ အတွေးအခေါ်အယူအဆများတွင် မိသားစုဆန်သော လုပ်ငန်းရှင်၊ လုပ်သားဆက်ဆံရေးကြောင့် စွမ်းဆောင်ရည်ဖြင့် တိုင်းတာခြင်းမျိုးမဟုတ်ဘဲ လူမှုရေးရှုထောင့်များပါ ထည့်သွင်းကြည့်ရှုသဖြင့် ပြတ်သားသောဆုံးဖြတ်ချက်များ ချမှတ်ရန် ခက်ခဲတတ်သည်။ လူမှုဆက်ဆံရေး အခြေခံထားသည့်အခါတွင် ဝန်ထမ်းလုပ်သားများ၏ လစာများ၊ ရာထူးတိုးတက်မှုများတွင် ဘက်လိုက်ဆုံးဖြတ်ခြင်းမျိုး၊ ပွင့်လင်းမြင်သာမှု မရှိခြင်းမျိုးလည်း ဖြစ်ပေါ်တတ်သည်။ ပိုင်ရှင်နှင့် မိသားစုများက ဆုံးဖြတ်နိုင်သော တာဝန်များ၊ ရာထူးများကို ရယူထားသဖြင့် ဝန်ထမ်းကောင်းများခန့်အပ်ရာတွင် ခက်ခဲတတ်သည်။ ထို့ပြင် ပွင့်လင်းမြင်သာစွာ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်နိုင်မှုလည်း အားနည်းတတ်သည်။ ဆုံးဖြတ်ချက်ချရာတွင် ဗျူရိုကရေစီစနစ်မျိုးရှိနေသဖြင့် လုပ်ငန်းများချဲ့ထွင်ရာတွင် နှောင့်နှေးတတ်သည်။

ဝန်ထမ်းများနှင့် လုပ်သားများအပေါ်တွင် အကျိုးအမြတ်နှင့် စွမ်းဆောင်ရည်သာ အဓိကထားတတ်သဖြင့် ကိုယ်ချင်းစာခြင်း၊ လူသားချင်း ကူညီစောင့်ရှောက်ခြင်းများ အားနည်းတတ်သည်။ မေတ္တာတရားနှင့် ကိုယ်ချင်းစာစိတ်၊ မိသားစုစိတ်အားနည်းသဖြင့် ဝန်ထမ်းနှင့် လုပ်သားများဘက်မှလည်း လုပ်ငန်းအပေါ် သစ္စာစောင့်သိမှု အားနည်းသွားတတ်သည်။ ကိန်းဂဏန်းများကိုသာ အဓိကထားဦးစားပေးသဖြင့် စက်ရုပ်ဆန်သော ပုံစံမျိုးဖြစ်လာပြီး လူသားဗဟိုပြု အတွေးအခေါ်ပျောက်ကာ လုပ်ငန်းခွင်အတွင်း နွေးထွေးမှု၊ အပြန်အလှန်စောင့်ရှောက်မှုများ ပပျောက်စေသည်။


**အားနာတတ်ခြင်း၏ အားသာချက်၊ အားနည်းချက်များ**

မြန်မာလူမျိုးများတွင် အများဆုံးတွေ့ရသော အားနာတတ်ခြင်းသည် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် အနှောင့်အယှက်ဖြစ်သည်ဟုသောအယူအဆများ ရှိလာသဖြင့် အားသာချက်၊ အားနည်းချက်များကို လေ့လာဆန်းစစ်ကြည့်သင့်သည်။ အားနာခြင်းသည် မြန်မာနိုင်ငံတွင် ယဉ်ကျေးမှုဓလေ့တစ်ခုကဲ့သို့ ရှိသဖြင့် အချို့နိုင်ငံခြားသားများ၏ ထည့်သွင်းဝေဖန်မှုများကိုပင် တွေ့ရသည်။

အားနာတတ်ခြင်းကို မွေးရာပါ အလေ့အထတစ်ခုကဲ့သို့ပင် ကျင့်သုံးကြခြင်းမှာ အားသာချက်လည်း ရှိသောကြောင့်သာဖြစ်သည်ဟု သုံးသပ်နိုင်သည်။ အားသာချက်များကို လေ့လာမည်ဆိုပါက ရေရှည်ယုံကြည်မှုနှင့် သစ္စာကို တည်ဆောက်ကြခြင်းဖြစ်သည်။ အားနာလိုက်လျောခြင်းဖြင့် တည်ရှိပြီးသော ပေါင်းသင်းဆက်ဆံရေး၊ ချစ်ခင်မှုတို့ကို အရှည်တည်ဆောက်နိုင်သည်။ ဖောက်သည်များကို လုပ်ငန်းရှင်များဘက်က အားနာလိုက်လျောခြင်းသည်လည်းကောင်း၊ ဖောက်သည်များက လုပ်ငန်းရှင်သို့ အားနာလိုက်လျောခြင်းသည်လည်းကောင်း ဖောက်သည်ကောင်းများကို ရေရှည်ဆက်လက်ထိန်းသိမ်းထားနိုင်သည်။ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ပုံမှန်သောက်သုံးသူတစ်ဦးသည် အချိန်ကြာရှည်စွာ ထိုင်တတ်ပြီး ရေနွေးတစ်အိုးပြီးတစ်အိုး သောက်သုံးကြသည်ကို တွေ့ရလေ့ရှိသည်။ တစ်ခါတစ်ရံတွင် လက်ဖက်ရည်တစ်ခွက်နှင့်ပင် အချိန်များစွာ ထိုင်နေတတ်သည်။ လူအများဝင်ရောက်သဖြင့် ထိုင်စရာလိုအပ်ချိန်များတွင် ထိုသို့သောပုဂ္ဂိုလ်မျိုးကို ဆိုင်ရှင်က အားနာသဖြင့် ထိုင်စရာလိုအပ်သည့်တိုင်အောင် ဖယ်ခိုင်းခြင်း မပြုတတ်ပေ။ ထို့အတူ ဖောက်သည်ဘက်ကလည်း ထိုကဲ့သို့ လူကျချိန်တွင် မပြောဘဲနှင့် အားနာ၍ဖယ်ပေးခြင်း၊ ဆိုင်ရှင်၊ လုပ်သားတို့နှင့်အတူ ဝိုင်းဝန်းစားပွဲထိုးပေးခြင်းမျိုးလည်း တွေ့ရတတ်သည်။ ထိုသို့ အပြုအမူများသည် ရေရှည်ဖောက်သည်ထိန်းသိမ်းခြင်းမျိုးပင်ဖြစ်သည်။ အကြွေးပေးခြင်းများတွင်လည်း အားနာသဖြင့်၊ ငွေအဆုံးခံပြီး ခင်မင်မှုမပျက်စေရန် လုပ်ကိုင်တတ်သည်များလည်း တွေ့ရတတ်သည်။ ထိုသို့သောလုပ်ငန်းများအတွက် ဖောက်သည်ကောင်းဖြစ်လာပြီး ကြော်ငြာခမလိုသော နှုတ်ဖြင့် သတင်းကောင်းဖြန့်ပေးသူဖြစ်စေသည်။ ထို့ပြင် လုပ်ငန်းခွင်အတွင်း သူ့အလုပ်ကို ကိုယ်ကဝိုင်းကူခြင်း၊ ကိုယ့်အလုပ်ကို သူကဝိုင်းကူခြင်း၊ အလုပ်ခွင်တွင် သေးငယ်သောလွဲမှားမှုများကို အားနာစိတ်ဖြင့် ခွင့်လွှတ်ခြင်း၊ အပြစ်မတင်ခြင်း၊ အချိန်ပိုလုပ်ကိုင်ပေးခြင်း၊ အမှားများကိုမပြောခြင်း စသည့်အားသာချက်များရရှိသည်။

စာမျက်နှာ ၅ သို့ ā

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ကလေးဝ မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၅၄၈ ကေ၊ ဖူးစားပြောင်း ၃၁၆၅ ကေ စုစုပေါင်း ၃၇၁၃ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ဖူးစားပြောင်း စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အစေ့ထုတ်ပြောင်း တစ်ကေလျှင် ၆၆ ဒသမ ၉၂ တင်း၊ ဖူးစားပြောင်း တစ်ကေလျှင် ပြောင်းဖူးရေ ၂၀၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ ပြောင်း ၃၇၁၃ ကေ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံ သီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး အသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့ကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်ထံမှ သိရသည်။

(၂၀၆)

á စာမျက်နှာ ၄ မှအဆက်

တစ်ဖက်တွင် အားနည်းချက်များအနေဖြင့် အခွင့်အရေးများကို ပွင့်ပွင့်လင်းလင်း တောင်းခံခြင်း မပြုသဖြင့် အချို့သောအခွင့်အရေးများ ဆုံးရှုံးခြင်း၊ ဈေးဆစ်သည့်အခါ အားနာ၍လိုက်လျောသဖြင့် ရသင့်ရထိုက်သည့် အမြတ်မရခြင်း၊ အကြွေးများဆုံးရှုံးခြင်း၊ ဝန်ထမ်းနှင့် အလုပ်သမားများကိုလည်း လူမှုရေးအရ အားနာ၍ အလုပ်ထုတ်ပစ်သင့်လျက် မထုတ်သဖြင့် လုပ်အားပြုန်းတီးခြင်း၊ လုပ်ငန်းငယ်များအတွက် စရိတ်တက်ခြင်း၊ အမြတ်ပျောက်ခြင်း၊ အားနာသဖြင့် အကြွေးပေးသည့်ကိစ္စများကို မတောင်းသဖြင့် ငွေကြေးစီးဆင်းမှုအခက်အခဲရှိခြင်းတို့ ဖြစ်ပေါ်တတ်သည်။ ထို့ပြင် ပွင့်လင်းစွာဝေဖန် ပြောကြားမှုမရှိသဖြင့် ပြောရမည်များကို ဟန်ဆောင်ထိန်းသိမ်းထားခြင်းမျိုးဖြစ်သည်။ ဥပမာ- စာရင်းမကြာခဏ မှားယွင်းတတ်သည့်ဝန်ထမ်းကို အားနာပြီး ပြတ်ပြတ်သားသား အပြစ်မတင်သဖြင့် အမှားများ ဆက်လက်ဖြစ်ပေါ်ခြင်းမျိုးဖြစ်သည်။ ထို့ပြင် သိန်းပေါင်းများစွာသော အရောင်းအဝယ်များ၊ အထူးသဖြင့် ကုန်ရောင်းသည့်ကိစ္စများတွင် ယုံကြည်မှုသက်သက်ဖြင့်ရောင်းချပြီး စာချုပ်စာတမ်းဖြင့် မရောင်းခဲ့သဖြင့် ငွေကြေးဆုံးရှုံးမှုများ အများအပြားဖြစ်ပေါ်တတ်ခြင်း၊ အချိန်မီ ကုန်မအပ်သည့်ကိစ္စမျိုးတွင် အားနာ၍ စည်းကမ်းနှင့်အညီ မဆုံးဖြတ်သဖြင့် ငွေကြေးတန်ဖိုးဆုံးရှုံးခြင်း၊ တစ်ဖက်သို့ ဂတိပျက်ခြင်းများကြုံရတတ်သည်။ ထို့ပြင် အသစ်အဆန်းတီထွင်မှုအတွက်လည်း အဟောင်းဖယ်ရန် ခက်ခဲနေတတ်သဖြင့် အသစ်အဆန်းတီထွင်မှုအားနည်းပြီး ရှေးရိုးစွဲအတိုင်း ဖြစ်နေတတ်သည်။

**ပူးပေါင်းခြင်းဖြင့် လုပ်ငန်းအောင်မြင်ရေး**

အားနာတတ်ခြင်း၊ ဈေးတောင်းရမည်ကိုအားနာခြင်း၊ ပွင့်လင်းမြင်သာမှုအားနည်းခြင်း စသည့်စာချုပ်စာတမ်းဖြင့် ရောင်းဝယ်မှုအားနည်းခြင်းများကိုလျှော့ချပြီး အနောက်တိုင်း၏ တိကျပြတ်သားမှု၊ စွမ်းဆောင်ရည်အဓိကထားမှုများကို အရှေ့တိုင်း၏ လူသားဗဟိုပြုအတွေးအခေါ်နှင့်ဆက်စပ်လုပ်ကိုင်ခြင်းဖြင့် အောင်မြင်သောလုပ်ငန်းများ ဖြစ်စေနိုင်သည်။ လူသားအရင်းအမြစ်ဖြစ်သော ဝန်ထမ်းနှင့် လုပ်သားများကိုလည်း ညှာတာထောက်ထားမှုများ စနစ်တကျပြုလုပ်ပေးပြီး အရေးယူရသည့် အပိုင်းတွင်လည်း တိတိကျကျ ဆောင်ရွက်ခြင်း စသည်များကို ပေါင်းစပ်လုပ်ကိုင်ခြင်းဖြင့် ပိုမိုအောင်မြင်နိုင်ကြောင်း ရေးသားလိုက်ရပါသည်။

## နှစ်သစ်အဝင် တို့ပြည်တစ်ခွင်

- နှင်းမြူပွင့်ဖူး နှစ်သစ်ကူး
  ကြည်နူးရွှင်ဖြာ ပြည်မြန်မာ
  သာယာအေးမြ မြင်ကွင်းလှ
  ကိန်းခအောင်ခြင်း မြတ်အလင်း
  ခင်းတယ်လေ့ ခင်းတယ်လေ့။

- ဖွံ့ဖြိုးဝေစည် မြန်မာပြည်
  ပြည့်မီဂုဏ်ပုဒ် ရွှေကနုတ်
  သရုပ်ပီပြင် ပြည်တစ်ခွင်
  နှယဉ်သိမ်မွေ့ အေးချမ်းမြွေ
  တွေ့တယ်လေ့ တွေ့တယ်လေ့။

- တို့တိုင်းရင်းသား ညီနောင်များ
  စိတ်ထားစင်ဖြူ လက်တွဲကူ
  အေးတူပူမျှ စည်းလုံးကြ
  ဖေးမဝိုင်းဝန်း မေတ္တာကွန်း
  ထွန်းတယ်လေ့ ထွန်းတယ်လေ့။

- ရှုတင့်မောဖွယ် စိတ်အားကြွယ်
  ပြည်နယ်အနှံ့ အဆင်းသန့်
  ခင်းဖြန့်နိုင်ပေ စိုက်ခင်းတွေ
  ရွှန်းဝေဖူးပွင့် အောင်ရေးဆင့်
  ဝင့်တယ်လေ့ ဝင့်တယ်လေ့။

- တို့ပြည်တန်ဖိုး တို့လူမျိုး
  မြတ်နိုးကိုယ်စီ ရှိကြသည်
  သွေဖည်မပြု ထိန်းသိမ်းမှု
  ရေးရှုအတွေး ကာကွယ်ရေး
  ပေးတယ်လေ့ ပေးတယ်လေ့။ ။

ချမ်းမြေ့(ဇလွန်မြေ)


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# အီရန်က ဟော်မုဇ်ရေလက်ကြားမှ သင်္ဘောများ ဖြတ်သန်းခွင့်ကို တစ်ဖန်ပြန်လည်ကန့်သတ်

**တီဟီရန် ဧပြီ ၁၈**

အီရန်က ယနေ့တွင် ဟော်မုဇ် ရေလက်ကြားမှ သင်္ဘောများ ဖြတ်သန်းခွင့်ကို တစ်ဖန် ပြန်လည် ကန့်သတ်လိုက်ပြီး အမေရိကန်၏ ပိတ်ဆို့မှုလုပ်ရပ်သည် ပင်လယ်ဓားပြဆန်ကြောင်း ပြောကြားထားသည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

အစ္စရေးနှင့် လက်ဘနွန်အစိုးရတို့ကြား ၁၀ ရက်ကြာ အပစ်အခတ်ရပ်စဲရေးကာလအတွင်း ကုန်သွယ်ရေးသင်္ဘောများကို ဟော်မုဇ်ရေလက်ကြားမှ လွတ်လပ်စွာ ဖြတ်သန်းခွင့်ပြုမည်ဟု အီရန်ဘက်က ဧပြီ ၁၇ ရက်တွင် ကနဦး ထုတ်ပြန်ပြီးနောက် ရေနံဈေးနှုန်း ကျဆင်းလာသည်ကို တွေ့ရသည်။

သို့သော် အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်က အီရန်နှင့် ငြိမ်းချမ်းရေး သဘောတူညီချက် မရမချင်း အီရန်ဆိပ်ကမ်းများကို ဆက်လက် ပိတ်ဆို့ထားမည်ဖြစ်ကြောင်း ပြောကြားပြီးနောက် အီရန်ဘက်က ဟော်မုဇ်ရေလက်ကြားကို ပြန်လည်ပိတ်လိုက်ခြင်း ဖြစ်သည်။

တစ်ချိန်တည်းမှာပင် အမေရိကန်သည် အီရန်၏ သန့်စင်ပြီး ယူရေနီယံများကို လွှဲပြောင်းပေးရန်အပါအဝင် တောင်းဆိုချက်များစွာ တောင်းဆိုထားသည်။

ထို့နောက် အီရန်ဘက်ကအရာအားလုံးကို သဘောတူကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားထားသော်လည်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူကမူ အဆိုပါ ယူရေနီယံများသည် အီရန်၏ မြေပြင်ကဲ့သို့ပင် မြင့်မြတ်သဖြင့် လက်လွှတ်မည်မဟုတ်ကြောင်း အတည်ပြုပြောကြားထားသည်။

အလားတူပင် အမေရိကန်နှင့် အီရန်တို့ကြား နောက်တစ်ကြိမ် ဆွေးနွေးပွဲလုပ်ဆောင်ရန် ရက်သတ်မှတ်ထားခြင်း မရှိသေးဟု အီရန် နိုင်ငံခြားရေးဝန်ကြီးက ပြောကြားထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# အင်ဒိုနီးရှားနိုင်ငံ ဘော်နီယိုကျွန်း၌ ရဟတ်ယာဉ်ပျက်ကျ၊ လူရှစ်ဦး သေဆုံး

**ဂျကာတာ ဧပြီ ၁၈**

အင်ဒိုနီးရှားနိုင်ငံ ဘော်နီယိုကျွန်း၌ ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လိုက်ပါသွားသူ ရှစ်ဦးလုံး သေဆုံးခဲ့ကြောင်း အင်ဒိုနီးရှားမီဒီယာများက ယနေ့တွင် သတင်း ထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ ရဟတ်ယာဉ်သည် ဧပြီ ၁၇ ရက်တွင် ဘော်နီယိုကျွန်း ဆီအုန်းစိုက်ခင်းများကြား ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှား တာဝန်ရှိသူများက ပြောကြားထားသည်။

အဲဘတ်စ်အိတ်ချ် -၁၃၀ ရဟတ်ယာဉ်သည် ပီတီမက်သရူး အဲနူစန်တာရာ လေကြောင်းလိုင်း ကုမ္ပဏီက ပိုင်ဆိုင်သည့် ရဟတ်ယာဉ်ဖြစ်သည်။

ယင်းရဟတ်ယာဉ်သည် ဘော်နီယိုကျွန်း မီလောခရိုင်မှ ပြန်တက်ခဲ့ပြီး ငါးမိနစ်ခန့်အကြာတွင် မြေပြင်လေကြောင်းထိန်းချုပ်ရေး မျှော်စင်နှင့် အဆက်အသွယ်ပြတ်တောက်ပြီးနောက်ပိုင်းတွင် ရှာဖွေကယ်ဆယ်ရေးသမားများက ရဟတ်ယာဉ်အပျက်အစီးများနှင့် လိုက်ပါသွားသူများ၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ကြသည်။

အဆိုပါ ရဟတ်ယာဉ်ပေါ်၌ ရဟတ်ယာဉ်မှူးနှစ်ဦးနှင့် ခရီးသည် ခြောက်ဦးလိုက်ပါသွားရာ တစ်ဦးတစ်ယောက်မျှအသက်မရှင်ခဲ့ကြဟု ရှာဖွေကယ်ဆယ်ရေးသမားများက အတည်ပြုခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**





# ခရီးသည်တင်ဇိမ်ခံသင်္ဘောတစ်စီး ဟော်မုဇ်ရေလက်ကြားကို ပထမဆုံးအကြိမ် ဖြတ်သန်း



**ဒူဘိုင်း ဧပြီ ၁၈**

အီရန်စစ်ရေးပဋိပက္ခ စတင်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ပထမဆုံး အကြိမ်အဖြစ် ဟော်မုဇ်ရေလက်ကြားကို ခရီးသည်တင်ဇိမ်ခံသင်္ဘောတစ်စီး ဖြတ်သန်းနိုင်ခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသား တင်ပြထားသည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါခရီးသည်တင် ဇိမ်ခံ သင်္ဘောသည် မော်လ်တာနိုင်ငံ မှတ်ပုံတင် ဆယ်လက်စတီရယ် ဒစ္စကာဗာရီ ခရီးသည်တင်ဇိမ်ခံ သင်္ဘောဖြစ်သည်။

ရေကြောင်းခရီးစဉ် စောင့်ကြည့်ရေး သတင်းဝက်ဘ်ဆိုက်များ၏ အဆိုအရ ဆယ်လက်စတီရယ် ဒစ္စကာဗာရီ သင်္ဘောသည် ယူအေအီးနိုင်ငံ ဒူဘိုင်းဆိပ်ကမ်းမှ ဧပြီ ၁၇ ရက်တွင် အိုမန်နိုင်ငံသို့စတင် ထွက်ခွာခဲ့ကြောင်း သိရသည်။

ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းစဉ် ဆယ်လက်စတီရယ် ဒစ္စကာဗာရီ သင်္ဘောသည် ခရီးသည်များ တင်ဆောင်ထားခြင်းမရှိကြောင်း သိရသည်။

ဆယ်လက်စတီရယ် ဒစ္စကာဗာရီသင်္ဘောသည် ဒူဘိုင်းဆိပ်ကမ်း၌ ၄၇ ရက်ကြာ ပိတ်မိနေပြီးနောက် အိုမန်နိုင်ငံသို့ သွားရောက်ရန် ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းနိုင်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့က ဖေဖော်ဝါရီ ၂၈ ရက်တွင် စစ်ရေးအရ စတင်တိုက်ခိုက်ခဲ့ပြီးနောက် အီရန်နိုင်ငံကလည်း မဟာဗျူဟာမြောက် ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများကို ပိတ်ဆို့ထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ရုရှားကိုလိုလားသည့် နိုင်ငံရေးညွှန့်ပေါင်းအုပ်စု ဘူလ်ဂေးရီးယား ရွေးကောက်ပွဲ၌ အနိုင်ရနိုင်

**ဆိုဖီယာ ဧပြီ ၁၈**

ဘူလ်ဂေးရီးယားနိုင်ငံ၌ ဧပြီ ၁၉ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲ၌ သမ္မတဟောင်း ရူမင်ရာဒက်ဗ် ဦးဆောင်သော နိုင်ငံရေးညွှန့်ပေါင်းအုပ်စုက အနိုင်ရနိုင်ဖွယ်ရှိကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လက်ဝဲဝါဒီ သမ္မတဟောင်း ရူမင်ရာဒက်ဗ်သည် ရုရှားနိုင်ငံကို လိုလားထောက်ခံသူဖြစ်ပြီး ဥရောပသမဂ္ဂအပေါ် သံသယဝါဒရှိသည့် ဘူလ်ဂေးရီးယားနိုင်ငံရေး ခေါင်းဆောင်ဖြစ်သည်။



လူထုသဘောထား စစ်တမ်းကောက်ချက်ရလဒ်များအရ ဧပြီ ၂၀ ရက် ရွေးကောက်ပွဲတွင် ရူမင်ရာဒက်ဗ်၏ ညွှန့်ပေါင်းအုပ်စုက ထောက်ခံမဲအများဆုံးရရှိနိုင်ကြောင်း သိရသည်။

ရူမင်ရာဒက်ဗ်သည် ဧပြီ ၁၉ ရက်ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရေးအတွက် ဘူလ်ဂေးရီးယား သမ္မတရာထူးမှ ယခုနှစ် ဇန်နဝါရီလတွင် နုတ်ထွက်ခဲ့ပြီးဖြစ်သည်။

အသက် ၆၂ နှစ်ရှိ တိုက်လေယာဉ်မှူးဟောင်းနှင့် လေတပ်ဦးစီးချုပ်ဟောင်း ရူမင်ရာဒက်ဗ်သည် လက်ရှိပြည်တွင်း၌ ထောက်ခံမှုအများဆုံးရရှိထားသော နိုင်ငံရေးသမားအဖြစ် ရပ်တည်လျက်ရှိသည်။

လူဦးရေ ၆ ဒသမ ၅ သန်းရှိသည့် ဘူလ်ဂေးရီးယားနိုင်ငံသည် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။

သို့ရာတွင် ဘူလ်ဂေးရီးယားနိုင်ငံသည် ၂၀၂၁ ခုနှစ်မှစ၍ နိုင်ငံရေးတည်ငြိမ်မှု ပျက်ပြားခဲ့သည့် နိုင်ငံဖြစ်ပြီး ၂၀၂၁ ခုနှစ်မှစ၍ ယနေ့ထိ မည်သည့်အစိုးရကမျှ သက်တမ်း တစ်နှစ်ကျော်ထိ ရပ်တည်နိုင်မှု မရှိခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# မလေးရှားနိုင်ငံ၏ ယခုနှစ် ပထမသုံးလ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း အားကောင်းလာ

**ကွာလာလမ်ပူ ဧပြီ ၁၈**

မလေးရှားနိုင်ငံ၏ ယခုနှစ် ပထမသုံးလပတ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် ပြီးခဲ့သည့်နှစ် အလားတူကာလကထက် အားကောင်းခဲ့ပြီး ၅ ဒသမ ၃ ရာခိုင်နှုန်းထိ ရှိခဲ့ကြောင်း ဧပြီ ၁၇ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ ဆောက်လုပ်ရေးလုပ်ငန်းများ အားကောင်းလာမှုတို့ကြောင့် မလေးရှားနိုင်ငံ၏ ယခုနှစ် ဇန်နဝါရီနှင့် မတ်လကြား သုံးလတာကာလအတွင်း မလေးရှားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း အားကောင်းခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ယခုနှစ် ပထမသုံးလတာကာလအတွင်း မလေးရှားနိုင်ငံ၏ သတ္တုတူးဖော်ရေးလုပ်ငန်းမှာ ပြီးခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း မလေးရှားအစိုးရ၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

မလေးရှားနိုင်ငံ၏ ယခုနှစ် ပထမဆုံး သုံးလပတ် စီးပွားရေး ဖွံ့ဖြိုးနှုန်းမှာ မလေးရှားစီးပွားရေး ပြန်လည် နာလန်ထူလာမှု အခြေအနေကို ထင်ဟပ်နေကြောင်း မလေးရှားအစိုးရတာဝန်ရှိသူများက ပြောကြားထားသည်။

မလေးရှားနိုင်ငံ၏ ၂၀၂၅ ခုနှစ် နောက်ဆုံး သုံးလပတ် စီးပွားရေး ဖွံ့ဖြိုးနှုန်းမှာ ၆ ဒသမ ၃ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## စပေ့အိတ်ကုမ္ပဏီက Starship V3 ပုံစံသစ် အာကာသဒုံးပျံယာဉ်၏ ဒုံးအင်ဂျင်စနစ်များကို စက်နှိုးစမ်းသပ်မှုများပြုလုပ်ခဲ့



**ဝါရှင်တန် ဧပြီ ၁၈**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် Starship V3 ပုံစံသစ်အာကာသဒုံးပျံယာဉ်၏ ဒုံးအင်ဂျင်စနစ်များကို စက်နှိုးစမ်းသပ်မှုများ ပြုလုပ်ခဲ့ကြောင်း ဧပြီ ၁၇ ရက် သတင်းများအရ သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် Star-ship-V3 ပုံစံသစ် အာကာသဒုံးပျံယာဉ်၏ ထိပ်ဖူးအဆင့် ဒုံးအင်ဂျင်များကို စက်နှိုးစမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ Starship V3 အာကာသဒုံးပျံယာဉ်သည် ယခင် Starship အာကာသဒုံးပျံယာဉ်ကို အဆင့်မြှင့်တင်ထားသည့် ဒုံးပျံယာဉ်သစ်ဖြစ်ကြောင်း သိရသည်။

Starship V3 အာကာသဒုံးပျံယာဉ်ကို မေလအစောပိုင်းသို့မဟုတ် မေလအကုန်ပိုင်းတွင် လွှတ်တင်ရန် စပေ့အိတ်ကုမ္ပဏီက စီစဉ်ထားကြောင်း၊ Starship မစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီအတွက် ၁၂ ခုမြောက် Starship မစ်ရှင် ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

စပေ့အိတ် ကုမ္ပဏီသည် လက်ရှိအချိန်တွင် Starship ဒုံးပျံယာဉ်များကို ၁၁ ကြိမ်ထိ စမ်းသပ်လွှတ်တင်ခဲ့ရာ နှစ်ကြိမ်သာ အပြည့်အဝ အောင်မြင်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## 31/Atlas ကြယ်တံခွန် နေအဖွဲ့အစည်းအတွင်းမှ ပျံသန်းထွက်ခွာနေစဉ် ရေငွေ့များကို အာကာသဟင်းလင်းပြင်အတွင်းသို့ မှုတ်ထုတ်နေ

**ဝါရှင်တန် ဧပြီ ၁၈**

31/Atlas ကြယ်တံခွန်သည် နေအဖွဲ့အစည်းအတွင်းမှ ပျံသန်းထွက်ခွာနေစဉ် ရေငွေ့များကို အာကာသ ဟင်းလင်းပြင်အတွင်းသို့ မှုတ်ထုတ်နေကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) သိပ္ပံပညာရှင်များ၏ အဆိုကိုကိုးကား၍ ဧပြီ ၁၇ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

31/Atlas ကြယ်တံခွန် မှုတ်ထုတ်နေသော ရေငွေ့ပမာဏမှာ အိုလံပစ်ရေကူးကန် ၇၀ တို့၏ ရေပမာဏနှင့်ညီမျှကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

31/Atlas ကြယ်တံခွန်ကရေခိုးရေငွေ့များ မှုတ်ထုတ်နေမှုကို နာဆာ၏ JUICE ကြာသပတေးဂြိုဟ်လေ့လာရေး အာကာသယာဉ်က ထောက်လှမ်းတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။





ကြာသပတေးဂြိုဟ်စနစ်ဆီသို့ ဦးတည်ပျံသန်းနေဆဲဖြစ်သည့် JUICE အာကာသယာဉ်သည် ၂၀၂၅ ခုနှစ် နိုဝင်ဘာလမှစ၍ 31/Atlas ကြယ်တံခွန်ကို စူးစမ်းလေ့လာနိုင်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ စူးစမ်းလေ့လာခဲ့ပြီးနောက် JUICE အာကာသယာဉ်၏ ရေဒါစနစ်များသည် 31/Atlas ကြယ်တံခွန်က မှုတ်ထုတ်နေသော ရေငွေ့နှင့် ကာဗွန်ဒိုင်အောက်ဆိုက် မော်လီကျူးများ၏ အနီအောက်ရောင်ခြည်များကို ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း သိရသည်။

31/Atlas ကြယ်တံခွန်သည် နေအဖွဲ့အစည်းအတွင်းသို့ ဝင်ရောက်လာသော တတိယမြောက် ကြယ်တာရာ ဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထုသည် ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီက စတားလင့်ခ်ဂြိုဟ်တုအုပ်စုနှစ်စုကို တစ်ရက်တည်းလွှတ်တင်ခဲ့

**ဝါရှင်တန် ဧပြီ ၁၈**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တုအုပ်စု နှစ်စုကို တစ်ရက်တည်းဖြင့် လွှတ်တင်ခဲ့ကြောင်း ဧပြီ ၁၇ ရက် သတင်းများအရ သိရသည်။

စပေ့အိတ်ကုမ္ပဏီသည်စတားလင့်ခ်ဂြိုဟ်တု ၂၉ စင်းသယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်လ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့သည်။

အဆိုပါမစ်ရှင် လွှတ်တင်ခဲ့ပြီး ၁၉ နာရီခန့်အကြာတွင် စတားလင့်ခ်ဂြိုဟ်တု ၂၅ စင်းသယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ်ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့သည်။

အဆိုပါ မစ်ရှင်နှစ်ခုလုံးတွင် ဖယ်လ်ကွန်-၉ ဒုံးပျံများသည် သယ်ဆောင်ထားသော စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဖယ်လ်ကွန်-၉ ဒုံးပျံနှစ်စင်း၏ ပထမအဆင့် ပင်မဒုံးယာဉ်များမှာလည်း ပစိဖိတ်သမုဒ္ဒရာနှင့် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်များပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမစ်ရှင်နှစ်ခုအောင်မြင်မှုကြောင့် စပေ့အိတ်ကုမ္ပဏီ၏ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုကွန်ရက်တွင် ဂြိုဟ်တုစင်းရေ ၁၀၂၀၀ ကျော်ထိ ရှိလာပြီဖြစ်သည်ဟု အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီက သတင်း ထုတ်ပြန်ထားသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ပန်ကရိယကင်ဆာလူနာများ အသက်ရှင်နိုင်ခွင့်ကို ဆေးဝါးသစ်တစ်မျိုးဖြင့် မြှင့်တင်ပေးနိုင်ဖွယ်ရှိ

**နယူးယောက် ဧပြီ ၁၈**

ပန်ကရိယကင်ဆာရောဂါအတွက် ထုတ်လုပ်ထားသော စမ်းသပ်ဆဲ ဆေးဝါးသစ်တစ်မျိုးသည် ပန်ကရိယကင်ဆာရောဂါ လူနာများ၏ အသက်ရှင်သန်နိုင်ခွင့်ကို မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း ဧပြီ ၁၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ပန်ကရိယကင်ဆာ ရောဂါလူနာများကြား အသက်ရှင်သန်နိုင်ခွင့်နှုန်းမှာ ကင်ဆာရောဂါအားလုံးထဲတွင် အနိမ့်ဆုံးအဆင့်၌ရှိနေပြီး လူနာ ၁၀ ရာခိုင်နှုန်း ခန့်သည်သာ ရောဂါရှာဖွေတွေ့ရှိရပြီး တစ်နှစ်ကျော်ထိသာ အသက်ဆက်လက်ရှင်သန်ခွင့် ရတတ်ကြကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ် နော့သ်ဝက်သမ်းတက္ကသိုလ်မှ သုတေသနပညာရှင်များ ဖန်တီးထားသော Elraglusib အမည်ရှိ ဆေးတစ်မျိုးသည် ပန်ကရိယကင်ဆာလူနာများ အသက်ရှင်သန်နိုင်မှုနှုန်းကို နှစ်ဆ မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

လက်တွေ့ စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့် ရလဒ်များအရ Elraglusib ဆေးသည် ပုံမှန် ကင်ဆာကုထုံးများနှင့် တွဲဖက်ကုသပါက ပန်ကရိယကင်ဆာလူနာများ၏ အသက်ရှင်နိုင်ခွင့် အလားအလာကို မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

ပုံမှန် ဓာတုကုထုံးတစ်မျိုးတည်းဖြင့် ကုသမှုခံယူနေသော ပန်ကရိယကင်ဆာ လူနာများ၏ ပျမ်းမျှအသက်ရှင်ခွင့်နှုန်းမှာ ၇ ဒသမ ၂ လ သာရှိသော်လည်း Elraglusib ဆေးဖြင့် ကုသမှုခံယူသည့် လူနာများ၏ ပျမ်းမျှအသက်ရှင်ခွင့်နှုန်းမှာ ၁၀ ဒသမ ၁ လ ထိ ရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## အသက် ၃၀ မပြည့်မီ ကိုယ်အလေးချိန်လွန်ကဲသူများ ငယ်ငယ်ရွယ်ရွယ်ဖြင့် အသက်ဆုံးနိုင်ခြေ မြင့်မားတတ်

**စတော့ဟုမ်း ဧပြီ ၁၈**

အသက် ၃၀ မပြည့်မီ ကိုယ်အလေးချိန် ပုံမှန်ထက်လွန်ကဲသူများ၌ ငယ်ငယ်ရွယ်ရွယ်ဖြင့် အသက်ဆုံးနိုင်ခြေ မြင့်မားလာတတ်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဧပြီ ၁၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဆွီဒင်နိုင်ငံ လန့်တက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အသက် ၃၀ မပြည့်မီ ကိုယ်အလေးချိန် ပုံမှန်ထက် လွန်ကဲသူများမှာ ပုံမှန်ကိုယ်အလေးချိန် ရှိသူများထက် ငယ်ငယ်ရွယ်ရွယ်ဖြင့် အသက်ဆုံးပါးနိုင်ခြေ ၇၀ ရာခိုင်နှုန်းထိ မြင့်မားကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အသက် ၁၇ နှစ်နှင့် အသက် ၂၉ နှစ်ကြား အဝလွန်မှုသည် နှလုံးရောဂါအပါအဝင် ရောဂါများကြောင့် ငယ်ငယ်ရွယ်ရွယ်ဖြင့် အသက်ဆုံးပါးနိုင်ခြေ မြင့်တက်လာမှုနှင့် ဆက်စပ်နေကြောင်း ဆွီဒင် သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ကိုယ်အလေးချိန် မြင့်တက်လာသည့် အသက်အရွယ်အပိုင်းအခြားသည် နောက်ပိုင်းကာလ ကျန်းမာရေးပြဿနာများ ပေါ်လာမှု၏ အဓိကအခန်းကဏ္ဍမှ ပါဝင်နေနိုင်သည်ဟု ဆွီဒင်နိုင်ငံ လန့်တက္ကသိုလ်မှ သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# အလိုင်စီယာက IBF၊ WBO စူပါဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်များကို ကာကွယ်နိုင်ခဲ့

**နယူးယောက် ဧပြီ ၁၈**

IBF၊ WBO စူပါဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အမေရိကန်လက်ဝှေ့မယ် အလိုင်စီယာနှင့် စိန်ခေါ်သူ တောင်ကိုရီးယားလက်ဝှေ့မယ် ဘိုမီရီရှင်တို့ ယနေ့တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ထိုးသတ်ခဲ့ရာ အလိုင်စီယာက ဒိုင်အမှတ်ဖြင့် အနိုင်ရပြီး ကမ္ဘာ့ချန်ပီယံခါးပတ်များကို ကာကွယ်နိုင်ခဲ့ကြောင်း Boxing Scene သတင်းဌာနက ဖော်ပြခဲ့သည်။

အမှတ်ပေးဒိုင်သုံးဦးက (၉၈-၉၂၊ ၉၈-၉၂၊ ၉၉-၉၁) ရလဒ်ဖြင့် အလိုင်စီယာကို အနိုင်ပေးခဲ့ပြီး အလိုင်စီယာအနေဖြင့် မျှော်လင့်ထားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းမဟုတ်သော်လည်း ရမှတ်မှာ ပြတ်သားခဲ့သည်။

အလိုင်စီယာအနေဖြင့် လက်ရှိချန်ပီယံခါးပတ်များကို ကာကွယ်နိုင်ခဲ့ပြီးနောက် အမျိုးသမီးလက်ဝှေ့လောက၏ အကောင်းဆုံးလက်ဝှေ့မယ်အဖြစ် သတ်မှတ်ခံထားရသည့် အိုင်ယာလန် လက်ဝှေ့မယ် ကေတီတေလာနှင့် ပွာတိုရီကိုလက်ဝှေ့မယ် ဆာရန်နီတို့ကို စိန်ခေါ်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အလိုင်စီယာက “ကေတီတေလာနဲ့ ဆာရန်နီတို့နဲ့ ယှဉ်ပြိုင်ထိုးသတ်ချင်ပါတယ်။ ဘယ်လိုသဘောရကြလဲ။ သူတို့အနေနဲ့ ကျွန်မရဲ့ စိန်ခေါ်မှုကို လက်ခံလိမ့်မယ်လို့မျှော်လင့်ပါတယ်။ ကျွန်မဘက်ကတော့ အဆင်သင့်ပါပဲ” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Boxing Scene
Trs : AZL



# Barcelona Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ အာသာဖီးလ်တက်ရောက်

**ဘာစီလိုနာ ဧပြီ ၁၈**

စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင် ကျင်းပနေသည့် Barcelona Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တစ်ပွဲအဖြစ် အီတလီတင်းနစ်ကစားသမား မူဆက်တီနှင့် ပြင်သစ် တင်းနစ်ကစားသမား အာသာဖီးလ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အာသာဖီးလ်က (၆-၃၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပြင်သစ်လူငယ် တင်းနစ်ကစားသမား အာသာဖီးလ်အနေဖြင့် ၂၀၂၆ ခုနှစ်အတွင်း ရလဒ်ကောင်းများ စွမ်းဆောင်ထားနိုင်သည့် ကစားသမားတစ်ဦးဖြစ်ပြီး မူဆက်တီကို နှစ်ပွဲပြတ်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

အာသာဖီးလ်က “ကွာတားဖိုင်နယ်အဆင့်မှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်အပေါ်မှာ အားရကျေနပ်မှု အပြည့်အဝရှိပါတယ်။ ကျွန်တော့်လို လူငယ်တစ်ယောက်အနေနဲ့ မူဆက်တီလို ဝါရင့်ကစားသမားကြီးကို အနိုင်ကစားနိုင်လို့ ဝမ်းသာဂုဏ်ယူပါတယ်။ နောက်တစ်ချက်က မူဆက်တီနဲ့တွေ့ဆုံတိုင်း ခက်ခဲခဲ့ပါတယ်။ မူဆက်တီဟာ ပွဲအတွင်းမှာ ပွဲအရှိန်ကို လိုအပ်သလို ပြောင်းလဲပစ်နိုင်တဲ့သူပါ” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sky Sports
Trs : AZL

# ၈၆ ကြိမ်မြောက် စင်ကာပူအိုးပင်းပြေးခုန်ပစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် တစ်ခုဆွတ်ခူး



**ရန်ကုန် ဧပြီ ၁၈**

စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၈၆ ကြိမ်မြောက် စင်ကာပူအိုးပင်းပြေးခုန်ပစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံက ဧပြီ ၁၇ ရက်၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် တစ်ခု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

၈၆ ကြိမ်မြောက် စင်ကာပူအိုးပင်း ပြေးခုန်ပစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဇင်မေထက်က မီတာ ၁၀၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၅၄ မိနစ် ၃၂ ဒသမ ၆၄ စက္ကန့်ဖြင့် ရွှေတံဆိပ်ဆုကို ဆွတ်ခူးခဲ့ပြီး စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ ၈၆ ကြိမ်မြောက် စင်ကာပူအိုးပင်းပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသားမီတာ ၁၅၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် ရဲရင့်အောင်က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၃၈ မိနစ် ၈စက္ကန့်ဖြင့် ငွေတံဆိပ်ဆုကိုလည်းကောင်း၊ အမျိုးသားမီတာ ၁၀၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ နိုင်လင်းထွန်းက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၄၉ မိနစ် ၃၉ ဒသမ ၁၆ စက္ကန့်ဖြင့် ငွေတံဆိပ်ဆုတို့ကို အသီးသီးဆွတ်ခူးခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသား Javelin Throw 800G ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ချစ်မင်းအောင်က ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ၆၃ ဒသမ ၂၂မီတာဖြင့်ကြေးတံဆိပ်ကိုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

STA

# RBC Heritage ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် ဖစ်ဇ်ပက်ထရစ်က အမှတ်ပေးဇယားကို ဦးဆောင်

**ချာလက်စတန် ဧပြီ ၁၈**

အမေရိကန်နိုင်ငံ တောင်ကာရိုလိုင်းနားပြည်နယ်တွင် ကျင်းပနေသည့် RBC Heritage ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ အပြီးတွင် အင်္ဂလန်ဂေါက်သီး ရိုက်ကစားသမား ဖစ်ဇ်ပက်ထရစ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နော်ဝေဂေါက်သီးရိုက် ကစားသမား ဟိုဗ်လန်းက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၃ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမား အင်္ဂလိချ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နေသည်။

ဖစ်ဇ်ပက်ထရစ်နှင့် ဟိုဗ်လန်းတို့ကြား အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရပြီး ရိုက်ချက်ကွာဟချက် တစ်ချက်သာရှိခဲ့သည်။

ဖစ်ဇ်ပက်ထရစ်က “ပထမနေ့ ရလဒ်မကောင်းခဲ့ပေမဲ့ ဒုတိယနေ့မှာ ကျွန်တော်ကံကောင်းခဲ့ပါတယ်။ ရလဒ်အကောင်းဆုံးပြိုင်ပွဲဝင်ဖြစ်ခဲ့ပြီးတော့ အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရခဲ့ပါတယ်။ဘယ်လောက်ပဲ ကြိုးကြိုးစားစားပြိုင်ပွဲဝင်တဲ့အချိန် တစ်ခါတစ်လေ ကံကောင်းမှုတွေလဲ မဖြစ်မနေလိုအပ်ပါတယ်။ ရလာတဲ့ အခွင့်အရေးတွေကိုလဲ အပြည့်အဝ အသုံးချနိုင်ဖို့ လိုအပ်ပါတယ်။ နောက်နေ့တွေမှာလဲ ပွဲအပေါ် သေချာ အာရုံစိုက်သွားပါမယ်” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN
Trs : AZL

# ၂၀၂၆ အာရှယူ-၁၇ အမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်ရန် မြန်မာယူ-၁၇ အမျိုးသမီးဘောလုံးအသင်း တရုတ်နိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဧပြီ ၁၈**

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၆ အာရှယူ-၁၇ အမျိုးသမီးဘောလုံးပြိုင်ပွဲ (2026 AFC U-17 Women's Asian Cup) တွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာယူ-၁၇ အမျိုးသမီးဘောလုံးအသင်းသည် ပြိုင်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ရန်အတွက် ယနေ့တွင် တရုတ်နိုင်ငံသို့ထွက်ခွာခဲ့ကြောင်း သိရသည်။




မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် အသင်းအဆင်ပြေမှုရှိစေရန်၊ ပြိုင်ပွဲကျင်းပရာ တရုတ်နိုင်ငံ၏ ရာသီဥတု၊ ကွင်းအနေအထားတို့ကို အသားကျစေရန် ပြိုင်ပွဲမစတင်မီ ၁၀ ရက်ကျော် ကြိုတင်သွားရောက် လေ့ကျင့်နိုင်ရေးအတွက် စီစဉ်ပေးခဲ့ခြင်းဖြစ်ပြီး ဂျပန်လူမျိုးနည်းပြချုပ် Ms. Kumiko Tashiro ဦးဆောင်သည့် မြန်မာယူ-၁၇ အမျိုးသမီးဘောလုံးအသင်းတွင် အပြီးသတ်ရွေးချယ်ထားသည့် ကစားသမား ၂၃ ဦး လိုက်ပါသွားခဲ့သည်။

ထို့ပြင် မြန်မာယူ-၁၇ အမျိုးသမီးဘောလုံးအသင်းသည် တရုတ်နိုင်ငံအတွင်း ရောက်ရှိနေစဉ်ကာလ၌ လေ့ကျင့်ရေးအစီအစဉ်များသာမက ပြိုင်ပွဲကြိုပြင်ဆင်မှုအဖြစ် ဒေသခံအမျိုးသမီးယူ-၁၇ အသင်း၊ ဖိလစ်ပိုင်ယူ- ၁၇ အမျိုးသမီး ဘောလုံးအသင်းတို့နှင့် ခြေစမ်းပွဲများ ကစားရန်လည်းစီစဉ်ထားသည်။

မြန်မာယူ-၁၇ အမျိုးသမီးဘောလုံးအသင်းသည် အာရှအဆင့်ပြိုင်ပွဲအုပ်စု (A)တွင် အိမ်ရှင်တရုတ်အသင်း၊ ထိုင်းအသင်း၊ ဗီယက်နမ်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေကြောင်း သိရသည်။

STA

# လီနာကောင်တီတွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် သစ်ပင်များလဲကျကာ လမ်းပိတ်ဆို့ပြီး စာသင်ကျောင်းတချို့ကို ယာယီပိတ်ထားရ



**ဝါရှင်တန် ဧပြီ ၁၈**

အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ် လီနာကောင်တီတွင် ဧပြီ ၁၇ ရက်က အားကောင်းသည့် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် သစ်ပင်များလဲကျခဲ့ကာ လမ်းပိတ်ဆို့ပြီး စာသင်ကျောင်းတချို့ကို ယာယီပိတ်ထားရကြောင်း အမေရိကန် သဘာဝပတ်ဝန်းကျင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင် ရေးသားဖော်ပြထားသည်။

လေဆင်နှာမောင်းနှင့် ပတ်သက်ပြီး National Weather Service က ကြိုတင်သတိပေးချက် ထုတ်ပြန်ခဲ့သည့်အတွက် ဒေသခံများ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း၊ သတိပေးချက်ထုတ်ပြန်ပြီး နာရီပိုင်းခန့်မှ လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည့်အတွက် ဒေသခံပြည်သူလူထုအနေဖြင့် ကြိုတင်ပြင်ဆင်ချိန်ရခဲ့ကြောင်း၊ လေဆင်နှာမောင်းသည် လီနာကောင်တီမှတစ်ဆင့် စတီဖင်ကောင်တီသို့ ဖြတ်သန်းတိုက်ခတ်ခဲ့ခြင်းဖြစ်သည်။

"လေဆင်နှာမောင်းဟာ လီနာကောင်တီကနေ စတီဖင်ကောင်တီကို ဖြတ်သန်းတိုက်ခတ်သွားခဲ့ပါတယ်။ လေဆင်နှာမောင်း အားကောင်းခဲ့တဲ့အတွက် သစ်ကိုင်းတွေကျိုးကျခဲ့သလို သစ်ပင်ကြီးတချို့ လဲကျခဲ့ပါတယ်။ စာသင်ကျောင်းတချို့ကို ယာယီပိတ်ထားရပါတယ်"ဟု အမေရိကန် သဘာဝပတ်ဝန်းကျင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# နယူးဇီလန်နိုင်ငံမြို့တော် ဝယ်လင်တန်တွင် မိုးကြိုးမုန်တိုင်းများကြောင့် မိုးရွာသွန်းပြီး ရုတ်တရက်ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့

**ဝယ်လင်တန် ဧပြီ ၁၈**

နယူးဇီလန်နိုင်ငံ၏ မြို့တော် ဝယ်လင်တန်၌ မိုးကြိုးမုန်တိုင်းများကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရုတ်တရက် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း နယူးဇီလန် အာဏာပိုင်များက ယနေ့တွင် ပြောကြားခဲ့သည်။

မိုးကြိုးမုန်တိုင်းများကြောင့် လူဦးရေ ၅၂၀၀၀၀ ကျော် နေထိုင်ရာ ဝယ်လင်တန်မြို့တစ်ဝန်းတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေကြောင်း ဒေသန္တရအစိုးရအာဏာပိုင်များက ပြောကြားခဲ့သည်။

ယနေ့နံနက်ပိုင်း မိုးလေဝသတိုင်းထွာချက်များအရ မိုးရေချိန် မီလီမီတာ ၄၀ ခန့် ရွာသွန်းခဲ့ပြီး အိမ်ခြေ ၂၄ လုံး ရေနစ်မြုပ်ကာ အိမ်ထောင်စုတချို့ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

ဝယ်လင်တန်မြို့အပြင် အနီးနားရှိ Manawatu၊ Tararua၊ Kapiti-Horowhenua၊ Wairarapa ဒေသတို့တွင်လည်း လက်ရှိတွင် ပြင်းထန်သော မိုးကြိုးမုန်တိုင်း သတိပေးချက် ထုတ်ပြန်ထားကြောင်း နိုင်ငံ၏ မိုးလေဝသဌာနက ထုတ်ပြန်ခဲ့သည်။

ယခုကဲ့သို့ ပြင်းထန်သော ရာသီဥတု အခြေအနေကြောင့် ဖြစ်လာနိုင်သည့် မိုးသည်းထန်စွာ ရွာသွန်းမှု၊ ရုတ်တရက် ရေကြီးရေလျှံမှုများကို ဂရုပြုကြရန် အစိုးရက ပြည်သူများကို သတိပေးထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KZ**


# ထိုင်းနိုင်ငံက တောမီးလောင်ကျွမ်းမှုတုံ့ပြန်ရန် ဂြိုဟ်တုနည်းပညာကို အားဖြည့်အသုံးပြုနေ

**ဗန်ကောက် ဧပြီ ၁၈**

ထိုင်းနိုင်ငံသည် တောမီးလောင်ကျွမ်းမှုတုံ့ပြန်ရန် ဂြိုဟ်တုနည်းပညာကို အားဖြည့်အသုံးပြုနေကြောင်း ယနေ့သတင်းများအရ သိရသည်။

ထိုင်းအစိုးရသည် နိုင်ငံမြောက်ပိုင်းနှင့် အနောက်ပိုင်းတစ်လွှားတွင် တောမီးများ ပိုမိုပြင်းထန်လာသည်နှင့်အမျှ မီးများကို ပိုမိုမြန်ဆန်စွာ ထောက်လှမ်းထိန်းချုပ်ရာတွင် ဂြိုဟ်တုနည်းပညာကိုအသုံးပြုခြင်းဖြင့် တောမီးတုံ့ပြန်ရေးကြိုးပမ်းမှုများကို ပိုမိုအားကောင်းလာစေသည်ဟု အစိုးရပြောရေးဆိုခွင့်ရှိသူ Lalida Periswiwatana က ပြောကြားခဲ့ကြောင်း သိရသည်။

လက်ရှိ အသုံးပြုနေသော ဂြိုဟ်တုနည်းပညာအားဖြင့် မကြာသေးမီက ချင်းမိုင်မြို့ မယ်တိန်းခရိုင်ရှိ သီရိလက်ာအမျိုးသားဥယျာဉ်တွင် ဂြိုဟ်တုဒေတာများက ဝေးလံခေါင်သီသော သစ်တောဧရိယာက လောင်ကျွမ်းနေသော တောမီးနေရာများစွာကိုဖော်ထုတ်နိုင်ခဲ့ကြောင်း၊ ရရှိခဲ့သော အချက်အလက်များအရ မီးငြိမ်းသတ်ရေးအဖွဲ့များကိုစေလွှတ်ခဲ့ပြီး နာရီပေါင်းများစွာအကြာတွင် ထိုနေရာက တောမီးကို ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။




ဘူမိသတင်းအချက်အလက်နှင့် အာကာသနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ အချက်အလက်များအရ ထိုင်းနိုင်ငံသည် ဂြိုဟ်တု နည်းပညာကိုသုံးကာ တောမီး လောင်ကျွမ်းရာနေရာ ၄၆၅၆ ခုကို မှတ်တမ်းတင်နိုင်ခဲ့ကြောင်း၊ ၎င်းတို့အနက် ၂၆၉၇ နေရာသည် သစ်တောထိန်းသိမ်းရေး ဧရိယာများမှဖြစ်ပြီး ၁၂၀၆ နေရာသည် အမျိုးသားဘေးမဲ့တောများမှဖြစ်ကြောင်းသိရသည်။

**Ref : Sputnik News**
**Trs : KZ**

# အွန်တေးရီးယိုးပြည်နယ်ကို ရေဘေးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ်သတ်မှတ်

**အော့တဝါ ဧပြီ ၁၈**

ကနေဒါနိုင်ငံ အွန်တေးရီးယိုးပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေလျှံတက်ကာ နေရာအနှံ့ ရေကြီးရေလျှံမှုဖြစ်ပေါ်နေပြီး အန္တရာယ်ရှိသည့်ရေကြီးရေလျှံမှု ဖြစ်သည့်အတွက်ကြောင့် ရေဘေးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြောင်း Environment Canada က ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင်ဖော်ပြထားသည်။

ဧပြီလ ပထမပတ်တွင် အပူချိန်မြင့်တက်မှုကြောင့် တောမီးရာသီအဖြစ် သတ်မှတ်ကြောင်း ကြေညာခဲ့သော်လည်း ဧပြီလ ဒုတိယပတ်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းမှု ဖြစ်ပေါ်ခဲ့ပြီးနောက်ရေဘေးအန္တရာယ်ဖြင့် စတင်ရင်ဆိုင်လာရခြင်း ဖြစ်ကြောင်း၊ ဘရာစီဘရစ်ချ်ခရိုင်တွင် ရေကြီးရေလျှံမှု စတင်နေပြီဖြစ်သလို ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းနေရကြောင်း၊ အရေးပေါ်ကယ်ဆယ်ရေး ဝန်ထမ်းများက ဒေသခံတချို့ကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေပြီး ယနေ့နံနက် ၇ နာရီမှစတင်၍ ကယ်ဆယ်ရေး စခန်းများကို စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

"အွန်တေးရီးယိုးပြည်နယ်မှာ ဧပြီလ ဒုတိယပတ်ကနေစတင်ပြီးတော့ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မြစ်ရေလျှံတက်ခဲ့တယ်။ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ ခရိုင်တွေကတော့ ဘရာစီဘရစ်ချ်ခရိုင်၊ မင်ဒန်ခရိုင်၊ ပါရီဆောင်းခရိုင်တို့ ဖြစ်ပါတယ်။ ဘရာစီဘရစ်ချ်ခရိုင်မှာတော့ ရေဘေးအန္တရာယ်ဟာ အန္တရာယ်ရှိတဲ့အဆင့်ဖြစ်တဲ့အတွက် ဒေသခံတချို့ ဘေးလွတ်ရာ ရွှေ့ပြောင်းနေပြီဖြစ်ပါတယ်"ဟု အွန်တေးရီးယိုးပြည်နယ် သဘာဝအရင်းအမြစ်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**



# COP33 ညီလာခံကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်လျှောက်ထားမှုမှ နုတ်ထွက်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ထုတ်ပြန်ကြေညာ

**နယူးဒေလီ ဧပြီ ၁၈**

အိန္ဒိယနိုင်ငံသည် ၂၀၂၈ ခုနှစ်တွင်ကျင်းပပြုလုပ်သွားမည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံ (COP33) ကို အိမ်ရှင်အဖြစ်လျှောက်ထားမှုမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက ထုတ်ပြန်ကြေညာသွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

၂၀၁၅ ခုနှစ်မှစတင်၍ ကျင်းပပြုလုပ်လာသည့် ပဲရစ်ညီလာခံမှ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းက ဦးဆောင်ကာ တစ်ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံသည် ရာသီဥတုဖောက်ပြန်မှုနှုန်း မြင့်မားသည့် နိုင်ငံဖြစ်သကဲ့သို့ လေထုညစ်ညမ်းမှုအမြင့်မားဆုံး ကမ္ဘာ့နိုင်ငံများစာရင်းတွင် ပါဝင်သည့် နိုင်ငံဖြစ်ကြောင်း သိရသည်။

"အိန္ဒိယနိုင်ငံအနေနဲ့ COP33 ညီလာခံကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိရေး ကြိုးပမ်းရာကနေ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ထုတ်ပြန် ကြေညာခဲ့ပါတယ်။ ဘက်ပေါင်းစုံကနေ သေချာစဉ်းစားပြီးမှ အခုလိုဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ အိမ်ရှင်လျှောက်ထားမှုကနေ နုတ်ထွက်ခဲ့ခြင်းဟာ အိန္ဒိယနိုင်ငံအနေနဲ့ ရာသီဥတုပြောင်းလဲမှု ထိန်းချုပ်ရေးကဏ္ဍတွေကနေ ထွက်ခွာမယ်လို့ အဓိပ္ပာယ်သက်ရောက်စေခြင်းမျိုးတော့မဟုတ်ပါဘူး။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေကို အကောင်းဆုံးဆောင်ရွက်သွားမှာပါ။ ကမ္ဘာ့နိုင်ငံတွေနဲ့ပူးပေါင်းပြီးတော့ COP33 ညီလာခံသဘောတူညီချက်တွေကို အလေးထားအကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်" ဟု အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ရန်ဟီရိုက ပြောကြားသွားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ကြဉ်းလာမည့် မြန်မာနှစ်သစ်

**မောင်သောင်းဝင်း(တမန်ဟောင်း)**

မြန်မာနှစ်ဟောင်း ၁၃၈၇ ခုနှစ်မှ ၁၃၈၈ ခုနှစ်ဆိုသော နှစ်သစ်သို့ ကူးပြောင်းခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးအတွက် စစ်မှန်သော နှစ်သစ်ကူးပြောင်းခြင်းပင်ဖြစ်သည်။ မင်္ဂလာရှိသော လုပ်ဆောင်မှုများဖြင့်သာ ဖြတ်သန်းကြမည်ဆိုလျှင် တစ်နှစ်လုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံနေမည်ဖြစ်သည်။

**အေးချမ်းပျော်ရွှင်စွာဖြတ်သန်းခဲ့**

သင်္ကြန်အကြိုနေ့မှစ၍ နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေးမြို့ကြီးများအပါအဝင် နိုင်ငံတစ်ဝန်းတွင် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို စည်းကားသိုက်မြိုက်စွာကျင်းပခဲ့သည်။ လူကြီး၊ လူငယ်၊ လူရွယ် အသက်အရွယ်ပေါင်းစုံသည် ရေကစားခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ အပန်းဖြေခရီးထွက်ခြင်း၊ ဘုရားကျောင်းကန်သွားခြင်း၊ အလှူဒါနပြုခြင်းဖြင့် သင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ဖြတ်သန်းခဲ့ကြသည်။ ပြည်သူများ စိတ်လက်အေးချမ်းပျော်ရွှင်စွာ အပန်းဖြေနေမှုများကို ရုပ်သံလိုင်းများမှ ထုတ်လွှင့်ပြသပေးခဲ့သည့်အပြင် နေ့စဉ်ထုတ်သတင်းစာများတွင်လည်း ဖော်ပြပေးခဲ့သဖြင့် မြင်ရ၊ တွေ့ရသူအားလုံးကို စိတ်နှလုံးချမ်းမြေ့စေသည်။ ဆိုရလျှင် တိုင်းပြည်တည်ငြိမ်အေးချမ်းလာမှု ပြယုဂ်များပင် မဟုတ်ပါလား။

**ထူးခြားသော မြန်မာနှစ်သစ်**

မြန်မာနိုင်ငံသည် ၂၀၂၆ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ပြောင်းလဲတိုးတက်မှုများ ဖော်ဆောင်နိုင်ခဲ့သည်။ အထူးသဖြင့် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ ထို့နောက် လွှတ်တော်များခေါ်ယူကာ ပြည်ထောင်စုလွှတ်တော်၌ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများကို ရွေးကောက်တင်မြှောက်နိုင်ခဲ့သည်။ ထို့ပြင် ရွေးကောက်ခံသမ္မတကအဆိုပြုသည့် ဝန်ကြီးဌာနများနှင့် ဝန်ကြီးများအမည်စာရင်းကိုလည်း အတည်ပြုနိုင်ခဲ့သည်။

အထူးသဖြင့် ဧပြီ ၁၀ ရက်တွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဒုတိယသမ္မတများသည် ပြည်ထောင်စုလွှတ်တော်၌ ကတိသစ္စာပြုခဲ့ကြသည်။ ထိုအခမ်းအနား၌ နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်က **"အခုဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ပြန်လည်ခြေချပြီး ပိုမိုကောင်းမွန်တဲ့အနာဂတ်ဆီကို ဦးတည်လျှောက်လှမ်းနေပြီဖြစ်တဲ့အတွက် ပါတီစုံဒီမိုကရေစီစနစ် ပိုမိုခိုင်မာအောင် ကြိုးပမ်းတည်ဆောက်သွားရမှာဖြစ်ပါတယ်"**ဟု မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားသွားခဲ့သည်။ တိုင်းပြည် ပိုမိုတိုးတက်ကောင်းမွန်အောင် တည်ဆောက်နိုင်ရေးအတွက် တိုက်တွန်းသွားခြင်းပင်ဖြစ်သည်။ ပြည်သူများအနေဖြင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်သည်။

နိုင်ငံတော်သမ္မတကြီးဦးဆောင်သော အစိုးရအဖွဲ့သည် ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အားကြိုးမာန်တက်ဆောင်ရွက်သွားမည်မှာ အသေအချာပင်ဖြစ်သည်။ အထူးသဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ဆောင်သွားတော့မည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူတစ်ဦးတစ်ယောက်ချင်းစီအနေဖြင့်လည်း တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန်လိုအပ်သည်။ သို့မှသာလျှင် အောင်မြင်မှုအသီးအပွင့်များကို ရရှိခံစားနိုင်မည်ဖြစ်သည်။

> ❖ **မေတ္တာတရားသည် အရာအားလုံးကို လွှမ်းမိုးနိုင်စွမ်းရှိသည်။ ထို့ကြောင့် နှစ်သစ်တွင် လူတစ်ဦးနှင့်တစ်ဦး၊ ဘာသာတစ်ခုနှင့်တစ်ခု၊ နိုင်ငံ တစ်နိုင်ငံနှင့်တစ်နိုင်ငံကြား မေတ္တာထားသွားကြရန် လိုအပ်မည် ဖြစ်သည်။ သို့မှသာလျှင် အချင်းချင်း အမြင်လွဲမှားနေမှုများ၊ ပဋိပက္ခများ၊ စစ်ပွဲများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ လူအချင်းချင်း ဆင်းရဲ၊ ချမ်းသာ၊ ပညာတတ်၊ ပညာမဲ့၊ ရာထူးကြီး၊ ငယ်၊ ဇာတ်နိမ့်၊ ဇာတ်မြင့်မခွဲခြားဘဲ မေတ္တာအရင်းခံဖြင့်သာ ဆက်ဆံသွားမည်ဆိုလျှင် အေးချမ်းသော လူ့အသိုက်အဝန်းကြီးကို ဧကန်မုချ တည်ဆောက်နိုင် မည်ဖြစ်သည်။** ❖

နိုင်ငံတစ်နိုင်ငံကို ပြည်သူများဖြင့်တည်ဆောက်ထားခြင်းဖြစ်သည်။ ထိုနိုင်ငံတွင် မှီတင်းနေထိုင်သော ပြည်သူတစ်ဦးတစ်ယောက်ချင်းစီသည် ဖွဲ့၊ လုံ့လ၊ ဝီရိယကြီးမားမှု၊ ပညာတတ်မြောက်မှု၊ ကြိုးပမ်းအားထုတ်မှု၊ တွေးခေါ်မြော်မြင်နိုင်စွမ်းရှိမှုစသည့် ဂုဏ်အင်္ဂါရပ်များနှင့် ပြည့်စုံနေမှသာလျှင် ထိုနိုင်ငံသည် တိုးတက်မှုရှိနေမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားတစ်ဦးချင်း၊ မိသားစုတစ်စုချင်း၊ လူ့အသိုက်အဝန်းတစ်ခုချင်းမှသည် တိုင်းပြည်တိုးတက်ရေးကိုရည်မှန်းလျက် ကြိုးပမ်းသွားရန် လိုအပ်မည်ဖြစ်သည်။

**မေတ္တာသည်သာအခရာ**

နှစ်ဟောင်းတွင် အမှောင်ဖုံး၍ လွဲမှားစွာပြုမူခဲ့သည်များ ရှိကောင်းရှိနေနိုင်ပေသည်။ ထို့ကြောင့် နှစ်သစ်တွင် သီလ၊ သမာဓိ၊ ပညာတို့ဖြင့် မကောင်းမှုများကို ဆေးကြောသွားသင့်သည်။ တတ်နိုင်ပါက ကိလေသာမှန်သမျှကို သီလ၊ သမာဓိ၊ ပညာအခြေခံသည့် မဂ္ဂင်ရှစ်ပါးဖြင့် ဆေးကြောသန့်စင်သွားရမည်ဖြစ်သည်။ လက်တွေ့ ကြိုးစားလုပ်ဆောင်မည်ဆိုလျှင် ပီတိသုခကို လက်တွေ့ခံစားရမည်ဖြစ်သည်။

အမှန်တော့ မေတ္တာတရားသည် အရာအားလုံးကို လွှမ်းမိုးနိုင်စွမ်းရှိသည်။ ထို့ကြောင့် နှစ်သစ်တွင် လူတစ်ဦးနှင့်တစ်ဦး၊ ဘာသာတစ်ခုနှင့်တစ်ခု၊ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံကြား မေတ္တာထားသွားကြရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာလျှင် အချင်းချင်း အမြင်လွဲမှားနေမှုများ၊ ပဋိပက္ခများ၊ စစ်ပွဲများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ လူအချင်းချင်း ဆင်းရဲ၊ ချမ်းသာ၊ ပညာတတ်၊ ပညာမဲ့၊ ရာထူးကြီး၊ ငယ်၊ ဇာတ်နိမ့်၊ ဇာတ်မြင့် မခွဲခြားဘဲ မေတ္တာအရင်းခံဖြင့်သာ ဆက်ဆံသွားမည်ဆိုလျှင် အေးချမ်းသော လူ့အသိုက်အဝန်းကြီးကို ဧကန်မုချ တည်ဆောက်နိုင်မည်ဖြစ်သည်။ ထိုသို့ဆိုလျှင် ကျွန်ုပ်တို့ကမ္ဘာကြီးသည် ထာဝစဉ်အေးချမ်းသာယာနေမည်ဖြစ်သည်။

**လက်တွေ့ကျကျကြိုးပမ်းရန်လို**

အမှန်တော့ မြန်မာနှစ်သစ်တွင် အကောင်းဆုံးကြိုးတင်ပြင်ဆင်သွားရန် လိုအပ်သည်။ အခြေခံအားဖြင့် ကျွန်ုပ်တို့၏ စိတ်ဓာတ်များကို ပြင်ဆင်သွားကြရမည်ဖြစ်သည်။ အထူးသဖြင့် နေ့စဉ်စားဝတ်နေရေးအတွက် လုပ်ကိုင်ရှာဖွေစုဆောင်းကြရာတွင် စိတ်ကောင်းရှိရန်လိုသည်။ အရာရာတွင် ကိုယ်ချင်းစာတရား လက်ကိုင်ထားကြမည်ဆိုလျှင် အေးချမ်းသော လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနှစ်သစ်တွင် ကျွန်ုပ်တို့၏ ကိုယ်စီဘဝများ တိုးတက်အောင်မြင်ရေးအပြင် မိသားစု၊ လူမှုအဖွဲ့အစည်းနှင့် တိုင်းပြည်အကျိုးကိုပါ သယ်ပိုးနိုင်ရေးအတွက် ဖြဟ္မစိုရ်တရားကို လက်ကိုင်ထားလျက် ပြုမူကျင့်ကြံနေထိုင်သွားရန် အထူးလိုအပ်ပေသည်။

အမှန်တော့ မနားမနေ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်နေမှသာလျှင် အောင်မြင်မှုဆိုသောအရာကို ဆုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနှစ်သစ်တွင် အချိန်မဖြုန်းတော့ဘဲ ကိုယ်စီကောင်းမွန်သောမေတ္တာတရားဖြင့် အလုပ်လုပ်သွားရန် လိုအပ်သည်။ လူတိုင်းတွင် လုပ်ဆောင်နိုင်သည့်စွမ်းအားများကိုယ်စီရှိနေသည်။ ထို့ကြောင့် နှစ်သစ်တွင် အောင်မြင်မှုတစ်ခုခုကိုရရှိစေရန် ကြိုးပမ်းသွားမည်ဆိုသော စိတ်ကူးအိပ်မက်များကို ကိုယ်စီမက်ထားရန်လိုသည်။ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ပေါင်းစုံတွင် အောင်မြင်မှုများ ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စီစိတ်ကူးအိပ်မက်များရှိနေရန် လိုအပ်သည်။ ထိုစိတ်ကူးအိပ်မက်များ အမှန်တကယ် ရုပ်လုံးပေါ်လာစေရန်အတွက် လက်တွေ့ကျကျ ကြိုးပမ်းအကောင်အထည်ဖော်သွားရန်လည်း လိုအပ်မည်ဖြစ်သည်။

**ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ကြဉ်းလာမည့် မြန်မာနှစ်သစ်**

ယခုဆိုလျှင် မြန်မာနှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ရောက်ရှိလာပြီဖြစ်သည်။ နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် မြန်မာနှစ်သစ်တွင် လူမှုစီးပွားဘဝများ တိုးတက်စေရန်အတွက် အချိန်ကို အကျိုးရှိစွာ အသုံးချသွားရန်လိုသည်။ အချိန်တိုင်း စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်နေသူတစ်ဦးသည် တိုးတက်အောင်မြင်မှုများကို လက်ဝယ်ပိုင်ပိုင် ဆုပ်ကိုင်နိုင်လေ့ရှိသည်။ ထိုသို့အချိန်ကို တန်ဖိုးထားတတ်သည့် ပြည်သူများ မှီတင်းနေထိုင်လျက်ရှိသော နိုင်ငံတော်ကြီးတွင် ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ကမ္ဘာတည်သရွေ့ ထာဝစဉ်ထိန်းသိမ်းထားနိုင်မည်မှာ အသေအချာပင်သည်။

အထူးသဖြင့် ပြည်သူများက ရွေးကောက်တင်မြှောက်ထားသော တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုသည့် ဒီမိုကရေစီအစိုးရလက်ထက်တွင် တိုင်းပြည် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဖော်ဆောင်သွားနိုင်တော့မည်ဖြစ်သည်။ ဆိုရလျှင် ယခုမြန်မာနှစ်သစ်သည် တိုင်းပြည်အတွက် ပြောင်းလဲတိုးတက်မှုများစွာကို ဆောင်ကြဉ်းလာနိုင်သည့် မင်္ဂလာရှိသော နှစ်ပင်ဖြစ်သည်။ အထူးသဖြင့် မြန်မာနှစ်သစ်၌ အစိုးရနှင့် ပြည်သူတို့ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဆိုလျှင် နိုင်ငံတော်အတွင်း ဖွံ့ဖြိုးတိုးတက်မှုများကို အမှန်တကယ် ဆောင်ကြဉ်းနိုင်မည်မှာ အသေအချာပင်ဖြစ်ပေတော့သည်။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၉၅၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ချောင်းဦး ဧပြီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၉၅၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် နှမ်း ၂၇၃၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မတ်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၉၅၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ နှမ်းဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။



(၂၀၆)

# ရွှေတိဂုံစေတီတော်တွင် ၄၃ ကြိမ်မြောက် မဟာဗောဓိညောင်ရေသွန်းပွဲတော် ကျင်းပသွားမည်



ယခင်နှစ်က ရွှေတိဂုံစေတီတော် ညောင်ရေသွန်းပွဲတော်ကို တွေ့ရစဉ်။

**ရန်ကုန် ဧပြီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်တွင် ၄၃ ကြိမ်မြောက် မဟာဗောဓိညောင်ရေသွန်းပွဲတော်ကို ဧပြီ ၃၀ ရက် (ကဆုန်လပြည့်နေ့) နံနက် ၇ နာရီမှ စတင်ကာ စည်ကား သိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းထံမှ သိရသည်။

အဆိုပါ ရွှေတိဂုံစေတီတော်၏ မဟာဗောဓိညောင်ရေသွန်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို စေတီတော်ရင်ပြင် အင်္ဂါထောင့်ရှိ မဟာဗောဓိညောင်ပင်၌ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ရုံးမှဝန်ထမ်းများ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းများဖြင့် စည်ကား သိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"နှစ်စဉ် မဟာဗောဓိညောင်ရေသွန်းပွဲတော်ကို ကျင်းပလာတာ အခုနှစ်ဆို ၄၃ ကြိမ် မြောက်ရှိပါပြီ။ အခုနှစ်မှာလဲ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာဖြစ်ပါတယ်။ စေတနာရှင်တွေရဲ့ စတုဒိသာအလှူပွဲတွေလဲ ပါဝင်မယ်"ဟု ဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြသည်။

ထို့ပြင် ဘုရားဖူးပြည်သူများက ရင်ပြင်တော်ထောင့်လေးထောင့်ရှိ မဟာဗောဓိ ညောင်ပင်များတွင် လွယ်ကူစွာ ညောင်ရေသွန်းလောင်း ပူဇော်နိုင်ရန်အတွက် ဗုဒ္ဓဝေယျာဝစ္စ အသင်းများနှင့် ဝန်ထမ်းများက ကုသိုလ်ယူကူညီ ဆောင်ရွက်ပေးရန် စီစဉ်ထားရှိမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော်၏ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ထံမှ သိရသည်။

ASH

# Extraction-3 ဇာတ်ကား၌ မင်းသား ခရစ်ဟမ်းစဝါ ပြန်လည်ပါဝင်မည်ဖြစ်

**နယူးယောက် ဧပြီ ၁၈**

Netflix ကုမ္ပဏီ၏ Extraction–3 ဇာတ်ကားသစ်၌ မင်းသား ခရစ်ဟမ်းစဝါ ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း ဧပြီ ၁၇ ရက် သတင်းများအရ သိရသည်။

Extraction–3 ဇာတ်ကားတွင် မင်းသားခရစ်ဟမ်းစဝါသည် တစ်ကိုယ်တော် ကြေးစားစစ်သား တေလာရိတ်ဇာတ်ကောင်နေရာမှ ပင် ပြန်လည်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

မင်းသား ခရစ်ဟမ်းစဝါသည် Extraction(2020)နှင့် Extraction–2 (2023)တို့တွင်လည်း တေလာရိတ်အဖြစ် သရုပ်ဆောင်ခဲ့သူဖြစ်ကြောင်း သိရသည်။

Extraction–3 ဇာတ်ကားကို ဒါရိုက်တာ ဆမ်ဟာဂရေ့က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာဒေးဗစ်ဝီးက ရေးသားပေးထားကြောင်း သိရသည်။

လက်ရှိတွင် Extraction –3 ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ထုတ်လုပ်သူများက လျှို့ဝှက်ထားဆဲဖြစ်ကြောင်း သိရသည်။

Extraction –3 ဇာတ်ကားကို ယခုနှစ်နွေဦးရာသီအတွင်း စတင်ရိုက်ကူးထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# CANAL+ ZAT LENN ရုပ်သံလိုင်းမှ ရယ်အော်လံ ရုပ်ရှင်ဇာတ်ကားကို ဧပြီ ၂၀ ရက်တွင် ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်ပြသမည်ဖြစ်

**ရန်ကုန် ဧပြီ ၁၈**

CANAL+ ZAT LENN ရုပ်သံလိုင်းမှ ရယ်အော်လံရုပ်ရှင်ဇာတ်ကားကို ဧပြီ ၂၀ ရက် ည ၁၀ နာရီတွင် ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း အဆိုပါရယ်အော်လံ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ခြူးလေးထံမှ သိရသည်။

ရယ်အော်လံ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို သက်ဦးမောင်က ရေးသားထားပြီး မင်းကိုစိုး(နတ်သံကွင်း)က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး) က The Ray Film ရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးသည့် အချစ်ဟာသ ဇာတ်ကားတစ်ကားဖြစ်ကြောင်း၊ CANAL+ ZAT LENN ရုပ်သံလိုင်းမှ တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

"ရယ်အော်လံ ရုပ်ရှင်ဇာတ်ကားမှာ ခြူးလေးနဲ့မကြီးစိုးက သားအမိတွေပါ။ မကြီးစိုးရဲ့ သမီးအကြီးမပေါ့။ သူကတော့ အမျိုးသမီးတက္ကစီမောင်းတဲ့သူပေါ့နော်။ ခြူးလေးကတော့ ရုပ်ကွက်ထဲက သာမန်ကောင်မကလေး တစ်ယောက်နေရာက သရုပ်ဆောင်ထားပါတယ်။ တကယ်တော့ ဒီဇာတ်ကားမှာ ခြူးလေးက မိဖုရားဖြစ်ချင်တာ မဟုတ်ဘူး။ ဘုရင်မဖြစ်ချင်တာ။ ကိုယ်ချစ်ရတဲ့ ယောက်ျားကိုပဲ ယူနိုင်ရမယ် ဆုံးဖြတ်ထားတဲ့ အချစ်ကိုရှေ့တန်းတင်သူ နုနုဆွေ နေရာက သရုပ်ဆောင်ထားပါတယ်"ဟု သရုပ်ဆောင်ခြူးလေးက ပြောပြသည်။




အဆိုပါ ရယ်အော်လံ ရုပ်ရှင်ဇာတ်ကားကြီးတွင် သရုပ်ဆောင် နေဝင်း၊ တိုင်ရွှန်း၊ ရန်ပြေ၊ သွက်လက်၊ မိုးဒီ၊ ခင်လှိုင်၊ ငှက်ပျောကြော်၊ စိုးမြတ်သူဇာ၊ ခြူးလေး၊ စုရှိုင်း၊ နော်ဖေအယ်ထားနှင့် အခြားသရုပ်ဆောင်များ ပါဝင်ကြောင်း သိရသည်။

ASH

# Terrified ဇာတ်ကားကို ဒါရိုက်တာ နိုအာဟောလေးရိုက်ကူးမည်

**နယူးယောက် ဧပြီ ၁၈**

ဝါနာဘရားသားကုမ္ပဏီ၏ Terrified အမည်ရှိ သဘာဝလွန် လျှို့ဝှက်သည်းဖို ဇာတ်ကားကို ဒါရိုက်တာ နိုအာဟောလေးက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း ဧပြီ ၁၇ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် အာဂျင်တီးနားဒါရိုက်တာ ဒီမီယံရုပ်ဂနာရိုက်ကူးခဲ့သည့် Terrified (Aterrados)(2017) ဇာတ်ကားကို ပြန်လည် ဆန်းသစ်ရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

Terrified(Aterrados) ဇာတ်ကားသည် ဗျူနိုစ်အေရိစ်မြို့တော်တွင်းရှိ သဘာဝလွန်ဆန်းကြယ် ဖြစ်စဉ်များကို စုံစမ်းနေသူတစ်စု ကြုံတွေ့ရသည့် ဖြစ်စဉ်များကို ပုံဖော်ရိုက်ကူးမည်ဖြစ်သည်။

ဒါရိုက်တာ နိုအာဟောလေးသည် Terrified ဇာတ်ကားကို ဒါရိုက်တာအဖြစ် တာဝန်ယူ ရိုက်ကူးမည့်အပြင် ထုတ်လုပ်သူတစ်ဦးအဖြစ်လည်း တာဝန်ယူမည်ဖြစ်ပြီး လက်ရှိတွင် Terrified ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင်များကို ဝါနာဘရားသားကုမ္ပဏီက ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# M Entertainment ရုပ်သံလိုင်းနှင့် M Entertainment YouTube Channel တို့မှ စက္ကူပန်းလေးနမ်းမိပြီ ရုပ်သံဇာတ်လမ်း ထုတ်လွှင့်ပြသမည်

**ရန်ကုန် ဧပြီ ၁၈**

M Entertainment ရုပ်သံလိုင်းနှင့် M Entertainment YouTube Channel တို့မှ စက္ကူပန်းလေးနမ်းမိပြီ ရုပ်သံဇာတ်လမ်းကို ဧပြီ ၂၅ ရက်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ စက္ကူပန်းလေးနမ်းမိပြီ ရုပ်သံဇာတ်လမ်းကို ရိုက်ကူးထားသူ ဒါရိုက်တာ သီတာလင်းက ပြောပြသည်။

အဆိုပါ စက္ကူပန်းလေးနမ်းမိပြီ ရုပ်သံဇာတ်လမ်း၏ ဝတ္ထုဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို ဇေလုဝက ရေးသားထားပြီး ဒါရိုက်တာသီတာလင်းက တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"တစ်ချိန်တုန်းက ထင်ရှားခဲ့တဲ့ ကက်ဆက်ဇာတ်လမ်းတွေကို မေ့မရသော ကက်ဆက်ဇာတ်လမ်းများ အစီအစဉ်အနေနဲ့ ရုပ်သံဇာတ်လမ်းအဖြစ် တင်ဆက်ပေးထားပါတယ်။ မေ့မရသော ကက်ဆက် ဇာတ်လမ်းတွေထဲက စက္ကူပန်းလေးနမ်းမိပြီ ကက်ဆက်ဇာတ်လမ်းကို ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်။ အရင်ခေတ်ပုံစံကို အသွင်သစ်နဲ့တစ်မျိုးလေး ကြည့်ရမဲ့ စက္ကူပန်းလေးနမ်းမိပြီ ရုပ်သံဇာတ်လမ်းလေးကို M Channel မှာ ကြည့်ရှုရပါတော့မယ်"ဟု ဒါရိုက်တာ သီတာလင်းက ပြောပြသည်။

စက္ကူပန်းလေးနမ်းမိပြီ ရုပ်သံဇာတ်လမ်းတွင် သရုပ်ဆောင်များအဖြစ် စောမြတ်နိုး၊ ပိုင်ထူး၊ စောယုနန္ဒာ၊ ဘုန်းထက်နိုင်၊ ကောင်းကင်ချီနှင့် အခြားသရုပ်ဆောင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# New Year greetings for 1388 Myanmar Era extended by President of the Republic of the Union of Myanmar Agga Maha Thray Sithu Agga Maha Thiri Thudhamma U Min Aung Hlaing to the esteemed national brethren



President U Min Aung Hlaing extends New Year greetings for 1388 Myanmar Era.

**Esteemed national brethren,**

On the auspicious occasion of the Myanmar New Year, filled with blessings and grace, I would first like to extend my heartfelt greetings and loving-kindness to all citizens and national brethren residing throughout the Republic of the Union of Myanmar as well as Myanmar nationals living abroad and people around the world. May you all be free from dangers and harm, and may you be blessed with both physical and mental well-being.

Today marks the transition into the Myanmar Era year 1388. As such, just as we, together with the people, have overcome the difficulties and challenges encountered in the past year, I am confident that in this New Year as well, we will successfully move forward with unity, diligence, perseverance, and unwavering strength. In order for the nation to continue advancing along the path of a multiparty democratic system, we have been able to hold a free and fair general election with dignity and success, in line with our original objectives. I would like to respectfully place on record that this achievement was made possible through the active and wholehearted participation of voters who cherish multiparty democracy.

On this special occasion of the New Year, the new democratic government and Hluttaws desired by the people have come back into operation, marking the opening of a new chapter for a renewed democratic nation. Therefore, starting from this New Year, the new government I lead will strive to successfully implement the aspirations of all ethnic national brethren and the people, promote socioeconomic development, achieve durable peace, and advance national development. As the Head of State, I would like to affirm that, in accordance with the provisions of the Constitution and in keeping with my solemn pledge, I will faithfully prioritize and serve the interests of the nation and all its people above all else.

In building a future democratic nation and advancing the country's modern development, ensuring national stability, ending internal armed conflicts, and achieving durable peace are of utmost importance. With regard to the peace process, our government has consistently given serious attention in line with the provisions of the 2008 Constitution and the agreements contained in the Nationwide Ceasefire Agreement (NCA). However, the goal of peace still remains distant due to ongoing conflicts that should not have occurred. Therefore, taking into consideration the losses and damage the country has suffered as a result of armed conflicts, I would like to strongly urge all terrorist armed groups opposing the State to abandon the path of armed struggle and resolve political issues through political means along the political path, for the sake of national stability, peace, and development. Our government will always keep the door to peace open and will continue striving to end armed conflicts and achieve durable peace. At the same time, we will continue to uphold and safeguard the Our Three Main National Causes as a national responsibility.

Alongside the building of peace, we will also strive to achieve economic development, which is a key need of the country. Given our nation's population, traditions and customs, geographical conditions, and natural resources, it is necessary to systematically carry out agricultural and livestock activities and increase production. Based on this, by promoting and supporting micro, small, and medium-sized enterprises (MSMEs) that rely on agricultural and livestock products, and by enhancing the production sector to meet domestic consumption needs as well as enable exports, I would like to emphasize that development can be achieved from the individual level up to the national level.

**Esteemed national brethren,**

For national development and stability, the most essential requirement is the advancement of knowledge and skills among all our ethnic peoples. It is evident from the current situation that it is difficult for a nation with a low level of knowledge to progress and move forward. Therefore, students and young people who are the future strength of the nation must be well-rounded, possessing the five strengths: education, good health and fitness, strong moral character, and sound values. Only then will the future of the country be able to undergo significant transformation and development under the leadership of capable and virtuous youth. It is also crucial for every individual, and the nation as a whole, to be both physically and mentally healthy, and to possess sound judgment and rational thinking. We, the government, will continue to enhance the fundamental sectors of education and healthcare. Therefore, I would like to strongly urge parents, teachers, and all responsible persons to nurture today's youth to become well-rounded individuals—excelling not only in skills but also in knowledge—so that they can become reliable pillars for the future.

Another important point is that we must remain vigilant and carefully assess the dangers posed by internal and external influences and destructive elements that seek to undermine national unity in various ways and bring harm to the country. These factors are the root cause of the acts of destruction and violent unrest occurring in the nation today. With the conviction that "the nation's strength lies within," all our ethnic peoples must work together to build the country with patriotism, love for the nation and its people, and a strong Union spirit. Therefore, I would like to urge everyone to uphold the spirit of unity expressed in the sayings, "No matter who tries to divide us, we will not be divided; we will always remain united," and "Though water may be cut, it cannot truly be separated," and to work together in harmony and solidarity to build a peaceful and beautiful new nation.

**Esteemed national brethren,**

With the New Year bringing new hopes, I would like to urge all of us to learn from the bitter experiences of the past and move forward together in unity toward a peaceful and prosperous new nation. As the saying goes, "Unity is strength," and I firmly believe that if we remain united, we will be able to overcome and succeed in the face of any challenge. Therefore, I would like to emphasize that the participation and cooperation of all citizens—our ethnic brethren—are of utmost importance for the future of the nation, and I deeply value and place great hope in this collective effort.

In conclusion, starting from this Myanmar New Year Day, I would like to extend my New Year wishes to all citizens and ethnic brethren residing within Myanmar, as well as Myanmar nationals living abroad. May you continue your journey in harmony and with loving-kindness for the development of the nation. May you be able to further strive for the benefit of your country, your people, and your religion, and may you be free from all dangers and harm.

Thank you all.

# Iran says resumed strict control over Strait of Hormuz due to continued U.S. blockade

**Tehran April 18**

Iran's main military command, Khatam al-Anbiya Central Headquarters, announced on Saturday the resumption of strict control over the Strait of Hormuz due to the continued U.S. blockade of the waterway, according to the semi-official Tasnim news agency.

Ebrahim Zolfaghari, the headquarters' spokesman, said Iran had agreed to the passage of a limited number of oil tankers and commercial vessels through the Strait of Hormuz in a managed manner with goodwill, in line with earlier peace negotiation agreements reached in Pakistan.

"However, the United States, with its track record of frequent breaking of its promises, is still continuing its banditry and piracy under the so-called title of (naval) blockade," Zolfaghari said.

The strait's control has therefore "returned to its previous state, and this strategic strait is under the strict management and control by the (Iranian) armed forces," he added.

He stressed that Iran will maintain strict control of the strait until the United States ends its naval blockade aimed at preventing ships traveling to and from Iranian ports from transiting the Strait of Hormuz.

Xinhua

# Mawlaik District harvests 100 per cent completion of harvesting sesame


The harvesting of sesame in progress in a field.

**Mawlaik April 18**

Local farmers have completed harvesting of sesame in Mawlaik District of Sagaing Region, according to the district Agriculture Department.

In Mawlaik District, during the winter cropping season, a total of 1,473 acres of winter sesame were cultivated. Harvesting of these sesame fields began in January this year, and up to now, 915 acres in Mawlaik Township and 558 acres in Phaungpyin Township—a total of 1,473 acres—have been fully harvested, with yields of over 11 baskets per acre.

"During the winter cropping season in Mawlaik District, we were able to cultivate 1,473 acres of winter sesame. At present, all of the cultivated sesame fields have been completely harvested. Sesame cultivation has been increasing year by year. It is mainly grown in the winter rather than the monsoon season, and as an oilseed crop, it is in a successful condition," said Daw Kywe Kywe Hlaing, Head of the Agriculture Department in Mawlaik District.

In Mawlaik District, the relevant Township Agriculture Departments have been providing awareness and technical support to sesame farmers to expand cultivation, adopt proper cultivation methods, apply Good Agricultural Practices (GAP), use quality seeds, and select high-yielding varieties.

Crops produced under the GAP system are of higher quality than those grown using other methods, can fetch better prices, and have the advantage of being marketed not only domestically but also exported to international markets. As a result, farmers adopting GAP practices can gain greater economic benefits and improve their socioeconomic conditions. 206

# Winter sunflower harvested in Kanbalu Township

**Kanbalu April 18**

Agricultural data compiled by the township Agriculture Department, local farmers harvested all plantations of sunflower planted in winter season in Kanbalu Township of Sagaing Region.

In Kanbalu Township, during the winter cropping season, a total of 2,938 acres of sunflower were cultivated. Harvesting of these sunflower fields began in January this year, and as of now, 100 percent of the cultivated area has been harvested, with an average yield of 21.36 baskets per acre.

"During the winter cropping season in Kanbalu Township, we cultivated 2,938 acres of sunflower. At present, all of the sunflower fields have been fully harvested. To reduce the import of edible palm oil from abroad, we are promoting the expansion of sunflower cultivation as an oilseed crop. In terms of oil yield per acre, sunflower produces more than other crops such as groundnut and sesame. Sunflower is mainly cultivated in the winter rather than the monsoon season," said U Myo Zaw, Head of the Agriculture Department in Kanbalu Township.

In Kanbalu Township, the Agriculture Department has intensified training programs to expand sunflower cultivation and to improve the capacity and skills of both staff and farmers who plan to grow sunflower.

Arrangements have also been made to support farmers by supplying seeds, selling urea fertilizers at affordable prices, and distributing sunflower varieties through farmer-to-farmer seed exchange systems. 206


Photo shows sunflower seeds.

# Ngaputaw Township manages sales of crabs to Yangon market in March

**Ngaputaw April 18**

Daw Mar Mar Htay, the owner of seafood trading depot in Ngaputaw Township of Ayeyawady Region, said that local merchants sold 45,000 viss of crabs to Yangon market in March.

From Ngaputaw Township, only about 30,000 viss of crabs were exported to the Yangon market during February, while in March, exports increased to as much as 45,000 viss. Crabs from the area are in strong demand in the Yangon market.

"Local fishery products are regularly transported and sold to the Yangon market, which is a major market for seafood exported from this region. Over the past month, a large volume of whole crabs was exported and sold. Prices of the exported crabs vary depending on their freshness and size/weight. At present, the Yangon market continues to show strong demand for crabs. From here, the crabs are distributed not only to the local market but also re-exported to other regions," said Daw Mar Mar Htay.

Crabs exported from Ngaputaw Township are currently priced at between K18,500 and K25,500 per viss. Due to strong sales of these crabs, fishermen, small-scale traders, warehouse operators, merchants, and freight vehicle rental businesses are all benefiting from improved job opportunities. Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 2,000 acres of chickpea harvested in Shwebo Township

**Shwebo April 18**

Statistics of Shwebo Township Agriculture Department stated that local farmers harvested 2,445 acres of chickpea in Shwebo Township of Sagaing Region.

In Shwebo Township, during the winter cropping season, a total of 4,657 acres of chickpea were cultivated. Harvesting of these chickpea fields began in January this year and, as of now, 2,445 acres have been harvested, with an average yield of 26.20 baskets per acre.

"We cultivated 4,657 acres of chickpea during the winter cropping season in Shwebo Township. At present, harvesting of the chickpea fields is underway, and up to today, 2,445 acres have already been harvested. Chickpea cultivation has been increasing year by year. To ensure better yield and quality, we have been cooperating with farmers by providing high-quality seeds, necessary inputs, and post-harvest technologies," said U San Oo, Head of the Agriculture Department in Shwebo Township.

In Shwebo Township, chickpea varieties such as Yezin-8 and Yezin-11, which are well-suited to local conditions and provide good yields, are being selected for cultivation. The cost of cultivating chickpea is reported to be over K300,000 per acre.

During this year's winter cropping season, in the cultivation of various pulses, efforts are being made in cooperation with farmers to improve yield and quality by supplying quality seeds, inputs, and post-harvest technologies. In addition, awareness and extension activities have been carried out to encourage the use of beneficial fungi such as Trichoderma during the cultivation period, with support provided through lead farmers.

Sagaing Region is the largest producer of pulses in the country in terms of cultivated area. Pulses are grown not only as a main crop but also as an intercropped and double-cropped crop, making them an important income-generating crop for farmers. 206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တောင်ကိုရီးယားက အမြောက်ရန်ကာကွယ်ရေးအတွက် ကိုရီးယား Iron Dome ဒုံးခွင်းဒုံးစနစ်ကို ၂၀၂၉ ခုနှစ်တွင် တပ်ဖြန့်ချထားမည်



တောင်ကိုရီးယားနိုင်ငံသည် ဆိုးလ်မြို့တော်အပေါ် ကျရောက်လာနိုင်သည့် မြောက်ကိုရီးယား၏ အမြောက်တပ်ဖွဲ့နှင့် ဒုံးပျံတိုက်ခိုက်မှုများကို ကြားဖြတ်ပစ်ခတ်တားဆီးရန်အတွက် ၎င်းတို့၏ LAMD (Low Altitude Missile Defense) ခေါ် ကိုရီးယား Iron Dome ဒုံးခွင်းဒုံးစနစ်ကို ၂၀၂၉ ခုနှစ် တွင် တပ်ဖြန့်ချထားမည်ဖြစ်ကြောင်း ဧပြီ ၃ ရက်တွင် ကာကွယ်ရေးဝယ်ယူမှု စီမံကိန်းအစီအစဉ်(DAPA)က ထုတ်ပြန်ကြေညာခဲ့သည်။

ယခုကဲ့သို့ အရှိန်အဟုန်မြင့် လုပ်ဆောင်ခြင်းမှာ ပဋိပက္ခစတင်ချိန်တွင်ဆိုးလ်မြို့ပြဒေသနှင့် အဓိကကျသော စစ်ဘက်ဆိုင်ရာ အခြေခံအဆောက်အအုံများကို ကာကွယ်ရန် ဦးစားပေးဆောင်ရွက်ခြင်းဖြစ်သည်။

ဝမ် ၈၄၂ ဘီလီယံကုန်ကျမည့် ဤစီမံကိန်းတွင် ရေဒါစနစ်များ၊ ကြားဖြတ်ဒုံးကျည်များ၊ ဒုံးပစ်စင်များနှင့် စစ်ဆင်ရေးဆိုင်ရာ ဆက်သွယ်ရေးကွန်ရက်များ ပါဝင်ပြီး ADD၊ LIG Nex1၊ Hanwha Aerospace နှင့် Hanwha Systems တို့က ဦးဆောင်၍ နည်းပညာများ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်လျက်ရှိသည်။ ယခုစနစ်သည် အမြောက်ကျည်များ၊ ဒုံးပျံများနှင့် ဒုံးကျည်အမျိုးမျိုး အပါအဝင် အနိမ့်ပျံသန်းလာသော လေကြောင်းခြိမ်းခြောက်မှုများကို လျင်မြန်စွာတုံ့ပြန်ချေမှုန်းနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

ဤစီမံကိန်း၏တရားဝင်ဖွံ့ဖြိုးတိုးတက်မှုအဆင့်ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် စတင်ခဲ့ပြီး ADD၊ LIG Nex1၊ Hanwha Aerospace နှင့် Hanwha Systems ကုမ္ပဏီတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ၎င်းမှာ တောင်ကိုရီးယားအစိုးရအနေဖြင့် နိုင်ငံခြားမှတင်သွင်းသောလက်နက်စနစ်တစ်ခုအပေါ်တွင်သာ မှီခိုနေမည့်အစား မိမိတို့နိုင်ငံ၏ အခြေအနေနှင့်ကိုက်ညီပြီး အမြောက်ရန်ကာကွယ်ရေးအလွှာ (Sovereign counter-artillery defense layer) တစ်ခုကို ကိုယ်တိုင်တည်ဆောက်လိုသည့် ရည်မှန်းချက်ကို အတည်ပြုလိုက်ခြင်းပင် ဖြစ်သည်။

၎င်းသည် သမားရိုးကျ ဒုံးကျည်ကာကွယ်ရေးစနစ်မျိုးမဟုတ်ဘဲ၊ စက္ကန့်ပိုင်းအတွင်း ပစ်မှတ်ကိုခွဲခြားခြင်း၊ ခြေရာခံခြင်း၊ ကြားဖြတ်ဒုံးကျည် တာဝန်ပေးခြင်းနှင့် ဖျက်ဆီးမှု အတည်ပြုခြင်းတို့ကို အရှိန်အဟုန်ပြင်းစွာ လုပ်ဆောင်ရမည့် အလုံးအရင်းနှင့် တိုက်ခိုက်လာမှုများကို တွန်းလှန်သည့်စနစ်ပင်ဖြစ်သည်။

LAMD ခေါ် ကိုရီးယား Iron Dome ဒုံးခွင်းဒုံးစနစ်သည် အချိန်တိုအတွင်း များပြားလှသော တိုက်ခိုက်မှုများကို တားဆီးရန် ရည်ရွယ်သော်လည်း ကိုရီးယား၏ လိုအပ်ချက်မှာ မြောက်ကိုရီးယား၏ တာဝေးပစ်အမြောက်များနှင့် မီလီမီတာ ၂၄၀ အတွဲလိုက် ဒုံးပစ်လောင်ချာများ၏ ခြိမ်းခြောက်မှုအပေါ်မူတည်၍ ပုံဖော်ထားခြင်းဖြစ်သည်။ အထူးသဖြင့် ကီလိုမီတာ ၃၀၀ ထိ ပစ်ခတ်နိုင်သော KN-25 ဒုံးကျည်များသည် အမြောက်နှင့် ဒုံးကျည်ကြား စည်းခြားထားမှုကို ဝေဝါးသွားစေသည်။ ထို့ကြောင့် တောင်ကိုရီးယားနိုင်ငံသည် အမျိုးအစား စုံလင်လှသော လက်နက်များ တစ်ပြိုင်နက် ကျရောက်လာမည့် (Mixed Salvos) အခြေအနေအတွက် ကြိုတင်ပြင်ဆင်နေခြင်းဖြစ်သည်။

ဤအချက်များကြောင့် LAMD သည် တောင်ကိုရီးယား၏ ကျယ်ပြန့်သော လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေး (KAMD)အတွင်း လိုအပ်နေသော စနစ်တစ်ခု ဖြစ်လာသည်။ လက်ရှိတွင် Patriot PAC-3 နှင့် Cheongung-II (M-SAM II) စနစ်များသည် အမြင့်ပေ ကီလိုမီတာ ၄၀ အောက်ရှိ ပစ်မှတ်များကို တားဆီးပေးပြီး၊ L-SAM စနစ်က ကီလိုမီတာ ၅၀ မှ ၆၀ ထိ လွှမ်းခြုံထားသည်။ ဤစနစ်များအားလုံး၏ အောက်ခြေတွင် LAMD က အနိမ့်ဆုံးအလွှာအဖြစ် တည်ရှိနေပြီး သမားရိုးကျ မြေပြင်မှဝေဟင်ပစ် ဒုံးကျည်များဖြင့် ပစ်ခတ်ရန် ကုန်ကျစရိတ်မကိုက်ညီသော အမြောက်ကျည်များ၊ ဒုံးပျံများနှင့် အလွန်အနိမ့်ပျံသန်းလာသော ပစ်မှတ်များကို တိကျစွာချေမှုန်းပေးမည့် အရေးပါသော ကဏ္ဍမှ ပါဝင်လာမည် ဖြစ်ပါတော့သည်။

South Korea to Deploy LAMD "Korean Iron Dome" in 2029 to Counter North Korea Artillery Threat ကို ဘာသာပြန်ဆိုထားပါသည်။

## ရုရှားနိုင်ငံ Kalashnikov Group က ဒရုန်းကိုတန်ပြန်နိုင်မည့် ချေမှုန်းရေးရိုင်ဖယ်ကျည်အမျိုးအစားသစ်ကို စမ်းသပ်နိုင်ခဲ့

ရုရှားနိုင်ငံ၏ အထင်ကရလက်နက် ထုတ်လုပ်ရေးလုပ်ငန်းစုဖြစ်သော Kalashnikov Group သည် ယူကရိန်းနိုင်ငံအတွင်းရှိ အထူးစစ်ဆင်ရေးနယ်မြေအတွင်း အသုံးပြုရန်အတွက် ဒရုန်းရန်ကို တန်ပြန်ချေမှုန်းနိုင်မည့် ခဲစိတ်များ သို့မဟုတ် ဘောစေ့များ များစွာပါဝင်သော ချေမှုန်းရေးရိုင်ဖယ်ကျည် အမျိုးအစားသစ်ကိုတီထွင်၍ အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်း တက်စ်သတင်းဌာနသို့ ပြောကြားခဲ့သည်ဟု ဧပြီ ၉ ရက်တွင် တက်စ်သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အဆိုပါ Kalashnikov Group သည် ကိုယ်ပိုင်နည်းပညာဖြင့် တီထွင်ထားသည့် ၅ ဒသမ ၄၅ မမ (5.45mm) Multi-bullet အမျိုးအစားသစ်၏ စွမ်းဆောင်ရည်ကို စမ်းသပ်ရာတွင် လျင်မြန်စွာ ပျံသန်းစစ်ကစားနိုင်သည့် FPV အမျိုးအစား မောင်းသူမဲ့လေယာဉ်ငယ် (UAV) များကို ပစ်မှတ်ထား၍ စမ်းသပ်ခဲ့ခြင်းဖြစ်သည်။

စမ်းသပ်မှုအတွင်း AK-12 ချေမှုန်းရေးရိုင်ဖယ်ကို အသုံးပြု၍ ဝေဟင်တွင် ရပ်နားပျံဝဲနေသော ဒရုန်းကိုသာမက၊ သတ်မှတ်ထားသည့် အရှိန်နှင့် အမြင့်နှုန်းဖြင့် ပျံသန်းကာ ပစ်ခတ်သူကို ပြန်လည်တိုက်ခိုက်ရန်ကြိုးပမ်းနေသည့် ဒရုန်းပစ်မှတ်များကိုပါ တစ်ချက်ချင်းနှင့် အချက်ပေါင်းများစွာ ပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်။ ကျည်ဆန်ထိပ်ဖူးအတွင်းမှ ပြန့်ထွက်လာသောဘောစေ့များသည် ဒရုန်းများ၏ အင်ဂျင်၊ ဘက်ထရီ၊ အီလက်ထရွန်နစ် ပတ်လမ်းပြားများနှင့် ကိုယ်ထည်အစိတ်အပိုင်းများကို ထိမှန်ပျက်စီးစေခဲ့သဖြင့် ဒရုန်းများ ပျက်ကျသွားခဲ့ကြောင်းသိရသည်။

Kalashnikov Group ၏ ပြောကြားချက်အရ အဆိုပါ ၅ ဒသမ ၄၅ မမ ကျည်ဆန်သစ်များ၏ စွမ်းဆောင်ရည်၊ ဝေဟင်ပစ်မှတ်များကို ပစ်ခတ်ရာတွင် တိကျမှန်ကန်မှုရှိခြင်းနှင့် စမ်းသပ်မှုအတွင်းပြသခဲ့သည့် ထူးခြားသော ဝိသေသလက္ခဏာရပ်များအပေါ် ဝယ်ယူအသုံးပြုမည့် ကိုယ်စားလှယ်များက အလွန်အမင်း ချီးကျူးဂုဏ်ပြုခဲ့ကြသည်ဟု ဆိုသည်။

ထို့ပြင် ၎င်းကျည်ဆန်၏ မူလဒီဇိုင်း ထူးခြားချက်ကြောင့် ပစ်ခတ်လိုက်သည့်အခါ ကျည်ဆန်အတွင်းရှိ ပေါက်ကွဲစအပိုင်းအစများသည် သေနတ်ပြောင်းဝမှ အထွက်တွင် စနစ်တကျ ကွဲထွက်သွားခြင်းကြောင့် ကျည်ဆန်၏ လေကြောင်းပျံသန်းမှုဆိုင်ရာတည်ငြိမ်မှုကို ကောင်းမွန်စေပြီး လက်နက်၏ စိတ်ချရမှုကိုလည်း ထိန်းသိမ်းပေးထားကြောင်း သိရသည်။

Kalashnikov Group မှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ အဆိုပါ ၅ ဒသမ၄၅မမ ခဲစိတ်ကျည်အမျိုးအစားသစ်သည် လက်ရှိအသုံးပြုနေသော စံနှုန်းကိုက် (၅ ဒသမ ၄၅ x ၃၉ မမ) ချေမှုန်းရေးရိုင်ဖယ်ကျည်များနှင့် အရွယ်အစားချင်း ထပ်တူညီမှုကြောင့်၊ ထို့ကြောင့် ၎င်းကျည်ဆန်များကို AK-12 ရိုင်ဖယ်၏ ပုံမှန်ကျည်အိမ် (၃၀ တောင့်ဆံ့ ကျည်အိမ်)များတွင်ပင် ထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် Kalashnikov Group အနေဖြင့် အဆိုပါ ၅ ဒသမ ၄၅ မမခဲစိတ်ကျည်များ၏ ဒီဇိုင်းပိုင်းနှင့် အမြောက်အမြား ထုတ်လုပ်နိုင်မည့် နည်းပညာရပ်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



Kalashnikov successfully tests multi-bullet assault rifle cartridges against drones ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ဗန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေထောက်ပဲ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ကသာ ဧပြီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေထောက်ပဲ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဗန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၄၇၅၁ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေထောက်ပဲ စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၇ ဒသမ ၁၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ဗန်းမောက်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေထောက်ပဲ ၄၇၅၁ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေထောက်ပဲခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ မြေထောက်ပဲကို အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

မြေထောက်ပဲကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)




# ညောင်ရွှေမြို့နယ် နွားခမမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**ညောင်ရွှေ ဧပြီ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ချစေရန် ရည်ရွယ်၍ မင်းချောင်းကျေးရွာအုပ်စု နွားခမမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက နွားခမမြောက်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၇ ဒသမ ၂၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အခြား အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးခဲ့ပြီး ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် နွားခမမြောက် ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁၈ ဦး၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ လေးဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ လေးဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦး၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၄ ဦး မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၇ ဒသမ ၂၅ သန်း ထုတ်ချေးပေးထားကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# သာပေါင်းမြို့နယ်တွင် ဒေသထွက်ဖရဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**သာပေါင်း ဧပြီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ဖရဲသီးများဝယ်ယူမှု အားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း သာပေါင်းမြို့နယ် သစ်သီးမျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် ဒေသထွက်ဖရဲသီးများ ဈေးကွက်အတွင်း ယခုနှစ် ဧပြီလဒုတိယပတ်မှ ယနေ့ထိ လက်ရှိတစ်ရက်လျှင် ဖရဲသီးအလုံးရေ ၃၅၀၀ မှ ၅၅၀၀ ထိ ဝယ်ယူမှုအားကောင်းမွန်လာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိဈေးကွက်ထဲမှာ ဖရဲသီးတွေ ဝယ်ယူမှုအားများနေပါတယ်။ လက်ရှိမှာ ဖရဲသီး တစ်ရက်လျှင် အလုံးရေ ၅၅၀၀ ထိ အရောင်းအဝယ် ဖြစ်နေပါတယ်။ အခုလိုဖရဲသီးတွေ ဝယ်ယူမှု အားကောင်းလာတော့ ဖရဲစိုက်ပျိုးတဲ့တောင်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုအဆင်ပြေလာပါတယ်" ဟု သာပေါင်းမြို့နယ်သစ်သီးမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။



သာပေါင်းမြို့နယ်တွင် အရောင်းအဝယ်ကောင်းမွန်သည့် ဖရဲသီး တစ်လုံးလျှင် အရွယ်အစားနှင့် အရည်အသွေးပေါ် မူတည်ပြီး ငွေကျပ် ၃၅၀၀ မှ ၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း အဆိုပါ ဖရဲသီးများ ဝယ်ယူအားကောင်းလာသည့်အတွက် ဖရဲစိုက်တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေလျှက် ရှိကြောင်း သာပေါင်းမြို့နယ် သစ်သီးမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# သနပ်ပင်မြို့နယ် ကမာဘာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သနပ်ပင် ဧပြီ ၁၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ကမာဘာကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကမာဘာကျေးရွာနှင့် ကတုံးတန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သနပ်ပင်မြို့နယ် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၃၂ သိန်းကို လွှဲပြောင်း ပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကမာဘာကျေးရွာနှင့် ကတုံးတန်းကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၇ ဦးကို ငွေကျပ် ၃၇၃ သိန်း၊ မွေးမြူရေး လုပ်ငန်း လုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၈၆ သိန်းငါးသောင်း၊ ရေလုပ်ငန်း လုပ်ကိုင်သူ ၂၉ ဦးကိုငွေကျပ် ၇၂ သိန်းငါးသောင်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၄၀ ကို စီမံကိန်းရန်ပုံငွေကျပ် ၅၃၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နွဲ့ယဉ်**



# ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ကျောက်ကုန်းတောရ မေဒိနီစာသင်တိုက်ကြီး၏ ဦးစီးပဓာနမဟာနာယကဆရာတော် သာ - သီ - ဓ၊ ဂဏဝါစက၊ ပါဠိပါရဂူ၊ ဝိနယပါရဂူ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဘိဓဇ အဂ္ဂမဟာမင်္ဂလဓမ္မဇောတိက ဘဒ္ဒန္တကောဝိဒဓဇ ချီးမြှင့်တော်မူအပ်သော နှစ်ကူးမင်္ဂလာ နှုတ်ခွန်းဆက်တရားတော်

၁၃၈၇ ခုနှစ်ဟု ဆိုအပ်သော နှစ်ဟောင်းကုန်ပျောက်၍ ၁၃၈၈ ခုနှစ်ဟု ဆိုအပ်သော နှစ်သစ်မင်္ဂလာသို့ ရောက်ရှိသည့် အချိန်အခါမှစ၍ မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့၊ ယခုကဲ့သို့ မင်္ဂလာရှိသော နှစ်သစ်အခါသမယတွင် ဘုန်းကြီးတို့၏ နိုင်ငံတစ်ဝန်း မှီတင်းနေထိုင်ကြသော သူတော်စင် ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့အား မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မာတို့၏ နေခြင်းတရားလေးပါး၊ တစ်နည်းအားဖြင့် အရိယာတို့၏ နေခြင်းတရားလေးပါးဖြင့် မင်္ဂလာရှိကြပါစေကြောင်း ရှေးဦးစွာ နှုတ်ခွန်းဆက်ကောင်းချီးမင်္ဂလာပြုပါသည်။

ဘုန်းကြီးအနေဖြင့် ပရိသတ်အပေါင်း သူတော်ကောင်းတို့အတွက် နှစ်ဟောင်းကို နှုတ်ဆက်၍ နှစ်သစ်ကို ကြိုဆိုသောအားဖြင့် ဓမ္မလက်ဆောင် အနည်းငယ်ပေးသွားမှာပါ။

ယနေ့သည် နှစ်ဟောင်းတစ်နှစ် ကုန်ဆုံးပြီး နှစ်သစ်တစ်နှစ်ကို ကြိုဆိုသည့် ထူးခြားသည့် အချိန်အခါသမယလည်းဖြစ်ပါသည်။ ဘုန်းကြီးတို့ကော၊ ဒို့ဒါယကာ၊ ဒါယိကာမတို့ပါ ဖြတ်သန်းနေကြရသည့် လူသားတို့၏ဘဝတွင် ကာလဟူသော "အချိန်" သည် အလွန်တန်ဖိုးကြီးမားလှပါသည်။ ကုန်ပြီးသမျှ အချိန်ဟူသမျှ ပြန်မရနိုင်သော အရာတစ်ခုဖြစ်ကြောင်း လေးလေးနက်နက် စဉ်းစားသင့်ကြပါသည်။ ဘုရားရှင်၏ ဒေသနာမှာတော့ "ကာလော ဃသတိဘူတာနိ၊ သဗ္ဗာနေဝ သဟတ္တနာ။ ယောစ ကာလဃသော ဘူတော၊ သဘူတ ပစန် ပစိ" လို့ ဇာတကပါဠိတော်မှာ လာပါသည်။ အဓိပ္ပာယ်အနေနဲ့ အချိန်ကာလတရားဆိုတာ မိမိနဲ့အတူ အားလုံးကို



တိုက်စားသွားနေသည်တဲ့။ ဒါကို အဖြောင့်ပါဠိအနေနဲ့ "ကာလော ဂစ္ဆတိ၊ အာယု ခီယတိ" လို့လည်း သတိပေးတော်မူကြပါသည်။ ဒီအချိန်သည် တဖြည်းဖြည်း လျော့လျော့သွားသည်တဲ့။ အသက်လည်း တစ်နေ့တစ်နေ့ တရွေ့ရွေ့ကုန်ဆုံးသွား ကြီးကြီးလာနေသည်တဲ့။ မိမိတို့ အသက်ထင်ရှားရှိစဉ် အချိန်မနှောင်းခင် လောကဓမ္မအကျိုးများ တိုးပွားအောင် ဆောင်ရွက်ရန် အသိ၊ သတိပေးခြင်းဖြစ်သည်။

ဤကဲ့သို့ အချိန်၏ သတ္တဝါတို့အား မစောင့်တတ်သည့်သဘောသဘာဝကိုနားလည်ဆင်ခြင်တတ်သည့်အခါ ယခုကဲ့သို့ နှစ်ဟောင်းကို နှုတ်ဆက်၍ နှစ်သစ်ကို ကြိုဆိုသည့် အချိန်ကာလအတွင်းဝယ် "ဘဝကို မည်သို့ အသုံးချမလဲ" ဟု ပြန်လည်စဉ်းစားရပါမည်။

နှုတ်ဆက်သည့် နှစ်ဟောင်းအတွင်း ဖြတ်သန်းခဲ့ကြသည့် အပြုအမူများကို ပြန်လည်သုံးသပ်ကြည့်သောအခါ မကောင်းမှုများကို ပြုလုပ်ခဲ့မိကြသလား၊ မိဘဆရာသမား၊ မိသားစုများ၊ မိတ်ဆွေသင်္ဂဟများကို စိတ်မကောင်း ဖြစ်စေခဲ့သလား၊ ကိုယ့်စိတ်ကို ထိန်းသိမ်းနိုင်ခြင်းရှိခဲ့ရဲ့လား စသည်ဖြင့် စဉ်းစားဆင်ခြင်၍၊ အကယ်၍ နှစ်ဟောင်းအတွင်း လိုအပ်ချက်များ ဖြည့်ဆည်းရမည်။ မကောင်းမှုလုပ်ခဲ့ပါက နောင်တရစရာများ ရှိခဲ့ပါက ကိုယ့်ကိုယ်ကိုယ်မညှာ တမ်းပြင်ဆင်ရမည်ဖြစ်ပါသည်။

နှစ်ဟောင်းအတွင်း ကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့သူအချင်းချင်း မေတ္တာတရားနှင့် ဖြတ်သန်းခဲ့သည်။ အချင်းချင်း ခန္တီတရားဖြင့် သည်းခံနိုင်ခဲ့သည်ဟု စဉ်းစားဆင်ခြင်နိုင်ခဲ့ပါက ဤကောင်းမှုများကို နှစ်သစ်တွင် ပို၍လုပ်ဆောင်နိုင်ရန် ကြိုးစားရမည်။ ဤနေရာမှာ ဘုရားရှင် ကိုယ်တော်တိုင်ဆုံးမလှေ့ရှိသော ဂါထာလေးဖြင့် နှစ်သစ်ဓမ္မလက်ဆောင်ကို ပေးချင်ပါသည်။

သဗ္ဗပါပဿ အကရဏံ၊
ကုသလဿူပ သမ္ပဒါ။
သစိတ္တပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။

သဗ္ဗပါပဿ အကရဏံ- မကောင်းမှု အားလုံးကို မပြုလုပ်ခြင်း။

ကုသလဿ ဥပသမ္ပဒါ- ကောင်းမှုကုသိုလ်များ ပြုလုပ်ခြင်း။

သစိတ္တပရိယောဒပနံ- မိမိစိတ်ကို ဖြူစင်အောင် သန့်ရှင်းစေခြင်းတို့ ဖြစ်သည်။ ဒီနေ့မှစ၍ နှစ်သစ်အတွက် လက်တွေ့ကျင့်သုံးနိုင်ရန် -

၁။ မကောင်းမှုမှ ရှောင်ကြဉ်ရာတွင် ယခုဖြစ်ပျက်နေသည့် လိမ်လည်ခြင်း၊ တစ်ဦးနှင့်တစ်ဦး မုန်းတီးခြင်း၊ လောဘဒေါသများ နည်းပါးအောင် ကျင့်ကြံ၍ နှစ်သစ်ကို ဖြတ်သန်းနိုင်ကြရန် ကြိုးစားကြရပေမည်။

၂။ ကောင်းမှုတိုးပွားစေခြင်းအတွက် ဒါန-လှူဒါန်းခြင်း၊ သီလ-ကိုယ်နှင့်နှုတ် စည်းကမ်းထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဘာဝနာ- မိမိစိတ်ကို သိမ်မွေ့အောင် အလေ့အထလုပ်ခြင်းတို့ဖြင့် ဖြတ်သန်းကြရန်ဖြစ်သည်။ အထူးသဖြင့် နှစ်ကူးအခါသမယတွင် မဖြစ်မနေ ပွားများစေချင်သည့်တရားမှာ မေတ္တာဘာဝနာဖြစ်သည်။ မေတ္တာဘာဝနာတစ်ခုကို ပွားများဖြစ်သည်နှင့် ကျန်သည့် ဗြဟ္မဝိဟာရ တရားများလည်း အလိုလိုကိစ္စပြီးမြဲဖြစ်သည်။

၃။ စိတ်ကို ဖြူစင်စေခြင်း၊ သန့်ရှင်းစေခြင်းအတွက် စိတ်ကောင်းစိတ်မြတ်များ မွေးမြူရေးပင် ဖြစ်သည်။ မေတ္တာစသော ဗြဟ္မဝိဟာရတရားနှင့် ဖြတ်သန်းလေသောစိတ်သည် ဖြူစင်နေမည် ဖြစ်သည်။

သို့ဖြစ်ရာ ယခုနှစ်သစ်နေ့မှစ၍ အသစ်စတင်သည့် အချိန်အခါကို အခွင့်အရေးတစ်ရပ်သဖွယ် အသုံးပြု၍ မကောင်းမှုလျော့နည်းအောင်၊ ကောင်းမှုတိုးပွားအောင်၊ စိတ်ကိုသန့်ရှင်းအောင် လေ့ကျင့်နိုင်ကြပါစေ။ နောက်ဆုံးအနေဖြင့် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေ၊ လိုအင်ဆန္ဒပြည့်ဝကြပါစေ၊ တရားထူး တရားမြတ်များ ပြည့်စုံအောင် ကျင့်ကြံနိုင်ကြပါစေ။

**မြန်မာနိုင်ငံတော်သူ၊ နိုင်ငံတော်သား အားလုံး -**
**မင်္ဂလိကာ သုခါ ဟောန္တု၊**
**လဒ္ဓဇယာ ပမောဒိကာ ဟောန္တု။**

🏳 **ရှေ့ဖုံးမှအဆက်**

တောင့်တအပ်သော ကောင်းကျိုးချမ်းသာ အဖြာဖြာတို့နှင့် ပြည့်စုံကြစေရန်......

"လူ့ပြည်ဘဝ၊ လူ့လောက၌၊ ထကြွရေးရာ၊ လိမ္မာစွာနှင့်၊ ဖွေရှာရပြား၊ ဥစ္စာများကို၊ ပျက်ပြားမပျောက်၊ ယွင်းမထောက်အောင်၊ စောင့်ရှောက်နိုင်ထ၊ သီလ၊ သဒ္ဓါ၊ ပညာရှိပေါင်း၊ မိတ်ကောင်းအမြဲ၊ မှီဝဲပေါင်းဖော်၊ မမော်မကြွား၊ ပလွှားမဝါ၊ မျှကာသက်မွေး၊ ကျင့်ရေးစတု၊ ဤလေးခုတို့၊ ယခုဒိဋ္ဌ၊ ပစ္စက္ခ၌၊ ဟိတချမ်းသာ၊ ပွားကြောင်းလာ၏ ဟူသော မဃဒေဝလင်္ကာသစ်၌ မိန့်ဆိုထားသည်နှင့်အညီ...

-ဤလူ့ဘဝလူ့လောက၌ ထကြွလုံ့လဝီရိယရှိပြီး ကျွမ်းကျင်လိမ္မာစွာဖြင့် ရှာဖွေရရှိထားသော မိမိတို့၏ ဥစ္စာပစ္စည်းများကို ရေ၊ မီး စသော ရန်သူမျိုးငါးပါးတို့ မလုယက်၊မဖျက်ဆီးနိုင်အောင်စောင့်ရှောက်ကာကွယ်ထားခြင်း၊

-သဒ္ဓါ၊သီလစသော သူတော်ကောင်းတရားတို့နှင့် ပြည့်စုံ၍ လောကရေးဓမ္မရေး၌ တိုးတက်ကြီးပွားကြောင်း နည်းလမ်းကောင်းကို ညွှန်ပြတတ်သော ပညာရှိ၊ မိတ်ကောင်းဆွေကောင်းတို့ကို မှီဝဲဆည်းကပ်ပေါင်းဖော်ခြင်း၊

-အမျိုး၊ ပညာ၊ ဥစ္စာစသော ဂုဏ်များဖြင့် မိမိကိုယ်ကို မြှောက်၍ သူတစ်ပါးတို့ကို မထီမဲ့မြင်မပြုဘဲ မော်ကြွားပလွှား၍မနေခြင်း၊

-ဥစ္စာရွှေငွေအဝင်များ၍ အထွက်နည်းအောင်ညီညွတ်မျှတသော အသက်မွေးမှုမျိုးဖြင့် အသက်မွေးခြင်းဟူသော တရားလေးပါးတို့ကို ပြည့်စုံအောင်ဆောင်ရွက်နိုင်ကြပြီး ယခုပစ္စုပ္ပန်ဘဝနှစ်သစ်မင်္ဂလာကောင်းမြတ်သော အချိန်အခါမှစ၍ စည်းစိမ်ချမ်းသာအဖြာဖြာတို့ ကြီးပွားတိုးတက်နိုင်ကြပါစေကြောင်း မွန်မြတ်သော အာသီသမနသိကာရ စိတ်ထားကောင်းဖြင့် ဆုတောင်းပတ္ထနာပြုအပ်ပါသတည်း။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို


**နေပြည်တော် ဧပြီ ၁၈**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ ဒေသခံတိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေးအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်ဒေသတစ်ဝိုက် နယ်မြေလုံခြုံရေးတာဝန်များနှင့် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအားစွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ညောင်ပင်သာမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်သည်။

အဆိုပါဂုဏ်ပြုကြိုဆိုပွဲသို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်၍ အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို အောင်သပြေခက်များ၊အိုးစည်ဒိုးပတ်အတီး၊အမှုတ်၊အက၊အခုန်များဖြင့် ဝမ်းမြောက်စွာသောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြပြီး တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားကာ အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (မဝ၁)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုး နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို အောင်သပြေခက်များဖြင့် ဂုဏ်ပြုကြိုဆိုစဉ်။



# ရွှေကျင်နိကာယသာသနာပိုင် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ နှစ်ဦးနှုတ်ခွန်းဆက် သံဝေဂကထာ

**အတ္တဒဏ္ဍာ ဘယံ ဇာတံ၊ ဇနံ ပဿထ မေဓကံ**

**အတ္တဒဏ္ဍာ= အတ္တကမ္မ၊ အတ္တနောဒုစ္စရိတကမ္မ။ မိမိဒဏ်ဟူသည် မိမိ၏ကံဖြစ်သည်။**

ရောဟိနီမြစ်၏ တစ်ဖက်စီ၌ နေကြကုန်သော သာကီယနှင့် ကောလိယ မင်းတို့ရေလုစစ်ပွဲ ဆင်နွှဲကြသည့်အခါ ဘုရားကြွလာ၍ ဟောတော်မူပါသည်။

ကိုယ်ပြုတဲ့ ကိုယ့်အမှုတွေကြောင့် ဘေးဒုက္ခတွေဖြစ်တာတဲ့။ ဆွေမျိုးသားချင်း၊ လူသားအချင်းချင်း ဆန့်ကျင်သောအယူဝါဒ၊ အယူအဆတွေကြောင့် အချင်းချင်း ဆန့်ကျင်ဘက်တွေဖြစ်နေကြပြီး အချင်းချင်းသတ်ဖြတ် နှိပ်စက်နေကြသည်ကို ရှုကြကုန်လော့၊ ဒီနေ့ လူသားတွေဟာ အိုင်ထဲက ရေနည်းငါးတွေလို ဖြစ်နေကြပြီ။ ရေအိုင်ကြီးတစ်ခုမှာ ရေအပြည့်၊ ငါးအပြည့် နေကြစဉ်က ငါးတွေထိတ်လန့် တုန်လှုပ်ခြင်းမဖြစ် ချမ်းသာစွာကူးခတ်သွားလာနေကြသည်။ ရေနည်းလာလေ ကျဉ်းမြောင်း ကျပ်တည်းလာလေဖြစ်ပြီး တိုးဝှေ့နေကြကာ ထွက်ပေါက်ရှာနေကြပြီ၊ ငါးတွေအားလုံး တုန်လှုပ်နေကြပြီး ထွက်ပေါက်မတွေ့ ဖြစ်နေကြသည်ကို ငါဘုရား သံဝေဂယူသည်။ သင်တို့ (သာကီဝင်နှင့် ကောလိဝင်) ဆွေမျိုးသားရင်းများလည်း သံဝေဂယူကြဟု မြတ်စွာဘုရား မိန့်တော်မူပါသည်။

**သံဝေဂံ ကိတ္တယိဿာမိ၊ ယထာ သံဝိဇိတံ မယာ။**

ငါဘုရားသည် ဘုရားမဖြစ်ခင်ကပင် အချင်းချင်း ဆန့်ကျင်ဘက်တွေဖြစ်၊ အချင်းချင်း ဖောက်ပြန်စွာကျင့်၊ အချင်းချင်းနှိပ်စက်နေကြသည်တို့ကို သံဝေဂယူခဲ့ပြီ။

သံဝေဂယူကြကုန်လော့..

**သီတဂူစန်းလပမာ ချမ်းမြသာယာရှိပါစေ။**

# ဒေါက်တာဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ (အောင်ဆန်းဆရာတော်)၏ နှစ်သစ်ကူးဆုတောင်းလွှာ

ယနေ့ ၁၃၈၇ ခုနှစ်ကနေ ၁၃၈၈ ခုနှစ်ဆို နှစ်သစ်ကို ပြောင်းရွှေ့သွားတဲ့၊ နှစ်ကူးသွားတဲ့ နှစ်သစ်မင်္ဂလာအချိန်အခါဖြစ်ပါတယ်။ နှစ်သစ်မင်္ဂလာအချိန်အခါ ကောင်းသောနက္ခတ်၊ ကောင်းသောမင်္ဂလာ၊ ကောင်းသောအချိန်ဖြစ်ကြပါစေ။

ကောင်းသောနက္ခတ်၊ ကောင်းသောမင်္ဂလာ၊ ကောင်းသောအချိန်ကိုယူပြီးတော့ ၁၃၈၈ ခုနှစ် နှစ်သစ်မင်္ဂလာအချိန်အခါမှစ၍ သက်တမ်းတွေရှည်လျားပြီး အားလုံးသော မြန်မာနိုင်ငံအတွင်းရှိ ဆရာတော်၊ သံဃာတော်များ၊ ခုနစ်ရက်သားသမီးများ၊ နိုင်ငံတော်သမ္မတကြီးနဲ့ အစိုးရ၏ တာဝန်ကိုဆောင်ရွက်နေကြသော အစိုးရမင်းများနဲ့တကွ တိုင်းသူပြည်သားအပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပြည့်စုံကြပါစေ၊ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာဆိုတဲ့ ဟီရိဩတ္တပ၊ သူတော်ကောင်းတရားနဲ့ အစဉ်ကိန်းဝပ်ပြီး ကောင်းကျိုးချမ်းသာ ခံစားစံစားရရှိနိုင်ကြပါစေ။

မြန်မာနိုင်ငံတော်ကြီးက ထေရဝါဒ ငါးနိုင်ငံတွင် ပါဝင်တဲ့တစ်နိုင်ငံဖြစ်ပြီး မြတ်စွာဘုရားရဲ့ အဆုံးအမဖြစ်တဲ့ သူတော်ကောင်းတရားခုနစ်ပါး အမြဲတမ်းကိန်းဝပ်ကြပါစေ၊ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ပညာဆိုတဲ့ဟီရိဩတ္တပသူတော်ကောင်းတရား ခုနစ်ပါး သဒ္ဓါအားလုံးသော သတ္တဝါတွေကောင်းတာလုပ်ရင် ကောင်းတာဖြစ်တယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်တယ်ဆိုတဲ့ မိမိရဲ့ကံ၏အကျိုးကို အားလုံးယုံကြည်နိုင်ကြပါစေ။

ကံ၊ ကံ၏အကျိုးဆိုတာက လူမျိုးနဲ့၊ ဘာသာနဲ့ မဆိုင်ပါဘူး၊ သတ္တဝါ ၊ သတ္တဝါတိုင်းမှာ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်တယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်တယ်၊ တစ်နေ့တာမှာ လူရယ်လို့ဝဖြစ်ပြီးတော့ သေသွားတဲ့ တစ်ဘဝအတွင်း နေ့စဉ် နေ့တိုင်းလှုပ်ရှားနေတာက မနက်မိုးလင်းပြီဆိုကတည်းက စိတ်ကနေကြံစည်တဲ့ မနောကံတွေ၊ နှုတ်ကနေပြောဆိုတဲ့ ဝစီကံတွေ၊ ကိုယ်ကိုယ်တိုင်ပြုလုပ်ကြတဲ့ ကာယကံတွေ၊ အဲဒီကံသုံးကံနဲ့ပဲ တစ်နေ့တစ်နေ့၊ တစ်လတစ်လ ၊ တစ်နှစ်တစ်နှစ် အသက်တွေဘဝဆုံးတဲ့အထိ လှုပ်ရှားလာခဲ့ကြတယ်။ အဲဒီမှာ အရှုံးနဲ့အမြတ်ကိုပြန်တွက်ကြတယ်၊ မိမိမှာပိုင်ဆိုင်နေတဲ့ မနက်အိပ်ရာထချိန်ကစပြီး ဖြစ်ပေါ်လာတဲ့မနောကံမှာ ကောင်းတဲ့မနောကံရှိတယ်၊ မကောင်းတဲ့မနောကံရှိတယ်၊ မကောင်းတဲ့ မနောကံများရင် တစ်နေ့တာအတွက် ဘဝမှာ အရှုံးထွက်တာပဲ၊ ကောင်းတဲ့မနောကံတွေများရင် တစ်နေ့တာအတွက် အမြတ်ထွက်တာပဲ။ ထို့အတူပဲ ကံကောင်းကြလို့ နှုတ်ကောင်း၊ ပါးစပ်ကောင်းလေးတွေရကြတယ်။ သုံးတတ်ရင်ဆေး၊ မသုံးတတ်ရင် ဘေးဆိုတဲ့စကားအရ မနက်မိုးလင်းကနေ ညအိပ်ရာဝင်ချိန်ကာလအထိ ကောင်းတဲ့ဝစီကံ၊ မကောင်းတဲ့ ဝစီကံတွေ ဘယ်လောက်သုံးမိသလဲဆိုတာ မိမိကိုယ့်ကို နေ့စဉ်နေ့တိုင်း သုံးသပ်ကြည့်မိမယ်ဆိုရင် မကောင်းတဲ့ဝစီကံတွေဟာ ကိုယ့်မှာ စည်းမဲ့ကမ်းမဲ့ မလိုတဲ့နေရာသုံးမိမယ်ဆိုရင် တစ်နေ့တာအတွက် အရှုံးထွက်တယ်၊ ကံကောင်းထောက်မလို့ လူ့ဘဝ၊ လူ့လောက ရောက်လာပြီးတော့ သွားနိုင်၊ လာနိုင်၊ စားနိုင်၊ သောက်နိုင်တဲ့ ရရှိနေတဲ့နှုတ်ကိုကောင်းတဲ့ ကာယကံ၊ ကောင်းတဲ့ဝစီကံဆိုတဲ့ မှန်မှန်ကန်ကန် ပြောဆိုခြင်း၊ မုသားမပြောခြင်း၊ ကုန်းတိုက်မပြောခြင်း၊ ကြမ်းတမ်းတဲ့စကားတွေ မပြောဘဲ ကောင်းသောစကားကိုသာ ပြောဆိုမယ်ဆိုရင် ဒီနေ့ တစ်နေ့တာအတွက် လူ့ဘဝမှာ ငါတို့ကံကောင်းလို့၊ အမေမွေးလို့၊ ကံပစ်ချလိုက်လို့ ပါးစပ်ကောင်း၊ နှုတ်ကောင်းလေးတွေရတဲ့အခါ ဒါကနေ ဒီတစ်နေ့တာအတွက် အမြတ်ထွက်သွားတာပဲ။ မသုံးတတ်လို့ကတော့ ဖြစ်ရင် ကံကောင်းလို့၊ အမေမွေးလိုက်လို့ ကောင်းကောင်းမွန်မွန်ရလာတဲ့ အခိုက်၊ မပြောတတ်ရင် အပါယ်ကိုရောက်နိုင်တယ်။ နောက် ကာယကံ၊ အတိတ်ကပြုလုပ်ခဲ့တဲ့ ကောင်းမှုကံစေတနာကြောင့် ဆွံ့အ၊ နားမကြားမဖြစ်ဘဲ ခြေအကောင်း၊ လက်အကောင်း၊ မျက်စိအကောင်း၊ နားအကောင်း၊ အကုန်လုံးကောင်းမွန်တယ် ဖြစ်တာက ကံအကောင်းတစ်မျိုး၊ ကောင်းတဲ့ကံရလာတဲ့အချိန်မှာ ကာယကံမှုတွေကို မနက်မိုးလင်းကနေ မိုးချုပ်အထိ ကာယကံမှုတွေနဲ့ မိမိတို့နေ့စဉ်နေ့တိုင်း မဆင်မခြင်ပြုလုပ်နေမယ်ဆိုရင် တစ်နေ့တာအတွက် မိမိဘဝမှာ ဆိုးကျိုးတွေရလိမ့်မယ်။ တန်ဖိုးရှိတဲ့ဘဝကြီးကို ဆိုးကျိုးတွေမဖြစ်ဘဲနဲ့ အမြဲတမ်း ကာယကံမှုကလည်း ခြေတွေ၊ လက်တွေလှုပ်နိုင်သမျှ ကိုယ်မှုတစ်ပါး ကိုယ်ကအစပြုတဲ့ အားလုံးသတ္တဝါတွေ ကာယကံကြောင့် အားလုံးအစစအရာရာ အဆင်ပြေပါစေ၊ အမေမွေးတဲ့လက်က နိဗ္ဗာန်ထိအောင်ပို့နိုင်တာ ဒီလက်၊ ဒီခြေပါပဲ။ အပါယ်ထိတောင် ဆင်းတာလည်း ဒီလက်၊ ဒီခြေပါပဲ။ ဒါတွေ အကောင်းဆုံးဖြစ်အောင် ယနေ့နှစ်သစ်ကူးတဲ့အချိန်ကစပြီး တစ်သက်တာမှာ ကောင်းတဲ့ကာယကံ ဆောင်ရွက်နိုင်ကြပါစေ၊ ဆောင်လည်း ဆောင်ရွက်ကြပါ။ ဆောင်ရွက်မှသာ လျှင် တန်ဖိုးရှိတဲ့ လူ့ဘဝ၊ လူ့လောကကြီးက မိမိဘဝအတွက် အမြတ်ထွက်မှာပါ။

သဒ္ဓါဆိုတဲ့ တရားနဲ့ မိမိကံ၏ကံအကျိုးကို ယုံကြည်စွာဖြင့် ကောင်းတဲ့စကားတွေ၊ ကောင်းတဲ့စိတ်တွေမွေးနိုင်ကြပါစေ၊ ကောင်းတဲ့အပြောတွေ ပြောနိုင်ကြပါစေ၊ ကောင်းတဲ့ဝစီကံတွေနဲ့ အချိန်သုံးပြီး ကုန်ဆုံးကြပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်။ ထို့အတူပဲ သတ္တဝါတိုင်း၊ သတ္တဝါတိုင်း အားလုံးမကောင်းတဲ့စိတ်တွေ မမွေးကြပါနဲ့၊ မကောင်းတဲ့အပြောတွေ မပြောမိအောင်ရှောင်ကြဉ်ကြပါစေ၊ မကောင်းတဲ့ကာယကံတွေ မပြုမိကြပါစေနဲ့ တိုက်တွန်းနှိုးဆော်ပါတယ်၊ သဒ္ဓါဆိုတဲ့ကံ၊ ကံ၏အကျိုးကိုယုံကြည်စွာဖြင့် အားလုံးကျင့်သုံးနိုင်ကြပါစေလို့ ဆန္ဒပြုဆုတောင်းမေတ္တာပို့သပါတယ်။

သီလတွေဆောက်တည်ကြပါ။ သီလဆောက်တည်ကြတဲ့အခါ သတ္တဝါ၊ သတ္တဝါတိုင်းရဲ့ လူ့ဘဝတစ်ခုလုံးရဲ့တန်ကြေးကိုကြည့်ရင် သီလပါပဲ၊ ငါးပါးသီလထဲမှာ တစ်ခုကျိုးပေါက်နေရင် လူ့ဘဝတန်ဖိုးမရှိတော့ဘူး၊ ငါးပါးသီလကိုတတ်နိုင်သလောက် ကြိုးစားပြီးထိန်းသိမ်းသွားမယ်ဆိုရင် ယခုဘဝအတိတ်ကံ မည်မျှမကောင်းပါစေ၊ သီလရဲ့ အကျိုးတရားကြောင့် သံသရာမှာ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်ချမ်းသာတိုင်အောင် ကောင်းကျိုးချမ်းသာရရှိမယ်လို့ ယုံကြည်တဲ့သီလတရားတွေ စောင့်ရှောက်ထိန်းသိမ်းနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။

မည်သည့်ဘာသာဝင်ဖြစ်ဖြစ် ဘာသာရေးနဲ့ ပတ်သက်ပြီးတော့ ဗဟုသုတပြည့်ပြည့်စုံစုံရှိကြပါစေ၊ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်တယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်တယ်ဆိုတဲ့ အသိတရားတွေရှိပြီးတော့ အားလုံးကျင့်သုံးနိုင်ကြပါစေ။

ကောင်းတာ၊ မကောင်းတာတွေကို နားလည်ဆုံးဖြတ်နိုင်စွမ်းရှိတဲ့ အသိပညာတွေရှိသွားမယ်ဆိုရင် မကောင်းတာတွေမှာရှောင်ပြီး ကောင်းတာတွေလုပ်သွားမယ်ဆိုရင် လောကကြီးတစ်ခုလုံး ကောင်းကျိုးချမ်းသာတွေရရှိကြပါတယ်။ သတ္တဝါတိုင်းမည်သူမျှ မကောင်းတာကို မလိုချင်ကြပါဘူး၊ ကောင်းတာတွေကို ကြားချင်၊ မြင်ချင်ကြတာပါ၊ ကောင်းတဲ့အရာတွေကို နှစ်သက်သလို မိမိတို့ကိုယ်တိုင်လည်း အစစအရာရာ နှစ်ကုန်ကနေစပြီး နှစ်သစ်ကူးသွားတဲ့ အချိန်မှာ ရာသက်ပန်ကောင်းတဲ့ အနေအထား ဆောင်ရွက်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်။

မြန်မာနိုင်ငံနှင့်တကွ တစ်ကမ္ဘာလုံးရှိ အားလုံးသောလူသားတွေ ကျန်းမာချမ်းသာ အသက်ရှည်ပါစေ။

လူသားတွေအကျိုးပြုတဲ့ ရာသီဥတုလည်း မှန်ပါစေ။

တိုင်းပြည်တိုင်းမှာ အုပ်ချုပ်နေတဲ့ မင်းကောင်းမင်းမြတ်များ၊ တိုင်းပြည်ကို ငြိမ်းချမ်းအောင်အုပ်ချုပ်နိုင်သလို ယနေ့ မြန်မာနိုင်ငံနှင့်တကွ တစ်ကမ္ဘာလုံးရှိ မင်းအစိုးရအပေါင်းတို့ တိုင်းပြည်ကိုအေးချမ်းသာယာအောင် အုပ်ချုပ်နိုင်ကြပါစေ၊ တိုင်းသူပြည်သားများကိုလည်း ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်ပြီး အစစအရာရာ ဆောင်ရွက်နိုင်ကြပါစေ။

တိုင်းသူပြည်သားများကလည်း မင်းနဲ့ ပြည်သူအတူ လက်တွဲပြီးတော့ အပြန်အလှန် ကျေးဇူးတရားသိပြီးတော့ ပြည်သူများကလည်း တိုင်းပြည်အုပ်ချုပ်တဲ့အစိုးရအပေါ်မှာ မိဘသဖွယ် အားကိုးပြီး တိုင်းပြည်အုပ်ချုပ်ကြတဲ့ မင်းအစိုးရများကလည်း တိုင်းသူပြည်သားတွေအပေါ် ရင်မှာ မွေးသော သားသမီးကဲ့သို့ စောင့်ရှောက်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်။

မင်းနဲ့ပြည်သူ၊ ပြည်သူနဲ့မင်း အပြန်အလှန် မေတ္တာတရား၊ မုဒိတာတရား၊ ကရုဏာတရားတွေ ပွားများဖို့ဆိုရင် ယနေ့ဘုန်းကြီးတို့ တန်ဖိုးရှိတဲ့ လူ့ဘဝလေးက တစ်ဘဝ၊ တစ်ခဏ အသက်ရှည်စွာ နေရပါစေ၊ တန်ဖိုးရှိတဲ့ လူ့ဘဝကြီးဖြစ်ပြီး ဤပြုရတဲ့ စေတနာ၊ မေတ္တာ၊ သဒ္ဓါတရား၊ ကောင်းမှုတွေကြောင့် ဒီဘဝမှာလည်း အေးချမ်းသာယာ၍ နောင်သံသရာမှာလည်း ရောဂါခပ်သိမ်းကင်းငြိမ်းပြီးတော့ အပါယ်လေးပါးက လွတ်ပြီး ကောင်းကျိုးချမ်းသာ ခံစားစံစားနိုင်ကြပါစေ။ ။



# ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

အမိန့်ကြော်ငြာစာအမှတ် ၃ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်

( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက နိုင်ငံတော်အတွက် ထူးကဲစွာ အမှုထမ်းသူ၊ အကျိုးဆောင်သူများဖြစ်သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**သုဓမ္မသင်္ဂဟဘွဲ့**

**မဟာသီရိသုဓမ္မဘွဲ့**

| | | |
|---|---|---|
| ၁။ | ဦးညိုစော | ဒုတိယသမ္မတ |
| ၂။ | ဒေါ်နန်းနီနီအေး | ဒုတိယသမ္မတ |

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ**

**သတိုးမဟာသရေစည်သူဘွဲ့**

| | | |
|---|---|---|
| ၁။ | ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး(ငြိမ်း) | ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် |

**မဟာသရေစည်သူဘွဲ့**

| | | |
|---|---|---|
| ၁။ | ဦးညိုစော | ဒုတိယသမ္မတ |
| ၂။ | ဦးခင်ရီ | ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် |
| ၃။ | ဦးအောင်လင်းဒွေး | ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် |

**စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ**

**သီရိပျံ့ချီဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးစိုးဦး | အဖွဲ့ဝင်(ငြိမ်း) | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | |
|---|---|---|
| ၁။ | ဦးဇော်ဝင်း | သယံဇာတရေးရာ ဝန်ကြီး(ငြိမ်း) ကရင်ပြည်နယ်အစိုးရအဖွဲ့ |

(ပုံ) မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ❑ နှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကားမှ

ယနေ့ဟာ မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်သို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်တာကြောင့် နှစ်ဟောင်းမှာကြုံတွေ့ခဲ့ရတဲ့အခက်အခဲနဲ့ စိန်ခေါ်မှုတွေကို မိဘပြည်သူများနဲ့အတူ ရင်ဆိုင်ကျော်ဖြတ်ခဲ့ကြရသလိုပဲ အခုနှစ်သစ်မှာလည်း မိမိတို့အားလုံး စည်းလုံးညီညွတ်မှု၊ လုံ့လဝီရိယ၊ မလျှော့သော စွမ်းပကားတို့နဲ့ အောင်မြင်စွာ ဖြတ်သန်းနိုင်မယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လှမ်းနိုင်ဖို့အတွက် မူလဦးတည်ရည်မှန်းချက်အတိုင်း လွတ်လပ်ပြီး တရားမျှတမှုအပြည့်အဝရှိတဲ့ အထွေထွေရွေးကောက်ပွဲကြီးကို ဂုဏ်သိက္ခာရှိရှိ အောင်အောင်မြင်မြင်နဲ့ ကျင်းပနိုင်ခဲ့ပါတယ်။ ဒါဟာလည်း ပါတီစုံဒီမိုကရေစီကို ချစ်မြတ်နိုးတဲ့ မဲဆန္ဒရှင်ပြည်သူများရဲ့ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်မှုကြောင့်ဖြစ်ကြောင်း လေးစားစွာမှတ်တမ်းတင်ပြောကြားလိုပါတယ်။

ယခုလိုထူးခြားတဲ့ နှစ်သစ်ကူးနေ့ထူးနေ့မြတ်အခါသမယမှာ ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီအစိုးရအသစ်နဲ့ လွှတ်တော်များဟာလည်း ပြန်လည်အသက်ဝင်လာပြီဖြစ်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် စာမျက်နှာသစ်ကို ဖွင့်လှစ်လိုက်ပြီဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်ဦးဆောင်တဲ့ နိုင်ငံတော်အစိုးရသစ်အနေနဲ့ အခုနှစ်သစ်ကစပြီး တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမအားလုံးတို့ရဲ့ လိုအင်ဆန္ဒများနဲ့ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ ထာဝရငြိမ်းချမ်းရေးနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့ကို အောင်မြင်အောင်အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲတစ်ယောက်အနေနဲ့ ကတိသစ္စာပြုထားတဲ့အတိုင်း အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ နိုင်ငံနဲ့ပြည်သူအားလုံးအကျိုးကို သစ္စာရှိစွာနဲ့ ဦးထိပ်ပန်ဆင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

အနာဂတ်ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးနဲ့ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာမှာ နိုင်ငံတော်တည်ငြိမ်ရေး၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနဲ့ ထာဝရငြိမ်းချမ်းရေးရရှိရေးဟာ အလွန်အရေးကြီးပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့အစိုးရအနေနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း တစိုက်မတ်မတ်အလေးထားဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမဲ့လည်း ငြိမ်းချမ်းရေးပန်းတိုင်ဟာ မဖြစ်သင့်မဖြစ်ထိုက်တဲ့ ပဋိပက္ခတွေကြောင့် အလှမ်းဝေးနေဆဲဖြစ်ပါတယ်။ ဒါ့ကြောင့် လက်နက်ကိုင်ပဋိပက္ခတွေကြောင့် နိုင်ငံမှာဖြစ်ပေါ်ခဲ့ရတဲ့ ထိခိုက်ဆုံးရှုံးမှုတွေကို ထောက်ရှုပြီး နိုင်ငံတည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းအားလုံး လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး နိုင်ငံရေးလမ်းကြောင်းကတစ်ဆင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ဖြေရှင်းဆောင်ရွက်သွားကြဖို့ အလေးအနက်တိုက်တွန်းလိုပါတယ်။ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ ငြိမ်းချမ်းရေးတံခါးကို ထာဝရဖွင့်ထားပြီး လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးနဲ့ ထာဝရငြိမ်းချမ်းရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်းနဲ့ ဒီ့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးတည်ဆောက်မှုနဲ့အတူ တစ်ဆက်တည်းမှာပဲ နိုင်ငံရဲ့အဓိကလိုအပ်ချက်ဖြစ်တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့လူဦးရေ ခလေ့ထုံးတမ်းအစဉ်အလာ၊ ပထဝီအနေအထားနဲ့ သဘာဝအရင်းအမြစ်တွေအရ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေကို နည်းလမ်းတကျဆောင်ရွက်ပြီး ထုတ်ကုန်များကို တိုးမြှင့်ကြဖို့လိုအပ်ပါတယ်။ အဲဒီကတစ်ဆင့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်တွေအပေါ်မှာအခြေပြုတဲ့ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSMEs) တွေကို အားပေးမြှင့်တင်ပြီး ပြည်တွင်းစားသုံးမှုလိုအပ်ချက်ဖူလုံတဲ့အပြင် ပြည်ပကိုတင်ပို့နိုင်တဲ့အထိ ကုန်ထုတ်လုပ်မှုကဏ္ဍမြင့်မားအောင် ဆောင်ရွက်ကြမယ်ဆိုရင် တစ်ဦးချင်းကအစ နိုင်ငံတော်အဆင့်ထိ ဖွံ့ဖြိုးတိုးတက်လာမယ်ဆိုတာ အသိပေးပြောကြားလိုပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူများ ခင်ဗျား**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်အေးချမ်းရေးတို့အတွက် အဓိကလိုအပ်ချက်ကတော့ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူအားလုံး အသိပညာ၊ အတတ်ပညာမြင့်မားရေးပဲဖြစ်ပါတယ်။ ပညာရည်နိမ့်ပါးသူတွေနဲ့ နိုင်ငံတော်ကို တိုးတက်ဖို့၊ ရှေ့ဆက်လျှောက်လှမ်းဖို့ ခက်ခဲနေမှာဖြစ်တယ်ဆိုတာ ဒီနေ့ကြုံတွေ့နေရတဲ့ဖြစ်စဉ်တွေက သက်သေပြနေတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒါ့ကြောင့် အနာဂတ်နိုင်ငံအတွက် အင်အားသစ်တွေဖြစ်တဲ့ ကျောင်းသား ကျောင်းသူ လူငယ်များဟာ ပညာရေး၊ ကျန်းမာကြံ့ခိုင်မှု၊ စိတ်ဓာတ်ကောင်းမွန်ခြင်း၊ အကျင့်စာရိတ္တကောင်းမွန်ခြင်းစတဲ့ ဗလငါးတန်နဲ့ ပြည့်ဝကြဖို့ လိုပါတယ်။ ဒါမှသာ နိုင်ငံ့ရှေ့ရေးဟာ ဘက်စုံပြည့်ဝထူးချွန်တဲ့ လူတော်လူကောင်းလူငယ်တွေရဲ့ ဦးဆောင်မှုနဲ့ အများကြီးပြောင်းလဲပြီး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ တစ်ဦးချင်းကအစ တစ်မျိုးသားလုံး စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်ရေးနဲ့ အတွေးအခေါ်အယူအဆ ဆင်ခြင်တုံတရားပြည့်ဝဖို့ အလွန်အရေးကြီးပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့လည်း အဲဒီအခြေခံဖြစ်တဲ့ ပညာရေးကဏ္ဍနဲ့ ကျန်းမာရေးကဏ္ဍကို ဆက်လက်မြှင့်တင်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်ဒီနေ့လူငယ်တွေကို အတတ်ပညာသာမက အသိပညာပါ ထက်မြက်ပြီး အနာဂတ်အတွက် အားကိုးအားထားဖြစ်နိုင်မယ့် ဘက်စုံထူးချွန်သူများဖြစ်အောင် မိဘများ၊ ဆရာ ဆရာမများနဲ့ တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းပြုစုပျိုးထောင်ပေးကြပါလို့ အလေးအနက်ထားမှာကြားလိုပါတယ်။

နောက်တစ်ချက်ကတော့ ပြည်တွင်းစည်းလုံးညီညွတ်မှုကို နည်းမျိုးစုံနဲ့ ဖြိုခွဲပြီး တိုင်းပြည်ကို ဒုက္ခရောက်အောင် လုပ်ဆောင်နေကြတဲ့ ပြည်တွင်းပြည်ပ ပယောဂများနဲ့ အဖျက်အမှောင့်တွေရဲ့ အန္တရာယ်ကို သတိတရားနဲ့ မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်ကြဖို့ အလွန်အရေးကြီးပါတယ်။ ဒီနေ့ နိုင်ငံတော်မှာဖြစ်ပျက်နေတဲ့ အဖျက်အမှောင့်တွေနဲ့ ဆူပူအကြမ်းဖက်မှုတွေရဲ့ အခြေခံဟာ ဒါပဲဖြစ်ပါတယ်။ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဆိုတဲ့ ယုံကြည်ခံယူချက်နဲ့ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူအားလုံးဟာ နိုင်ငံချစ်စိတ်၊ တိုင်းပြည်နဲ့ လူမျိုးကို ချစ်တဲ့စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်တွေနဲ့ နိုင်ငံကိုတည်ဆောက်သွားကြရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အားလုံးဟာ **"ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်" "ရေကိုသား၍ အခြားမထင်"** ဆိုတဲ့ စကားတွေနဲ့အညီ ချစ်ကြည်ရင်းနှီးစည်းလုံးညီညွတ်မှုအပြည့်အဝနဲ့ သာယာလှပတဲ့ နိုင်ငံတော်သစ်ကို စိတ်တူကိုယ်တူ တည်ဆောက်သွားကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူများ ခင်ဗျား**

နှစ်သစ်ကို မျှော်လင့်ချက်အသစ်တွေနဲ့ ကျွန်တော်တို့အားလုံး အတိတ်က ခါးသီးမှုအတွေ့အကြုံတွေကို သင်ခန်းစာယူပြီး သာယာဝပြောတဲ့ နိုင်ငံတော်သစ်ဆီကို ညီညီညွတ်ညွတ် အတူတကွ လျှောက်လှမ်းကြဖို့ ပြောကြားလိုပါတယ်၊ **"စည်းလုံးခြင်းသည် အင်အား"** ဆိုတဲ့အတိုင်း ကျွန်တော်တို့အားလုံးဟာ စည်းလုံးညီညွတ်မှု ခိုင်မြဲနေမယ်ဆိုရင် ဘယ်လိုအခက်အခဲမျိုးမဆို ကျော်ဖြတ်အောင်မြင်နိုင်မယ်လို့ ကျွန်တော်အပြည့်အဝယုံကြည်ပါတယ်။ ဒါ့ကြောင့်လည်း အနာဂတ်နိုင်ငံတော်အတွက် မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးရဲ့ ပူးပေါင်းပါဝင်မှုဟာ အလွန်အရေးကြီးကြောင်းနဲ့ ကျွန်တော့်အနေနဲ့ များစွာတန်ဖိုးထားမျှော်လင့်ပါကြောင်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ယနေ့မြန်မာနှစ်ဆန်းတစ်ရက်နေ့ကစပြီး မြန်မာပြည်တွင်း မှီတင်းနေထိုင်ကြတဲ့ မိဘပြည်သူတိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ ပြည်ပမှာနေထိုင်ကြတဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ ဟန်ချက်ညီစွာနဲ့ မေတ္တာတရား လက်ကိုင်ထားလျက် ခရီးဆက်နိုင်ကြပါစေကြောင်း၊ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့ဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုးတိုးမြှင့်ထမ်းဆောင်နိုင်ကြပါစေကြောင်းနဲ့ အန္တရာယ်ဟူသမျှ ကင်းဝေးကြပါစေကြောင်း နှစ်သစ်အခါသမယဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

> **နှစ်သစ်ကို မျှော်လင့်ချက်အသစ်တွေနဲ့ ကျွန်တော်တို့အားလုံး အတိတ်က ခါးသီးမှုအတွေ့အကြုံတွေကို သင်ခန်းစာယူပြီး သာယာဝပြောတဲ့ နိုင်ငံတော်သစ်ဆီကို ညီညီညွတ်ညွတ် အတူတကွလျှောက်လှမ်းကြဖို့ ပြောကြားလိုပါတယ်၊ "စည်းလုံးခြင်းသည် အင်အား" ဆိုတဲ့အတိုင်း ကျွန်တော်တို့အားလုံးဟာ စည်းလုံးညီညွတ်မှုခိုင်မြဲနေမယ်ဆိုရင် ဘယ်လိုအခက်အခဲမျိုးမဆို ကျော်ဖြတ်အောင်မြင်နိုင်မယ်လို့ ကျွန်တော် အပြည့်အဝယုံကြည်ပါတယ်။ ဒါ့ကြောင့်လည်း အနာဂတ်နိုင်ငံတော်အတွက် မိဘပြည်သူတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးရဲ့ ပူးပေါင်းပါဝင်မှုဟာ အလွန်အရေးကြီးကြောင်းနဲ့ ကျွန်တော့်အနေနဲ့ များစွာတန်ဖိုးထားမျှော်လင့်...**

## အကျဉ်းသား / သူများကို ပြစ်ဒဏ်မှလွတ်ငြိမ်းသက်သာခွင့်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၃၉ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်
( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက် )

**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း နိုင်ငံတော်သမ္မတသည် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက် ရှိသော အကျဉ်းသား/သူများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)အရ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက် (ခရစ်နှစ် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်) မတိုင်မီ ကျူးလွန်ခဲ့သောပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးပါက ယင်းတို့ကျခံနေရသော ပြစ်ဒဏ်အသီးသီးကို အောက်ပါအတိုင်း ပြစ်ဒဏ်မှလွတ်ငြိမ်းသက်သာခွင့်ပေးလိုက်သည်-

( ၁ ) သေဒဏ်ပြစ်ဒဏ်ကျခံနေရသူများကို ထောင်ဒဏ်တစ်သက်ပြစ်ဒဏ်သို့ ပြောင်းလဲကျခံစေရန်၊
( ၂ ) ထောင်ဒဏ်တစ်သက်နှင့် နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ကျခံနေရသူများကို ထောင်ဒဏ် နှစ် ၄၀ သို့ လျှော့ပေါ့ကျခံစေရန် (ယခင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်များအရ သေဒဏ်မှ ထောင်ဒဏ်တစ်သက်သို့ ပြောင်းလဲထားသူများမပါ)၊
( ၃ ) ထောင်ဒဏ် နှစ် ၄၀ အထက် ကျခံနေရသူများကို ထောင်ဒဏ် နှစ် ၄၀ သို့ ပြောင်းလဲကျခံစေရန်၊
( ၄ ) ထောင်ဒဏ်နှစ် ၄၀ နှင့်အောက် ကျခံနေရသူများကို ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံအား လျှော့ပေါ့ကျခံစေရန်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံခြားသား အကျဉ်းသား / သူ ၁၇၉ ဦး ပြစ်ဒဏ်များ လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၄၁ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်
( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက် )

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှု၍လည်းကောင်း နိုင်ငံတော်သမ္မတသည် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော နိုင်ငံခြားသား အကျဉ်းသား/ သူ ၁၇၉ ဦးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)အရ ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များကို လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး လိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အကျဉ်းသား / သူ ၄၃၃၅ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၄၀ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်
( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက် )

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်စေရန်အတွက်လည်းကောင်း နိုင်ငံတော်သမ္မတသည် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ သူ ၄၃၃၅ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသောပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြစ်ဒဏ်ကျခံလျက်ရှိသော ဝင်းမြင့် (ဘ)ဦးထွန်းကျင်အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၄၂ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်စေရန်အတွက်လည်းကောင်း နိုင်ငံတော်သမ္မတသည် တောင်ငူ အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား ထောင်ဝင်အမှတ် တင/၂၃/ ၀၀၀၃၅/က ဝင်းမြင့် (ဘ)ဦးထွန်းကျင်အား ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသောပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ၎င်းကျခံရန် ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆိုခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ပူဇော်ကန်တော့ပွဲပြုလုပ်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး သက်ကြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ကန်တော့ခံပစ္စည်းများပေးအပ်စဉ်။

**နေပြည်တော် ဧပြီ ၁၈**

ကချင်ပြည်နယ်အတွင်းရှိ သက်ကြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ ပူဇော် ကန်တော့ပွဲကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဗလမင်းထင် ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ကန်တော့ခံ သက်ကြီးစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၃၉ ဦးကို ရှိခိုးကန်တော့၍ ကန်တော့ခံ ပစ္စည်းများပေးအပ်ကြပြီး တိုင်းမှူးက သက်ကြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ ပူဇော်ကန်တော့ပွဲပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပူဇော်ကန်တော့ပွဲသို့ မတက်ရောက်နိုင်သည့် သက်ကြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၃၃ ဦး အတွက် အလှူငွေများပေးအပ်ရာ သက်ကြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူပြီး သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင် အဘိုး တစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ယင်းနောက် တိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံဆေးတပ်ရင်းမှ ဆေးကုသရေး အဖွဲ့များက ကန်တော့ခံ သက်ကြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးကြရာ တိုင်းမှူးနှင့်တာဝန် ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေးကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီး၌ လည်း သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ ဝင်များ ပူဇော်ကန်တော့ပွဲများကို တပ်နယ်များအလိုက် ပြုလုပ်ခဲ့ကြ ကြောင်း သတင်းရရှိသည်။

(၅၀၁)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော မိဘပြည်သူများ၊ တိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံး မြန်မာ့နှစ်သစ်ကူး အခါသမယမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယခုနှစ် နှစ်သစ်ကူးကာလမှာ နိုင်ငံသားအားလုံး လိုလားတောင့်တနေတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြန်လည်ကူးပြောင်းစတင် လျှောက်လှမ်းနေတဲ့ အချိန်နဲ့ တိုက်ဆိုင်နေတာကြောင့် ယမန်နှစ်များထက် ပိုမိုထူးခြားလေးနက်ပြီး မင်္ဂလာကျက်သရေ ပိုမို ပြည့်ဝလျက်ရှိပါတယ်။ နှစ်သစ်မှာ တိုင်းရင်းသားပြည်သူအားလုံးရဲ့ ဆန္ဒနဲ့အညီ ထာဝရငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကျွန်တော်တို့အားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပြီး ပြည်သူများရဲ့ လူမှုစီးပွားဘဝများ အဘက်ဘက်က မြင့်မားတိုးတက်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ပြည်ထောင်စုကြီးရဲ့ ရှေ့ဆက်ရမယ့် ခရီးလမ်းဖြောင့်ဖြူးသာယာအောင်မြင်စေဖို့ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူများအားလုံး စည်းလုံးညီညွတ်မှု၊ နားလည်မှု၊ ယုံကြည်မှု၊ အပြန်အလှန်တန်ဖိုးထားလေးစားမှု၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်တွေကို မြှင့်တင်ပြီး စုပေါင်းအင်အားနဲ့ အကောင်အထည်ဖော် တည်ဆောက်သွားကြပါစို့လို့ ဆန္ဒပြုတိုက်တွန်းအပ်ပါတယ်။

ယခုနှစ်သစ်ကစပြီး ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကောင်းကျိုးလိုအင်ဆန္ဒ မှန်သမျှ ပြည့်ဝကြပါစေ၊ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် နိုင်ငံနှင့် ပြည်သူတို့ကို အကျိုးပြုနိုင်သူများ ဖြစ်ကြပါစေ၊ အေးချမ်းသာယာစွာနဲ့ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်ကြပါစေလို့ ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများရှင့်

၂၀၂၆ ခုနှစ် မြန်မာနှစ်သစ်ကူးအခါသမယမှာ မိဘပြည်သူများနှင့် တိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင့်။

ယခုအချိန်မှာ ကျွန်မတို့ မြန်မာနိုင်ငံတော်ကြီးဟာ ပြည်သူများလိုလားတောင့်တချက်နှင့်အညီ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ပြန်လည်ရောက်ရှိပြီး နိုင်ငံတော်သစ်ကြီးကို စတင်တည်ဆောက်အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။ နိုင်ငံတော်သစ်တည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျတဲ့ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ထာဝရငြိမ်းချမ်းရေးတို့ကို ကျွန်မတို့ နိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်သွားကြဖို့ လိုအပ်ပါတယ်။

နိုင်ငံတော်ရှေ့ဆက်ရမယ့် ခရီးကိစ္စအဝဝအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးဟာ အဓိကကျပါတယ်။ ဒါ့ကြောင့် ဒီနေ့ ကျွန်မတို့ ကြုံတွေ့နေရတဲ့ ဆူပူအကြမ်းဖက်မှုတွေနဲ့ လက်နက်ကိုင် တိုက်ပွဲတွေ အမြန်ချုပ်ငြိမ်းပြီး ဆွေးနွေးညှိနှိုင်း အဖြေရှာကြဖို့ လိုအပ်ပါတယ်။ ဒါ့ကြောင့် လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ မိဘပြည်သူများ အားလုံးက နိုင်ငံတော် ငြိမ်းချမ်းသာယာရေးကို အလေးထားဆောင်ရွက်ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။



ဆက်လက်ပြီးတော့ ပြည်သူများ လိုအင်ဆန္ဒနဲ့အညီ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို အတူတကွ လက်တွဲတည်ဆောက်ကြဖို့နဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူအားလုံးက ပူးပေါင်းပါဝင်ပေးကြဖို့ တိုက်တွန်းလိုပါတယ်။ ငြိမ်းချမ်းသာယာတဲ့ လူမှုပတ်ဝန်းကျင်ကို တည်ဆောက်ပြီး ပြည်သူအားလုံးရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အလေးထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေနဲ့ စည်းလုံးညီညွတ်သောအင်အား၊ ပြည်ထောင်စုစိတ်ဓာတ်တို့နဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ပေးကြပါ၊ နိုင်ငံနဲ့လူမျိုးအကျိုးကို ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ကြိုးစား ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းရင်း အားလုံး နှစ်သစ်ကစပြီး ဘဝတစ်လျှောက်လုံး ရွှင်လန်းချမ်းမြေ့ကြပါစေ၊ အေးချမ်းသာယာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ်(၄/၂၀၂၆) ထုတ်ပြန်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရန်နှင့် ကာကွယ်ရန်တို့အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၉ တို့အရ နိုင်ငံတော်သမ္မတရုံးသည် ၂၀၂၆ ခုနှစ် ဧပြီ ၁၀ ရက်တွင် အမိန့်အမှတ် (၃၀/၂၀၂၆)ဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ပြန်လည်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၂။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ကော်မရှင်ဥပဒေတွင် ပြဋ္ဌာန်းပေးအပ်ထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်အညီ လုပ်ငန်းတာဝန်များကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ နိုင်ငံတော်သမ္မတသည် မြန်မာနှစ်သစ်မင်္ဂလာအခါသမယဖြစ်သော ၁၃၈၈ ခုနှစ် ကဆုန်လဆန်း ၂ ရက် (၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်)တွင် ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်စေရန်အတွက်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှု၍လည်းကောင်း၊ နိုင်ငံတော်သမ္မတရုံးအမိန့်အမှတ်(၃၉/၂၀၂၆)၊ အမိန့်အမှတ် (၄၀/၂၀၂၆)၊ အမိန့်အမှတ်(၄၁/၂၀၂၆)နှင့် အမိန့်အမှတ်(၄၂/၂၀၂၆)တို့ဖြင့် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊အကျဉ်းသူများကို ယင်းတို့ကျခံနေရသော ပြစ်ဒဏ်အသီးသီးမှ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခြင်း၊ အကျဉ်းသား၊ အကျဉ်းသူ ၄၃၃၅ ဦးကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ ပြစ်ဒဏ်ကျခံနေသည့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၁၇၉ ဦးတို့ကို ယင်းတို့ ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကို လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်း၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်းတို့ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများနှင့် ယင်းတို့၏ သက်ဆိုင်ရာ မိသားစုဝင်များနည်းတူ ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်းနှင့် နိုင်ငံတော်၏လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်ချက်များသည် လူ့အခွင့်အရေးရှုထောင့်နှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးရှုထောင့်တို့အရ ကောင်းမွန်သည့် ရလဒ်များရရှိစေသည်ဖြစ်ရာ ကော်မရှင်အနေဖြင့် ဝမ်းမြောက်စွာကြိုဆိုပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်**

## ထူးခြားသည့် နေ့အပူချိန်များ

(၁၈-၄-၂၀၂၆)

| | | | | |
|---|---|---|---|---|
| မြင်းမူ | ၄၃ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၄၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၂ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၄၂ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၂ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၂ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၄၂ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၂ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ ပြောကြားသည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား




လေးစား အပ်ပါသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ မိဘပြည်သူ ညီအစ်ကို မောင်နှမအပေါင်းတို့ ခင်ဗျား-

မြန်မာ့နှစ်သစ်အခါသမယမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ၍ ဘေးဘယာဝေးကွာပြီး တိုးတက်အောင်မြင်ကြပါစေကြောင်း ကျွန်တော် ဦးခင်ရီ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော် တစ်ရပ်လုံးရဲ့ ကိုယ်စား ဆုတောင်းမေတ္တာပို့သရင်း မင်္ဂလာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ယနေ့အချိန်အခါဟာ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်မှ နှစ်သစ်ဖြစ်တဲ့ ၁၃၈၈ ခုနှစ်သို့ ကူးပြောင်းရောက်ရှိလာတဲ့ ကာလဖြစ်ပြီး နိုင်ငံတော် အတွင်းမှာလည်း အစိုးရသစ်နဲ့ နိုင်ငံရေးအခင်းအကျင်းအသစ်တွေ ပေါ်ပေါက်ခဲ့ပြီလည်း ဖြစ်ပါတယ်။

လက်ရှိ အခြေအနေမှာ ကျွန်တော်တို့ရဲ့ ဥပဒေပြုမဏ္ဍိုင်အဖြစ် လွှတ်တော်များလည်း ပြန်လည်ဖြစ်ပေါ်လာတာနဲ့အမျှ လွှတ်တော်တွေရဲ့ အဓိကဆောင်ပုဒ်ဖြစ်တဲ့ **"ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ရဲ့ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်"** ဆိုတဲ့အတိုင်း- နိုင်ငံသူ နိုင်ငံသားတို့ရဲ့ ရင်တွင်းက အသံတွေ၊ ဖြစ်ချင်ကြတဲ့ ဆန္ဒတွေနဲ့ မျှော်လင့်ချက်တွေကို ဖြည့်ဆည်း ဆောင်ရွက်ပေးဖို့က ကျွန်တော်တို့ လွှတ်တော်ရဲ့ အဓိကရည်မှန်းချက်လည်း ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ ဒီရည်မှန်းချက်တွေ အောင်မြင်ရေးအတွက် လွှတ်တော်အတွင်းမှာ နိုင်ငံတစ်ဝန်း မဲဆန္ဒနယ်မြေအသီးသီးက ပြည်သူတွေရွေးချယ်ခဲ့ကြတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေဟာ လွှတ်တော်အတွင်းမှာ သော်လည်းကောင်း၊ လွှတ်တော်ရပ်နားထားချိန်မှာ သက်ဆိုင်ရာမဲဆန္ဒနယ်မြေတွေမှာ သော်လည်းကောင်း၊ ရောက်ရှိနေကြမှာဖြစ်ပြီး ပြည်သူတွေရဲ့ အကျိုးအတွက် ပူးပေါင်းဆောင်ရွက်မှု တာဝန်တွေကို စတင်ထမ်းဆောင်နေကြပြီလည်းဖြစ်ပါတယ်။ အဲဒီနောက်မှာ နိုင်ငံတော်အစိုးရနဲ့ ချိတ်ဆက်ပြီး ပြည်သူ့ဆန္ဒကို ဖော်ဆောင်ပေးနိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်းလည်း အသိပေး ပြောကြားလိုပါတယ်။

**မိဘပြည်သူညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျား -**

ကျွန်တော်တို့ လွှတ်တော်ဟာ ဥပဒေပြုရေး တာဝန်ကိုလည်း ထမ်းဆောင်ရမှာဖြစ်လို့ တည်ဆဲဥပဒေများကို ပြန်လည်ဆန်းစစ်ခြင်း၊ ဖြည့်ဆည်းဆောင်ရွက်ခြင်း၊ လိုအပ်ပါက အသစ်ပြဋ္ဌာန်းခြင်းစတာတွေနဲ့ ပြည်သူတွေအားလုံး ဥပဒေရဲ့ အကာအကွယ်အောက်မှာ အပြည့်အဝစိတ်အေးချမ်းသာနေနိုင်ဖို့လည်း ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်ရဲ့ရည်မှန်းချက်တာဝန်ဖြစ်တဲ့ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကြီး ဖြစ်ထွန်းပေါ်ပေါက်လာဖို့အတွက် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ ပြည်သူ အချိတ်အဆက်မိမိ ဆောင်ရွက်ခြင်းဖြင့် ပြည်သူများရဲ့ လိုအင်ဆန္ဒနဲ့ မျှော်မှန်းချက်တွေကို ဖော်ဆောင်ပေးနိုင်ဖို့ ကျွန်တော်တို့ လွှတ်တော်က အထူးကြိုးစား ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မိဘပြည်သူညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျား -**

နိဂုံးချုပ်အနေနဲ့ နှစ်ဟောင်းမှာ ကြုံခဲ့ရတဲ့ အခက်အခဲနဲ့ မအောင်မြင်မှုတွေကို အေးချမ်းတဲ့အတာရေသဘင်နဲ့ ဆေးကြောသန့်စင်နိုင်ပြီး နှစ်သစ်မှာ ဘေးကင်း ရန်ကင်းကွာ ကောင်းကျိုးလိုရာ ဆန္ဒများ ပြည့်ဝကြပါစေ။

ပြည်သူများအနေနဲ့ ကျွန်တော်တို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ယုံကြည်စွာ လက်တွဲပြီး ပူးပေါင်းဆောင်ရွက်နိုင်ကြပါစေ။

အနာဂတ်မှာ ပိုမိုခိုင်မာ ပြည်မြန်မာကြီး ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ယခုနှစ်သစ်ကစလို့ နားလည်မှု၊ စာနာမှု၊ ခွင့်လွှတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ အတူ ရှေ့ခရီးကို ဦးတည်သွားကြပါစို့လို့ ပြင်းပြတဲ့ဆန္ဒနဲ့ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားအပ်ပါတယ်ခင်ဗျား။

မိဘပြည်သူ နိုင်ငံသူနိုင်ငံသားအားလုံး အေးချမ်း၊ သာယာ၊ ငြိမ်းချမ်း၊ ပြည့်စုံနိုင်ကြပါစေ။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၏ မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်စကား




မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်ကနေ ၁၃၈၈ ခုနှစ်ကို ကူးပြောင်းတဲ့ နှစ်သစ်ကူး နှစ်ဦးအချိန်အခါမှာ နိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်း ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ် ခင်ဗျား။

မြန်မာတို့ရဲ့ ရှေးအစဉ်အဆက် အစဉ်အလာများအတိုင်း ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် ကမ္ဘာက အသိအမှတ်ပြုခံထားရတဲ့ မြန်မာတို့ရဲ့ မဟာသင်္ကြန်ပွဲတော်မှာ နှစ်ဟောင်းက ကိုယ်စိတ်နှစ်ပါး အညစ်အကြေးတွေကို အတာရေအေးနဲ့ ဆေးကြောသန့်စင်ပြီး နှစ်သစ်မှာ စိတ်သစ်လူသစ်နဲ့အတူ လူမှုစီးပွားဘဝများ တိုးပွားကြွယ်ဝအောင် စွမ်းဆောင်နိုင်ကြပါစေကြောင်း ထပ်လောင်းလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ဒီနှစ်သစ်ဟာ ထူးခြားစွာနဲ့ပဲ နှစ်ဟောင်းနှစ်သစ် အကူးအပြောင်း ကာလလေးမှာ ပြည်သူတွေ ရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်ကြီးများရဲ့ ဥပဒေပြုလွှတ်တော်နဲ့ နိုင်ငံတော်အစိုးရသစ်တို့ ပေါ်ထွန်းလာကာ နှစ်သစ်ကို လူသစ်စိတ်သစ်နဲ့ ကူးပြောင်းလာကြတာပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ မျှော်မှန်းထားတဲ့ စစ်မှန် စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်ဖို့ဆိုရင် ပြည်ထောင်စု စိတ်ဓာတ် အရင်းခံနဲ့ တက်ညီလက်ညီ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

မိဘပြည်သူ နိုင်ငံသူနိုင်ငံသား၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေနဲ့လည်း အမိမြန်မာ နိုင်ငံတော်ကြီးကို တည်ငြိမ်အေးချမ်းပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာမှာ စုစည်းညီညာစွာနဲ့ တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြမယ်လို့ ယုံကြည်ပါတယ်။

ဥပဒေပြုရေး မဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်များ အနေနဲ့လည်း နိုင်ငံတော်ရဲ့ အကျိုး၊ ပြည်သူလူထု တိုင်းရင်းသားညီအစ်ကိုမောင်နှမများရဲ့ အကျိုးကို အစဉ်တစိုက်ရှေးရှုပြီး ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါကြောင်း နှစ်သစ်ကူး နှစ်ဦးအချိန်အခါမှာ မိဘပြည်သူများကို ကတိပြုတင်ပြလိုပါတယ်။

မိဘပြည်သူ တိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံး နှစ်သစ်မှာ ပျော်ရွှင်ချမ်းမြေ့ကြပါစေ။

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင် အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့

## နေပြည်တော်ကောင်စီနယ်မြေနှင့် မကွေးတိုင်းဒေသကြီး ဒေသတစ်ဝိုက်တို့၌ နယ်မြေလုံခြုံရေးတာဝန်များထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဧပြီ ၁၈

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေးတို့အတွက် နေပြည်တော်ကောင်စီနယ်မြေနှင့် မကွေးတိုင်းဒေသကြီး ဒေသတစ်ဝိုက်တို့၌ နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ နေ့လယ်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့ရှိ နယ်မြေခံ တပ်ရင်း၌ပြုလုပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများအနေဖြင့် ၎င်းတို့၏ လူမှုဘဝတွင် စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို အောင်သပြေခက်များဖြင့် ဂုဏ်ပြုကြိုဆိုနှုတ်ဆက်စဉ်။



## အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၏ ၁၃၈၈ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့အတွက် နှစ်သစ်ကူး ဩဝါဒကထာ



အားလုံးမင်္ဂလာပါ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူနိုင်ငံသားတွေအားလုံး ဘေးအန္တရာယ်တွေကင်းစင်ပြီး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာ၊ လိုရာဆန္ဒ ပြည့်ကြပါစေ။

သင်္ကန္တ- သင်္ကြန်ကာလကို လွန်မြောက်ပြီး နှစ်ဆန်းတစ်ရက်နေ့ ရောက်လာတဲ့အခါ သင်္ကြန်ဆိုတာ ပြောင်းလဲ၊ ပြောင်းလဲနေတာ သင်္ကြန်ပဲ။ အချိန်ကာလက ပြောင်းလဲနေတယ်။ ဒီနေ့ ပြောလိုတာက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုတာလည်း တိုင်းဒေသကြီး၊ ပြည်နယ်တွေ စုပေါင်းထားတယ်၊ ခရိုင်တွေစုပေါင်းထားတယ်၊ မြို့နယ်တွေ စုပေါင်းထားတယ်၊ ရပ်ရွာတွေစုပေါင်းထားတယ်၊ မိသားစုတွေ စုပေါင်းထားတယ်။ မိသားစုထဲမှာ လူငယ်၊ လူရွယ်၊ လူလတ်၊ လူကြီးဆိုတဲ့ အရွယ်မျိုးစုံ စုပေါင်းထားကြတယ်။ တစ်နေ့ တစ်ရက်အနေနဲ့ကတော့ အချိန်ကုန်ပြီး သင်္ကန္တ ပြောင်းလဲနေတာဟာ သင်္ကြန်အခါပါပဲ။

သင်္ကြန်အခါ လွန်မြောက်တဲ့အချိန်မှာ အသိတရားလေးတစ်ခုက ဖြစ်စေပါတယ်။ လူငယ်ဘဝကနေပြီး လူရွယ်ဘဝကို ကူးပြောင်းတာ၊ လူရွယ်ဘဝမှလည်း လူလတ်ဘဝကို ကူးပြောင်းတာ၊ လူလတ်ဘဝကနေ လူကြီးဘဝကို ကူးပြောင်းတာ။ ဒါက သဘာဝ အမှန်တရားပါပဲ။ လူငယ်ဆိုတာ အတတ်ပညာ၊ အသိပညာတွေ နုနယ်ငယ်သေးတော့ တတ်သထက် တတ်အောင်၊ သိသထက် သိအောင် သင်ယူရမယ်ဆိုတဲ့ဆန္ဒ တန်ခိုးဣဒ္ဓိပါဒ်နဲ့ ကြိုးစားကြတယ်။ လူရွယ်ဖြစ်လာတဲ့အခါကျတော့ ကိုယ့်ရည်မှန်းချက်၊ ကိုယ့်ရည်ရွယ်ချက်ကို ဝီရိယဣဒ္ဓိပါဒ်နဲ့ အကောင်အထည်ဖော်ရတယ်။

လူရွယ်ကနေ လူလတ်ဖြစ်လာတဲ့အခါကျတော့ မိသားစုတစ်ခုမှာ အဖွဲ့အစည်းမှာ၊ နိုင်ငံမှာ၊ လစ်လပ်နေတဲ့ နေရာရှိခဲ့ရင် အဲဒီနေရာကို ကိုယ်ကဝင်ပြီး တာဝန်ယူနိုင်ရမယ်။ လူငယ်တုန်းက သင်ယူလေ့လာခဲ့တာတွေ၊ လူရွယ်မှာ ရည်ရွယ်ချက် အကောင်အထည်ဖော်တာတွေ၊ အဲ့သလို အတွေ့အကြုံတွေ ရင့်ကျက်လာတဲ့အခါမှာ လူလတ်ဘဝကျတော့ လိုအပ်နေတဲ့ ကွက်လပ်ကို ဖြည့်နိုင်ရမယ်။ ဒါက အသိဉာဏ်ပညာ ရင့်ကျက်လာတာ။ လူငယ်ကနေပြောင်း လူရွယ်ဖြစ်၊ လူရွယ်ကနေပြောင်း လူလတ်ဖြစ်၊ လူလတ်ကနေပြောင်းပြီးတော့ လူကြီးဖြစ်လာတဲ့အခါကျတော့ စိတ်ဓာတ်တွေက ကြီးမားမြင့်မြတ်လာတယ်။

အဲဒီတော့ ကိုယ်တတ်ထားသမျှ သိထားသမျှတွေ ပညာရပ်တွေ အကုန်လုံးကို ကိုယ့်မိသားစု၊ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်မြို့၊ ကိုယ့်နိုင်ငံကို နောက်မျိုးဆက်သစ်တွေအတွက် လက်ဆင့်ကမ်းသင်ပေးရမှာက လူကြီးတွေလုပ်နိုင်တဲ့ ကြီးကျယ်မြင့်မြတ်တဲ့ အလုပ်ကြီးပဲ။ ဒါကြောင့်မို့ သင်္ကြန်ကို လွန်မြောက်လို့ အခုလိုနှစ်ဆန်းတစ်ရက် အခါသမယမှာ လူငယ်၊ လူရွယ်၊ လူလတ်၊ လူကြီး အသီးသီးတွေ အနေနဲ့ မိမိတို့က ဘယ်အရွယ်မှာ ရောက်နေနေ၊ အဲဒီအရွယ်အားလျော်စွာ ရှိတဲ့တာဝန် ထမ်းဆောင်ရမယ့်ဝတ္တရားလေးမျိုးလုံးကိုဣဒ္ဓိပါဒ်တန်ခိုးလေးပါးနဲ့ တာဝန်ကျေပွန်စွာ ဆောင်ရွက်မယ်ဆိုရင်အိမ်တိုင်းအိမ်တိုင်း ကြီးပွားတိုးတက်ပါတယ်၊ အဖွဲ့အစည်းတိုင်း ကြီးပွားတိုးတက်ပါတယ်၊ တစ်ဆင့်နဲ့ တစ်ဆင့်တစ်နိုင်ငံလုံးလည်း ကြီးပွားတိုးတက်ပါတယ်။

ယနေ့ မြန်မာ့နှစ်ဆန်းတစ်ရက် ၁၃၈၈ ခုနှစ် နှစ်ကူးအစမှစ၍ အိမ်တိုင်း၊ လူတိုင်း၊ မြို့တိုင်း၊ တိုင်းပြည်ကြီး တစ်ခုလုံး ကြီးပွားတိုးတက်အောင်မြင်အောင် ဆုတောင်းဆန္ဒပြုရင်းနဲ့ အေးချမ်းဖို့ မေတ္တာပေးလိုက်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာ ကြီးပွားတိုးတက်အောင်မြင်ကြပါစေ။

✪

## လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်း ဦးစီးပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာဘဒ္ဒန္တ နိမလ၏ ၂၀၂၆ ခုနှစ် နှစ်သစ်မင်္ဂလာဆုတောင်းလွှာ



မောဟမီးတွေငြိမ်းပြီး မေတ္တာပွား၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေဟု အထူးမေတ္တာပို့ ဆုတောင်းပတ္ထနာပြုလိုက်ပါသည်။

၁၃၈၇ ခုနှစ်ကုန်ဆုံး၍ ၁၃၈၈ ခုနှစ်သို့ကူးပြောင်းသည့် နှစ်သစ်ကူးနှစ်ဦးမင်္ဂလာအခါသမယ၌ ရဟန်းရှင်လူ၊ နိုင်ငံသူနိုင်ငံသားအားလုံး မြတ်ဗုဒ္ဓ၏ ဆုံးမဩဝါဒကို လိုက်နာကျင့်သုံးသူများ ဖြစ်ကြပါစေလို့ အထူးဆုမွန် ပတ္ထနာပြုအပ်ပါသည်။

မနောပုဗ္ဗင်္ဂမာဓမ္မာ မနောသေဋ္ဌာမနောမယာ
မနသာစေပသန္နေန - ဘာသတိဝါကရောတိဝါ
တတောနံသုခမန္ဝေတိ - ဆာယာဝအနုပါယိနီ
ဓမ္မပဒ ပါဠိတော်

ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကိုစီမံအားထုတ်ပြုလုပ်သောအရာ၌ စိတ်သာလျှင် ပြဋ္ဌာန်း၏။ စိတ်သာလျှင် မြတ်၏။ စိတ်သာလျှင် ပဓာနဖြစ်၏။ ကြည်ညိုမြတ်နိုးသောစိတ်ဖြင့် ပြုအပ်သော ကောင်းမှုကုသိုလ်ကံသည် လူ့ပြည်သို့လည်းကောင်း၊ နတ်ပြည်သို့လည်းကောင်း ကျင်လည်ပြောင်းရွှေ့ရသော ပုဂ္ဂိုလ်တို့၏နောက်သို့ အရိပ်တမျှပမာထာကဲ့သို့ မိမိကိုယ်ကို မစွန့်မူ၍ ထက်ကြပ်မကွာ ချမ်းသာသည်၊ အစဉ်တစိုက်လိုက်၏ဟု မြတ်ဗုဒ္ဓဘုရားရှင်သည် ဆုံးမတော်မူခဲ့၏။ ထိုမြတ်ဗုဒ္ဓဘုရားရှင်၏ ဆုံးမဩဝါဒတို့ကို လိုက်နာကျင့်သုံးကြသော ရဟန်းရှင်လူ၊ ပြည်သူပြည်သား နိုင်ငံသူနိုင်ငံသားများဖြစ်ကြ၍ ပြည်လုံးချမ်းသာ အေးမြစွာဖြင့် ငြိမ်းချမ်းပန်းကို ပန်ဆင်နိုင်ကြပါစေ။

မနောပုဗ္ဗင်္ဂမာဓမ္မာ မနောသေဋ္ဌာမနောမယာ
မနသာစေပဒုဋ္ဌေန - ဘာသတိဝါကရောတိဝါ
တတောနံဒုက္ခမန္ဝေတိ - စက္ကံဝ ဝဟတောပဒံ
ဓမ္မပဒ ပါဠိတော်

ရဟန်းတို့ မကောင်းမှုကံမည်သည်ကား ဝန်ကိုရွက်ဆောင်သော နွားလား၏ နင်းတိုင်း နင်းတိုင်းသော ခြေရာကို လှည်းဘီးစက်သည် ထက်ကြပ်မကွာ နင်းကာသာလျှင် လိုက်တိသကဲ့သို့ ထိုမကောင်းကံကို ပြုအပ်သောသူအား ဆင်းရဲသည် အစဉ်မပြတ်ထက်ကြပ်မကွာ လိုက်သည်သာတည်းဟု မြတ်ဗုဒ္ဓဘုရားရှင်၏ ဆုံးမဩဝါဒကို နာခံမှတ်သား၍ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထားပြီး မကောင်းမှုမှ အထူးရှောင်ကြဉ်ကြသော ရဟန်းရှင်လူ၊ ပြည်သူပြည်သား၊ နိုင်ငံသူနိုင်ငံသားများဖြစ်ကြ၍ ပြည်လုံးတစ်ခွင် သောကစင်၍ ငြိမ်းချမ်းခြင်းနှင့် ပြည့်စုံကြပါစေဟု နှစ်သစ်ကာလအခါသမယတွင် လောဘမီး၊ ဒေါသမီး၊

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပြည်တွင်းထုတ်ဒီဇယ်ဆီများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ တောင်သူများထံသို့ အထူးသက်သာသောဈေးနှုန်းဖြင့် လုပ်ငန်းခွင်အရောက် တိုက်ရိုက်ဖြန့်ဖြူးရောင်းချ



နေပြည်တော် ဧပြီ ၁၈

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန နေပြည်တော်ကောင်စီတို့နှင့် ပူးပေါင်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ တောင်သူများကို စက်သုံးဆီ အခက်အခဲလျော့နည်းသက်သာစေရေးနှင့် ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးနှင့် ဆီထွက်သီးနှံထွန်ယက်စိုက်ပျိုးရန်ကျန်ရှိသော ကျေးရွာများသို့ ပြည်တွင်းထုတ် ဒီဇယ်ဆီ တစ်ဂါလန်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် လက်ငင်းငွေချေစနစ်ဖြင့် လုပ်ငန်းခွင်အရောက် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ယနေ့တွင် လယ်ဝေးမြို့နယ်အတွင်း ကျေးရွာများအတွက် စုရပ် သုံးနေရာ၊ ပျဉ်းမနားမြို့နယ်အတွင်း ကျေးရွာများအတွက် စုရပ် နှစ်နေရာ၊ ဇေယျာသီရိမြို့နယ်အတွင်း ကျေးရွာများအတွက် စုရပ် နှစ်နေရာ စုစုပေါင်း စုရပ် ခုနစ်နေရာတို့တွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍာသုံးစက်ပစ္စည်းများတွင် အသုံးပြုရန်အတွက် ပြည်တွင်းထုတ်ဒီဇယ်ဆီ စုစုပေါင်း ၄၅၄၂ ဂါလန်ကို နွေစပါးနှင့် ဆီထွက်သီးနှံ ထွန်ယက်စိုက်ပျိုးနေသည့် လယ်ယာမြေ လုပ်ငန်းခွင်အရောက် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ နွေစပါးနှင့် ဆီထွက်သီးနှံ ထွန်ယက်စိုက်ပျိုးရန်ကျန်ရှိသော ကျေးရွာများသို့ ဖြန့်ဖြူးရောင်းချ ပေးသွားမည်ဖြစ်ပြီး ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များ အတွင်းရှိ တောင်သူများအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့များ၏ ထောက်ခံချက်ဖြင့် ပြည်တွင်းထုတ်စက်သုံးဆီများကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**၂၀၂၆ ခုနှစ် ဧပြီ ၁၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၀၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ တာဝန်ရှိသူများ၏ မြန်မာ့နှစ်သစ်ကူး ဆုတောင်းစကားသံများ



ဦးဝဏ္ဏ



ဦးကျော်ဇင်လတ်



ဦးဖိုလ်ဖိုလ်မောင်



ဒေါက်တာတူးတူး

**ဦးဝဏ္ဏ(ဗုဒ္ဓဘာသာ)**
**ဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးမင်္ဂလာပါခင်ဗျား။

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်ကုန်ဆုံးပြီး ၁၃၈၈ ခုနှစ်ကို ကူးပြောင်းရောက်ရှိလာတဲ့မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်ကူးမင်္ဂလာအခါသမယနေ့ ဖြစ်ပါတယ်။ ယနေ့မြန်မာနှစ်ဆန်းတစ်ရက်နေ့မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးက မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသူနိုင်ငံသားများ၊ တိုင်းရင်းသားများနှင့် ကမ္ဘာသူ ကမ္ဘာသားများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများဖြင့် ပြည့်စုံကြလျက် အေးချမ်းသာယာပြီး ပြီးပြည့်စုံသော ကောင်းကျိုး လိုအင်ဆန္ဒများရရှိခံစားပိုင်ဆိုင်နိုင်ကြပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာပို့သပါတယ်ခင်ဗျာ။

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးက နိုင်ငံအကျိုးပြုလုပ်ငန်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အခါအားလျော်စွာ ဒေသမရွေး ဆောင်ရွက်ပေးလျက် ရှိနေပါတယ်။ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးမှသည် ငြိမ်းချမ်းရေးဆီသို့၊ ငြိမ်းချမ်းရေးမှသည် ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဆိုသည့် ဆောင်ပုဒ်အတိုင်း ကျွန်တော်တို့အပါအဝင် နိုင်ငံသားတိုင်းဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမိမြေပေါ်တွင် မွေးဖွားကြီးပြင်းလာကြသော ဘာသာမတူ၊ လူမျိုးမတူ၊ မတူကွဲပြားသည့်မြန်မာနိုင်ငံသားများ ဖြစ်ကြသည့်အလျောက် တစ်ဦး၏ဘာသာတရားကို တစ်ဦးက လေးစားကြပြီး အပြန်အလှန် ရိုင်းပင်း ကူညီကြလျက် ပြည်ထောင်စု စိတ်ဓာတ်ကို အခြေခံကာ ချစ်ကြည်ရင်းနှီးစွာ ဒီမိုကရေစီ အစိုးရသစ်၏ ဦးဆောင်မှုအောက်တွင် နိုင်ငံအကျိုး၊ပြည်သူ့အကျိုးကို ဝိုင်းဝန်းသယ်ပိုးကြပါစို့လို့ တိုက်တွန်းရင်း မြန်မာနိုင်ငံကြီး အေးချမ်းသာယာပါစေကြောင်း ထပ်လောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျာ။

**ဦးကျော်ဇင်လတ်(ဟိန္ဒူဘာသာ)**
**ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**

အားလုံးမင်္ဂလာပါခင်ဗျာ။

၁၃၈၇ ခုနှစ်ကုန်ဆုံးပြီး ၁၃၈၈ ခုနှစ် နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံသူနိုင်ငံသား၊ ကမ္ဘာသူကမ္ဘာသားအားလုံး ဘေးဘယာဝေးကွာ၍ ကျန်းမာချမ်းသာပြီး အေးချမ်း သာယာပါစေကြောင်း ဟိန္ဒူဘာသာဝင်များ ကိုယ်စား ကျွန်တော် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးတွင် တစ်မြေတည်းနေ၊တစ်ရေတည်းသောက်တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်ကြပြီး ဘာသာမတူ၊ လူမျိုးမတူ၊ ကိုးကွယ်ရာ မတူပေမယ့်လည်း ညီအစ်ကိုမောင်နှမစိတ်ဓာတ်၊ပြည်ထောင်စုစိတ်ဓာတ်၊ ပင်လုံစိတ်ဓာတ်ကို အခြေခံလျက် တစ်ဦးနှင့်တစ်ဦး မေတ္တာတရားရှေ့ထားပြီး ချစ်ချစ်ခင်ခင် အေးချမ်းစွာနေထိုင်လာတဲ့ မြန်မာနိုင်ငံတော်ကြီး ဖြစ်ပါတယ်။

ကျွန်တော်တို့ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အဖွဲ့ကြီးအနေဖြင့် နိုင်ငံတော်အတွက် လိုအပ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျွန်တော်တို့ဟိန္ဒူဘာသာဝင်များကလည်း ကျရာအခန်းကဏ္ဍမှ စွမ်းစွမ်းတမံ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

အခုလို နှစ်ဟောင်းကုန်လို့ နှစ်သစ်ကူး အခါသမယမှာ မကောင်းမှု အညစ်အကြေးများအားလုံး ဆေးကြောသန့်စင်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးတွင် မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး ဝိုင်းဝန်းကူညီသယ်ပိုးထမ်းဆောင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ အားလုံး နှစ်သစ်မှာ လိုအင်ဆန္ဒပြည့်ဝကြပါစေ။

**ဦးဖိုလ်ဖိုလ်မောင်**
**(အစ္စလာမ်ဘာသာ)**
**ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်တန်ခူးလကတော့ ကျွန်တော်တို့ မြန်မာ နိုင်ငံတော်ကြီးအတွက် အင်မတန် တန်ဖိုးကြီးမားဂုဏ်ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံလှသည့် နှစ်သစ်မင်္ဂလာအချိန်အခါပဲဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး အဖွဲ့မှ အစ္စလာမ်ဘာသာ ဒုတိယဥက္ကဋ္ဌအနေဖြင့် မဟာသင်္ကြန်နှစ်သစ်ကူးအခါသမယတွင် ဆုမွန်ကောင်းတောင်းခွင့်ရရှိခြင်းကို အထူးဂုဏ်ယူဝမ်းမြောက်မိပါတယ်။

လုပ်ရပ်တိုင်းသည် ပြုလုပ်သူ၏ စိတ်ထားပေါ်မှာပဲ မူတည်တာဖြစ်သည့်အတွက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးဆိုသည်မှာ အင်မတန် ယဉ်ကျေးသိမ်မွေ့ပြီး ချစ်စရာကောင်းပါတယ်။

အစ္စလာမ်ဘာသာ အရလည်း လူသားတို့သည် မေတ္တာတရား၊ သည်းခံမှု၊ ခွင့်လွှတ်နားလည်ခြင်းနှင့်ညီညွတ်ရေးတို့ကို အခြေခံ၍ အချင်းချင်း ကူညီထောက်ပံ့ကာ နေထိုင်ကြရန် သင်ကြားထားပါတယ်။

ကုရ်အာန် ကျမ်းတော်တွင်လည်း အလ္လာဟ်အရှင်မြတ်သည် တရားမျှတမှု၊ ကောင်းမှုကုသိုလ်နှင့် ဆွေမျိုးမိတ်ဆွေများအား ကူညီထောက်ပံ့ခြင်းတို့ကို လုပ်ဆောင်ရန် သတ်မှတ်ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံတော်ကြီး ဆန်ရေစပါးများပေါများပြီး သယံဇာတများ ပေါကြွယ်ဝပါစေ။ နိုင်ငံတော်ကြီး ကမ္ဘာမှာ နေလိုလလိုတောက်ပ၊ နိုင်ငံသူနိုင်ငံသားများ အားလုံး အေးချမ်းပျော်ရွှင်ပြီး စီးပွားလာဘ်လာဘများ ဖွံ့ဖြိုးတိုးတက်၍ အောင်မြင်မှုများစွာ ရရှိခံစားနိုင်ကြပါစေ၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာပါစေ၊ အမှန်တကယ် ကိုယ်ချင်းစာတရားများ ရှိကြပြီး ကိုယ်ကျင့်တရားများ ကောင်းမွန်၍ အကုသိုလ်များမှ ရှောင်နိုင်ကြပါစေ။

**ဒေါက်တာတူးတူး**
**(ခရစ်ယာန်ဘာသာ)**
**ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

ယနေ့ဟာ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ကုန်ဆုံးပြီး ၁၃၈၈ ခုနှစ်ကို ရောက်ရှိလာတဲ့ မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်ကူး အခါသမယနေ့ ဖြစ်ပါတယ်။

မြန်မာလူမျိုးတို့ရဲ့ နှစ်ဟောင်းကြွေပျောက် နှစ်သစ်ရောက်သည့် အခါသမယမှာ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ နိုင်ငံသူနိုင်ငံသားများ၊ ကမ္ဘာသူကမ္ဘာသားများအားလုံး မင်္ဂလာနှစ်သစ်ဖြစ်ပါစေလို့ ခရစ်ယာန်ဘာသာဝင်များကိုယ်စား ကျွန်တော် ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

အမိမြန်မာ နိုင်ငံတော်ကြီးရဲ့ အလံတော်အောက်မှာ တစ်မြေတည်းနေ တစ်ရေတည်းသောက်ပြီး အေးချမ်းပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံသူနိုင်ငံသားအတွင်း အမုန်းစကား၊ အမုန်းတရားများ ပယ်ပျောက်၍ ငြိမ်းချမ်းပျော်ရွှင်စွာ အတူယှဉ်တွဲနေထိုင်ကြပြီး နိုင်ငံတော်အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပူးပေါင်းပါဝင်ကြပါစို့လို့ တိုက်တွန်း နှိုးဆော်လိုက်ပါတယ်။

ထို့အတူ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး အဖွဲ့ကြီးအနေနဲ့ အမိမြန်မာနိုင်ငံတော်အတွင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ကမ္ဘာသူကမ္ဘာသားများအားလုံး အန္တရာယ်အပေါင်းမှ ကင်းဝေးပြီး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ၊ မိသားစုအကျိုး၊ နိုင်ငံအကျိုး၊ ဘာသာ၊ သာသနာအကျိုးကို ရွက်သယ်ပိုးနိုင်ကြပါစေ၊ ကိုးကွယ်ရာဘာသာကြီးလေးရပ်၏ တူညီသောသစ္စာတရား၊မေတ္တာတရားများဖြင့် ကြိုဆိုကြပါလို့ နှစ်သစ်ကူးဆုတောင်း မေတ္တာပို့သအပ်ပါတယ်ခင်ဗျား။

# စီးပွားရေးလုပ်ငန်းရှင်အသင်းများမှ တာဝန်ရှိသူများ၏ နှစ်သစ်မင်္ဂလာ ဆုတောင်းစကားသံများ

**ဦးကံညွန့်(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ MSME Cluster ဖိနပ်လုပ်ငန်းရှင်များ ဗဟိုအဖွဲ့ချုပ်)**

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် မြန်မာနှစ်သစ်ကူးအခါသမယမှာ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ မြန်မာနိုင်ငံသူနိုင်ငံသားများနှင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးကို မင်္ဂလာနှစ်သစ်ဖြစ်ပါစေလို့ ဦးစွာမေတ္တာပို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်ခင်ဗျာ။

ပြည်သူ့ကိုယ်စား ကျွန်တော်တို့ အခုမြန်မာနိုင်ငံတစ်ဝန်းလုံး မဲပေးခဲ့ကြလို့ ကျွန်တော်တို့တိုင်းပြည်မှာ ပြည်သူ့အကျိုးသယ်ပိုးကြမည့် လွှတ်တော်အသီးသီးလည်းပေါ်ပေါက်လို့ လာခဲ့ပါပြီ။ ပြည်ထောင်စုလွှတ်တော်က ရွေးချယ်ပေးလိုက်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ သမ္မတကြီး ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ ဒီမိုကရေစီအစိုးရအဖွဲ့ကြီးလည်းပေါ်ပေါက်လို့ လာခဲ့တဲ့အတွက် လှိုက်လှိုက်လှဲလှဲဝမ်းသာအားရပျော်ရွှင်ရပြီး ယခုပြည်သူက ရွေးချယ်လိုက်သော ပြည်သူ့အစိုးရအဖွဲ့နှင့်ပူးပေါင်း၍ ကျွန်တော်တို့ MSME အသေးစား၊ အလတ်စားလုပ်ငန်းများ ပိုမိုဖြစ်ထွန်းကာ ပြည်တွင်းထုတ်ကုန်များကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရမည့် အချိန်အခါကောင်းလည်းဖြစ်သည့်အတွက် အားလုံးဝမ်းသာကြောင်း ပြောကြားလိုပါတယ်။

ယခုလက်ရှိတစ်ကမ္ဘာလုံးကြုံတွေ့နေရသော စက်သုံးဆီပြဿနာကိုလည်း မကြာမီအချိန်အတွင်း နိုင်ငံတော်သမ္မတကြီးနဲ့ အစိုးရအဖွဲ့က ဖြေရှင်းနိုင်ရန် ကြိုးစားနေချိန်မှာ ကျွန်တော်တို့ တိုင်းသူပြည်သားများကလည်း နားလည်ပေးပြီး ပူးပေါင်းဆောင်ရွက်ကြပါလို့ အထူးပြောကြားလိုပြီး မြန်မာနိုင်ငံငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက် လာပါလိမ့်မယ်လို့၊ တစ်နိုင်ငံလုံး ယခုနှစ်သစ်မှစ၍ အေးချမ်းသာယာကြပါစေလို့ မေတ္တာရှေ့ထား ဆုမွန်ကောင်းတောင်းပေးလိုက်ရပါတယ်။



ဦးကံညွန့်



ဦးနန္ဒကျော်



ဦးမျိုးမြင့်



ဦးမောင်မောင်ဆန်း

**ဦးနန္ဒကျော်(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း)**

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။

ယခုသက်တမ်းအတွက် လွှတ်တော်အသီးသီး၊ အစိုးရဌာနအသီးသီးတို့တွင် ရွေးကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ်ကြီးများနှင့် ခေါင်းဆောင်များအတွက်

စာမျက်နှာ ၂၄ သို့

# ရုပ်ရှင်၊ ဂီတ၊ သဘင်နယ်ပယ်မှ ထင်ရှားကျော်ကြားသော အနုပညာရှင်များ၏ နှစ်သစ်ဆုတောင်းစကားသံများ


ဦးကြည်စိုးထွန်း


ဦးလွင်မြင့်


ဦးအောင်တင်ဝင်း


ဦးအောင်လွင်


ပန်းချီစိုးမိုး


ဒေါ်နွဲ့နွဲ့စန်း

**အလင်္ကာကျော်စွာစည်သူ အကယ်ဒမီ ကြည်စိုးထွန်း (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး)**

ရွက်ဟောင်းများကြွေ၍ ရွက်သစ်များဝေပြီး နှစ်ဟောင်းကုန်လို့ နှစ်သစ်သို့ ရောက်ခဲ့ပါပြီ။ အဟောင်းအသစ်အဖြစ်အပျက် နိယာမအတိုင်း နှစ်သစ်ကူးချိန်ကို ရောက်လာတဲ့အခါ အမုန်းစကားများပပျောက်ပြီး ချစ်ခြင်းမေတ္တာတရားများထွန်းကားကြပါစေ။

အပြဲအကွဲများ ပပျောက်ပြီး စည်းလုံးညီညွတ်ခြင်းများ ထွန်းကားကြပါစေ။ မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံသားအပေါင်း လက်တွဲဆောင်ရွက်နိုင်ကြပါစေ။

နှစ်ပေါင်း(၁၀၆) နှစ်တိုင်အောင် ညီညီညွတ်ညွတ်၊ ပျော်ပျော်ရွှင်ရွှင်နဲ့ ရုပ်ရှင်ချစ်ပြည်သူများကို ဖျော်ဖြေပညာပေးနိုင်ခဲ့တဲ့ မြန်မာ့ရုပ်ရှင်လောကကြီး အစွန့်ရှည်ကြာပါစေကြောင်း မြန်မာ့နှစ်သစ်အခါသမယမှာ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

**ဦးလွင်မြင့် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး)**

နှစ်ဟောင်းကုန်လို့ နှစ်သစ်အခါ ပြန်ဆုံကြတဲ့ မင်္ဂလာရှိတဲ့ နှစ်သစ်မှာ အေးချမ်းတဲ့အတာရေနဲ့အတူ ကမ္ဘာပေါ်မှာရှိတဲ့ လူသားအားလုံး၊ မြန်မာနိုင်ငံသူနိုင်ငံသားအားလုံးအပူကင်းလို့ အေးချမ်းသာယာကြပါစေ။ လောဘ၊ ဒေါသ၊ မာန်မာနတွေနဲ့ အမုန်းတရားတွေကင်းစင်ပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပဏာမဆုတောင်းမေတ္တာပို့သပါတယ်။

မင်္ဂလာရှိတဲ့ နှစ်သစ်အချိန်အခါမှာ ကမ္ဘာသူကမ္ဘာသားအားလုံးနဲ့အတူ နိုင်ငံသူ နိုင်ငံသားအားလုံး အနုပညာရှင်လောကသားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ကောင်းခြင်းမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပြီး နိုင်ငံတော်အတွက် အားသစ်၊ မာန်သစ်ဖြင့် အားလုံးပါဝင်နိုင်ကြပါစေလို့ ဆုတောင်းပါတယ်။ တိုင်းရင်းသားညီအစ်ကိုအားလုံး နိုင်ငံတော်၊ ပြည်သူနှင့်အတူ ချစ်ခြင်းမေတ္တာများပြည့်ဝပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များမှာလည်း ဟန်ချက်ညီညီ လက်တွဲဆောင်ရွက်နိုင်ကြပါစေ။ ကျွန်တော်တို့ရဲ့ လုပ်ဖော်ကိုင်ဖက် ဆွေမျိုးသားရင်းများဖြစ်ကြတဲ့ ဂီတ၊ ရုပ်ရှင်၊ သဘင်၊ စာပေ စတဲ့ ပညာရှင်များအားလုံး စိတ်ချမ်းသာ ကိုယ်ကျန်းမာပြီး မိမိတို့၏ အနုပညာစွမ်းအားဖြင့် နိုင်ငံနှင့် အများပြည်သူအတွက် လက်တွဲဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သပါတယ်။

**အလင်္ကာကျော်စွာ ဦးအောင်တင်ဝင်း (နာယက၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို))**

မြန်မာ့နှစ်သစ်ကူးအခါသမယ မင်္ဂလာအချိန်အခါမှာ ပြည်သူပြည်သားအပေါင်း၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်း ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ လန်းဖြာကြပါစေ၊ ဝမ်းသာကြပါစေလို့ မေတ္တာများပို့သပါတယ်။ ကျွန်တော်တို့ အနုပညာရှင်များကလည်း ပြည်သူကိုချစ်ပြီး ပြည်သူကလည်း အနုပညာရှင်များကို ချစ်ခင်မြတ်နိုးတဲ့အတွက် မေတ္တာအသွားအပြန် အထားမှန်ကြပြီး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေကြောင်း နှစ်သစ်မေတ္တာပို့သအပ်ပါတယ်။

**အကယ်ဒမီ ဦးအောင်လွင် (ရုပ်ရှင်သရုပ်ဆောင်)**

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်ကို ကူးပြောင်းတဲ့ မြန်မာ့နှစ်သစ်အခါသမယမှာ မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းနဲ့ ကမ္ဘာသူ ကမ္ဘာသားအပေါင်း ရင်ဆိုင်နေရတဲ့ အခက်အခဲများ ကင်းလွတ်ကြပါစေ၊ စားဝတ်နေရေး အဆင်ပြေကြပါစေ၊ နှစ်သစ်မင်္ဂလာမှာ ပျော်ရွှင်ချမ်းမြေ့ကြပါစေ။

ရုပ်ရှင်လောကသားတွေထဲမှာ အသက်ကြီးတဲ့ အနုပညာရှင်များဟာ အခက်အခဲများရှိကြပါတယ်။ ဒါကြောင့် ရုပ်ရှင်အစည်းအရုံးက တတ်အားသရွေ့ ဆန်၊ ဆီ၊ ဆား လှူဒါန်းနေတာကြောင့် နှစ်ဆန်းမှာ လှူဒါန်းဖို့ ရည်ရွယ်ထားပါတယ်။ ရုပ်ရှင်လောကသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းပြီး ပြည့်စုံကြပါစေ၊ ကမ္ဘာသူ ကမ္ဘာသားအပေါင်းနှင့် မြန်မာပြည်သူအပေါင်း နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုမွန်ကောင်းပို့သပါတယ်။

**အလင်္ကာကျော်စွာ အကယ်ဒမီ ပန်းချီစိုးမိုး (ရုပ်ရှင် ဒါရိုက်တာ)**

မြန်မာ့နှစ်သစ်ကူးနှင့်အတူ အေးမြသော အတာရေပက်ဖျန်းရင်း စိတ်သစ်ကိုယ်သစ်ဖြင့် ကျန်းမာ၊ ချမ်းသာ၊ ဝမ်းသာစရာအပေါင်းနှင့် ပြည့်စုံပြီး ကောင်းမွန်သော လိုအင်ဆန္ဒမှန်သမျှ ပြည့်ဝပါစေ၊ ဘေးဒုက္ခအပေါင်းမှ ကင်းဝေးပြီး သာသနာ၊ ဘာသာနှင့် နိုင်ငံ၏ကောင်းကျိုးများကို ဆောင်ရွက်နိုင်ကြပါစေကြောင်း ပဏာမဆုမွန်ကောင်း တောင်းအပ်ပါတယ်။ အများဆန္ဒနှင့်အညီ မြန်မာတစ်နိုင်ငံလုံး ရွေးကောက်ပွဲကြီး အောင်မြင်အေးချမ်းစွာ ပြီးစီးခဲ့ပြီးတော့ လွှတ်တော်အဆင့်ဆင့်၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတအပါအဝင် အစဉ်နှုပျိုနေသော တပ်မတော်ကြီးနှင့် ဝန်ကြီးအဖွဲ့များ၊ အုပ်ချုပ်မှုအဆင့်ဆင့်တို့ကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီး နိုင်ငံတကာအကြီးအကဲများ၏ သမ္မတကြီးအပေါ် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ နေ့စဉ်ပေးပို့မှုအပေါ် ဝမ်းသာပီတိဖြစ်မိပါတယ်။ တိုင်းရင်းသားမိဘညီအစ်ကိုအပေါင်းနှင့် ပြည်သူများ တောင့်တမျှော်မှန်းခဲ့သည့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဖြောင့်တန်းစွာ ချီတက်နိုင်ရန် တရားသတိ၊ ပညာအသိအမြင်၊ ဖြူစင်သော ဆန္ဒများဖြင့် အထောက်အပံ့ပြုစေပြီး အဖျက်ကိုရှောင်၊ အပြုကိုဆောင်ပြီး ခေတ်မီတိုးတက်သော နိုင်ငံသစ်ဆီသို့ ချီတက်ကြပါစို့ဟု စေတနာမေတ္တာများစွာဖြင့် ဆန္ဒပြုပါတယ်။

မြန်မာနိုင်ငံအတွင်း နေထိုင်ကြကုန်သော တိုင်းရင်းသားအပေါင်းနှင့် နိုင်ငံသားအပေါင်း ကောင်းမွန်သော လိုအင်ဆန္ဒများ ပြည့်ဝကြပါစေ၊ ကမ္ဘာသူ ကမ္ဘာသားအပေါင်း ငြိမ်းချမ်းကြပါစေကြောင်း နှစ်သစ်ဆုတောင်း ပို့သအပ်ပါတယ်။

**အကယ်ဒမီ ဒေါ်နွဲ့နွဲ့စန်း (ရုပ်ရှင်သရုပ်ဆောင်)**

ဒီအချိန်မှာ ကမ္ဘာကြီး တောင့်တနေမှာက အေးချမ်းသာယာမှုပါပဲ၊ ဒါကြောင့် ကပ်ကြီးသုံးပါးမှ ကင်းလွတ်ကြပါစေ။ မြန်မာ့နှစ်သစ် အခါသမယမှစပြီး မြန်မာပြည်ကြီး အေးချမ်းပြီလို့ ယူဆပါတယ်။ ပြည်သူပြည်သားများနဲ့ ရုပ်ရှင်လောကသားအပေါင်း အကျပ်အတည်းအပေါင်းမှ လွတ်ကင်းချမ်းသာပြီး စီးပွားဥစ္စာများ ဒီရေအလား တိုးတက်ကြပါစေ။ ကမ္ဘာသူကမ္ဘာသား၊ မြန်မာပြည်သူ ပြည်သားအပေါင်း ကျန်းမာခြင်း၊ ချမ်းသာခြင်းနဲ့ ပြီးပြည့်စုံပြီး နှစ်သစ်မင်္ဂလာမှာ လူသစ်၊ စိတ်သစ်နဲ့ နိုင်ငံအကျိုး၊ လူမျိုးအကျိုးကို ထမ်းပိုးဆောင်ရွက်နိုင်ကြပါစေလို့ နှစ်သစ်ဆုမွန်စကားပါးအပ်ပါတယ်။

သတင်း-သစ္စာ(MNA)

ဓာတ်ပုံ-ဖွဲ့မာန်

စာမျက်နှာ ၂၃ မှအဆက်

ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ အမိမြန်မာနိုင်ငံတော်ကြီး အေးချမ်းတည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်လာစေဖို့ အစွမ်းကုန် ကြိုးစားအားထုတ်ပေးမယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့အသင်းအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် ကျရာတာဝန်ပံ့ပိုးနိုင်ရန် အသင့်ရှိပါတယ်။ အရှိတရားများ၏အားနည်းချက်ကို လက်ခံပြင်ဆင်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်သော ဘုံအကျိုးစီးပွားဆီ ချစ်ခင်စည်းလုံးစွာ ဖြတ်သန်းနိုင်သော အမိမြန်မာနိုင်ငံတော်ကြီး ဖြစ်တည်လာပါစေ။ မြေနှင့်သယံဇာတအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာအရင်းအမြစ်တို့ကို အားသာချက်ဖြစ်အောင် စုပေါင်းဖော်ထုတ်ပြီး ထည်ဝါသော အနာဂတ်ဆီရောက်ရှိပါစေ။ မြန်မာပြည်သူ ပြည်သားအားလုံး ဘေးကင်းအောင်မြင် ပျော်ရွှင်သော မင်္ဂလာနှစ်သစ်ဖြစ်ကြပါစေ။

**ဦးမျိုးမြင့်(ဥက္ကဋ္ဌ၊ MKT Construction Company Ltd.)**

မြန်မာ့နှစ်သစ်ကူး အခါသမယမှစ၍ မြန်မာပြည်သူပြည်သားများ၊ ကမ္ဘာသူ ကမ္ဘာသားများအားလုံး အေးချမ်းမှု၊ ငြိမ်းအေးမှု၊ ပျော်ရွှင်မှုများရရှိပါစေ။ မေတ္တာတရားများပွားများနိုင်ပါစေ။ ဗြဟ္မစိုရ်တရားများ ထွန်းကားနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်ခင်ဗျား။

**ဦးမောင်မောင်ဆန်း (ဘဏ္ဍာရေးမှူး၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း)**

မင်္ဂလာရှိတဲ့ ၁၃၈၈ ခုနှစ် နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံသူ နိုင်ငံသား၊ ကမ္ဘာသူ ကမ္ဘာသား အားလုံးသော ခုနစ်ရက်သားသမီး သူတော်ကောင်းအပေါင်းတို့ စိတ်သစ်၊ လူသစ်ဖြင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ။ စီးပွားဥစ္စာ ရတနာတွေလည်း တစ်နေ့တခြား ဒီရေအလားကဲ့သို့ တိုးတက်ကြီးပွားနိုင်ကြပါစေ။ လိုအင်ဆန္ဒများနဲ့လည်း ပြည့်ဝကြပါစေ။ ရောဂါဘယများလည်း ကင်းဝေးကြပါစေ။ မြန်မာနိုင်ငံကြီး အေးချမ်းသာယာပါစေကြောင်း၊ ငြိမ်းချမ်းပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

သတင်းအဖွဲ့

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် လမ်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဧပြီ ၁၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်များ အတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေး အဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ရှေးဟောင်းသမိုင်းဝင် နန်းတော်ဦး လောကမာရဇိန် စေတီတော်ကြီး၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ရှေးဟောင်းသမိုင်းဝင် နန်းတော်ဦး လောကမာရဇိန် စေတီတော်ကြီး၌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း ဆောင်ရွက်ကြစဉ်။

**❖ မိုးသက်လေပြင်းတိုက်ခတ်မှုမှ**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ယနေ့တွင်အပျက်အစီးများဖယ်ရှားရှင်းလင်းခြင်းနှင့် လိုအပ်သည့်အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ်ရှိ ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများမှ နေအိမ် ၃၇၅ လုံးနှင့် ဘုန်းတော်ကြီးကျောင်း ငါးကျောင်း ထိခိုက်ပျက်စီး၍ နေအိမ် ၁၀ လုံး ပြိုကျပျက်စီးခဲ့ပြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်ရှိ ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများမှ နေအိမ် ၆၃၉ လုံး ဘုန်းတော်ကြီးကျောင်း ရှစ်ကျောင်း၊ စာသင်ကျောင်း နှစ်ကျောင်းနှင့် ကျေးလက်ဆေးပေးခန်း တစ်လုံးတို့ အမိုးလန်၊ ထိခိုက်ပျက်စီး၍ နေအိမ် ၅၇ လုံး ပြိုကျပျက်စီးခဲ့ကြောင်းနှင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသက်လေပြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်များနှင့် ကျေးရွာများသို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များကသွားရောက်ကာ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အသုံးအဆောင်ပစ္စည်းများ ကူညီရွှေ့ပြောင်းပေးခြင်း၊ လဲကျနေသောသစ်ပင်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ပြိုကျပျက်စီးနေသောအဆောက်အအုံများနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းပေးခြင်းနှင့် အခြားလိုအပ်သည့် အကူအညီပေးရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

**☆ ဂုဏ်ပြုကြိုဆိုမှုအဆက်**

ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

ဒေသခံတိုင်းရင်းသားပြည်သူများ နေ့စဉ်လူမှုဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး၊ အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အိုးစည်ဗိုးပတ်အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် ဂုဏ်ယူဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြပြီး တိုင်းမှူးက ဂုဏ်ပြုအမှာစကား ပြောကြားကာ အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး နိုစီးနိုင်လောက်အောင် နိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# အရှေ့အလယ်ပိုင်းပဋိပက္ခနှင့် အာဆီယံ၏လောင်စာဆီချွေတာရေး အစီအမံများ

အမေရိကန်၊ အစ္စရေးနှင့် အီရန်တို့ပါဝင်သည့် တင်းမာမှုများ သိသိသာသာ မြင့်တက်လာခြင်းသည် ၂၀၂၀ ပြည့်လွန်နှစ်များ အစောပိုင်းကတည်းက အပြင်းထန်ဆုံး ကမ္ဘာလုံးဆိုင်ရာလောင်စာဆီ (ခြိမ်းခြောက်)မှုကို ဖြစ်ပေါ်စေခဲ့သည်။

လောင်စာဆီဟုဆိုရာတွင် ရေနံ၊ သဘာဝဓာတ်ငွေ့၊ ဓာတ်ဆီ စသည်တို့ပါဝင်သည်။ ခန့်မှန်းခြေအားဖြင့် ကမ္ဘာ့ရေနံပံ့ပိုးမှု၏ ၂၀ ရာခိုင်နှုန်းနှင့် ကမ္ဘာ့ LNG ကုန်သွယ်မှု၏ လေးပုံတစ်ပုံသည် ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းသွားသောကြောင့် အရှေ့အလယ်ပိုင်း သဘော်ာတင်ပို့မှုအပေါ် အနှောင့်အယှက်တစ်စုံတစ်ရာသည် အာရှတစ်ဝန်းတွင် ချက်ချင်းပဲ့တင်ထပ်သွားသည်။ အာဆီယံသည် ၎င်း၏ရေနံစိမ်း၏ ၈၀ ရာခိုင်နှုန်းကျော်ကို တင်သွင်းပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်အတွက် LNG ကို ပိုမိုအားကိုးလာသောကြောင့် ယခုအခါ ရုပ်ကြွင်းလောင်စာအားနည်းချက် ခေတ်သစ်တစ်ခုကို ရင်ဆိုင်နေရသည်။

လောင်စာဆီအကျပ်အတည်းသည် အာဆီယံ၏ အရေးပေါ် တုံ့ပြန်မှုစွမ်းရည်ကို စမ်းသပ်ရုံသာမက အခြေခံအဆောက်အအုံ၊ စွမ်းအင်ကွဲပြားမှုနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ အကာအကွယ်ပေးရေးဆွေးနွေးမှုများကိုလည်း အရှိန်မြှင့်ပေးနေသည်။ ငွေကြေးဖောင်းပွမှုဖိအားများမြင့်တက်လာပြီး ပံ့ပိုးရေးကွင်းဆက်အန္တရာယ်များ ပြင်းထန်လာသည်နှင့်အမျှ အာဆီယံအစိုးရများသည် ကုန်ကျစရိတ်များသောရေတိုဝင်ရောက်စွက်ဖက်မှုများနှင့် အဆုံးအဖြတ်ပေးသော ရေရှည်ပြောင်းလဲမှုများကြား ရွေးချယ်ရန် ဖိအားပေးခံနေရသည်။

ဤနောက်ခံအခြေအနေတွင် အာဆီယံသည် အရေးပေါ်ထိန်းသိမ်းရေးအစီအမံများ၊ မဟာဗျူဟာမြောက်ပံ့ပိုးရေးအစီအမံများနှင့် ရေရှည်ရုပ်ကြွင်းလောင်စာအသွင်ပြောင်းမှုဆိုင်ရာ ဆွေးနွေးမှုများကို ပြန်လည်စတင်လျက်ရှိသည်။ အဖွဲ့ဝင်နိုင်ငံများသည် ထိတွေ့မှုအဆင့်များတွင် မတူညီသော်လည်း၊ အကျပ်အတည်းသည် ဒေသတစ်ခုလုံး၏ တွက်ချက်မှုကို အရှိန်မြှင့်ပေးနေသည်။ စွမ်းအင်လုံခြုံရေးသည် ဝေးကွာသော မဟာဗျူဟာမြောက် စိုးရိမ်မှုတစ်ခု မဟုတ်တော့ဘဲ ယခုအခါ နေ့စဉ်လုပ်ငန်းလည်ပတ်မှု ဦးစားပေးတစ်ခုဖြစ်လာသည်။

**ဖိလစ်ပိုင်နိုင်ငံက အမျိုးသားစွမ်းအင်အရေးပေါ်အခြေအနေကြေညာခြင်း**

ဖိလစ်ပိုင်နိုင်ငံလည်း အဆိုပါလောင်စာဆီ အကျပ်အတည်းများကြားထဲက ထိခိုက်ဆုံးနိုင်ငံများထဲတွင် ပါဝင်သည်။ လောင်စာဆီဈေးနှုန်းများ မြင့်တက်လာခြင်းကို ကိုင်တွယ်ဖြေရှင်းရန် အရေးပေါ်အခြေအနေကြေညာထားသည်။ အစိုးရအနေဖြင့် ထိုအကျပ်အတည်းကို ဖြေရှင်းရန် လောင်စာဆီလုံခြုံရေးရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၃၃ သန်း ချထားပေးခဲ့သည်။ ၎င်းသည် ပြည်တွင်းဈေးကွက်တည်ငြိမ်ရေးလမ်းဆောင်ရန်နှင့် အရေးပေါ်ဝယ်ယူမှုကို ပံ့ပိုးရန်ဖြစ်သည်။

အစိုးရအဖွဲ့အစည်းများသည် အလုပ်ချိန်များကို လျှော့ချခဲ့ပြီး၊ မရှိမဖြစ်လိုအပ်သောယာဉ်အသုံးပြုမှုကို ကန့်သတ်ခဲ့သလို လေအေးပေးစက်အသုံးပြုမှုကိုလည်း လျှော့ချခဲ့သလို လျှပ်စစ်ဓာတ်အားချွေတာရေးနည်းလမ်းများကိုလည်း ကျင့်သုံးခဲ့သည်။ ဒေသန္တရအာဏာပိုင်များက လိုအပ်ချက်ကိုထိန်းချုပ်ရန်သွားလာရေးကန့်သတ်ချက်များနှင့် လောင်စာဆီသုံးစွဲမှုကိုလျှော့ချခဲ့သည်။ ဖိလစ်ပိုင်အတွက် ထိုအကျပ်အတည်းသည်စီးပွားရေးအရသာမက လူမှုရေးနှင့်နိုင်ငံရေးအရ ခံနိုင်ရည်ရှိမှုကိုလည်း အရေးတကြီး စမ်းသပ်သောစမ်းသပ်မှုတစ်ခုဖြစ်သည်။

ဖိလစ်ပိုင်သည် ပြည်ပမှ တင်သွင်းလာသော ရေနံအပေါ်လုံးဝနီးပါးမှီခိုနေရသည့်အပြင် နိုင်ငံ၏ လျှပ်စစ်ဓာတ်အားကွန်ရက်သည် ပြောင်းလွယ်ပြင်လွယ်ရှိသော LNGတင်ပို့မှုများအပေါ် မှီခိုနေရပြီး အများစုမှာ အရှေ့အလယ်ပိုင်းပံ့ပိုးရေးလမ်းကြောင်းများနှင့် ချိတ်ဆက်ထားသော ပြန်လည်တင်ပို့မှုများမှ ရရှိသည်။ သယ်ယူပို့ဆောင်ရေးသည် အမျိုးသား

ရုပ်ကြွင်းလောင်စာကို အရှိန်မြှင့်တင်ခြင်း၊ ပြည်တွင်းရေနံချက်လုပ်နိုင်စွမ်းကိုတိုးချဲ့ခြင်းနှင့် ပြည်ပမှ တင်သွင်းသော ရေနံအပေါ်မှီခိုမှုကို လျှော့ချခြင်းဆိုင်ရာ အင်ဒိုနီးရှား၏ ပြည်တွင်းရေးဆွေးနွေးမှုကိုလည်း ပိုမိုအားကောင်းစေသည်။

အင်ဒိုနီးရှားနိုင်ငံသည် ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့ အဓိကတင်ပို့သူဖြစ်သော်လည်း ပြည်တွင်းသုံးစွဲမှု၏ ၄၀ ရာခိုင်နှုန်းမှ ၄၅ ရာခိုင်နှုန်းခန့်ကို ပြည်ပပံ့ပိုးမှုမှတစ်ဆင့်လွှမ်းခြုံထားသော ရေနံစိမ်းကို အသားတင်တင်သွင်းသူအဖြစ်ရှိနေဆဲဖြစ်သည်။

**❖ လောင်စာဆီ အကျပ်အတည်းသည် အာဆီယံ၏အရေးပေါ် တုံ့ပြန်မှုစွမ်းရည်ကို စမ်းသပ်ရုံသာမက အခြေခံအဆောက်အအုံ၊ စွမ်းအင်ကွဲပြားမှုနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ အကာအကွယ်ပေး ရေးဆွေးနွေးမှုများကိုလည်း အရှိန်မြှင့်ပေးနေသည်။ ငွေကြေး ဖောင်းပွမှုဖိအားများ မြင့်တက်လာပြီး ပံ့ပိုးရေးကွင်းဆက် အန္တရာယ်များပြင်းထန်လာသည်နှင့်အမျှ အာဆီယံအစိုးရများသည် ကုန်ကျစရိတ်များသော ရေတိုဝင်ရောက်စွက်ဖက်မှုများနှင့် အဆုံး အဖြတ်ပေးသော ရေရှည်ပြောင်းလဲမှုများကြား ရွေးချယ်ရန် ဖိအားပေးခံနေရသည်။ ❖**

ထိခိုက်ဆုံးနိုင်ငံတွေထဲတွင်သုံးစွဲမှု၏ ၃၅ ရာခိုင်နှုန်းကျော်ရှိပြီး ရေနံဈေးနှုန်းများ ချက်ချင်းမြင့်တက်ခြင်းက ငွေကြေးဖောင်းပွမှုဖြစ်စေသည်။

အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များသည် လောင်စာဆီဈေးနှုန်းများ မြင့်တက်လာခြင်းကို ကိုးကား၍ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်း ထားများ ချိန်ညှိရန် တောင်းဆိုထားပြီးဖြစ်သည်။

လက်ကားလျှပ်စစ်ဓာတ်အား ဈေးကွက်တွင် ဈေးနှုန်းများ ၈ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး LNG တင်ပို့မှုများ ကြာရှည်စွာနှောင့်နှေးပါက လုပ်ငန်းများ ရပ်တန့်ခြင်းအန္တရာယ်များ မြင့်တက်လာသည်။

ဖိလစ်ပိုင်သည် ၎င်း၏ ရေနံ၏ရာနှုန်းပြည့်နှင့် LNG ၏ ၆၀ ရာခိုင်နှုန်း ခန့်ကို အရှေ့အလယ်ပိုင်းက တင်သွင်းသောကြောင့် အရှေ့အလယ်ပိုင်း ပံ့ပိုးမှုပြတ်တောက်ခြင်းသည် ၎င်းကိုအလွန်အမင်း ထိခိုက်စေသည်။

**အင်ဒိုနီးရှား၏မဟာဗျူဟာမြောက် ကုန်စည်ဖလှယ်ရေး အစီအမံများ**

ကျောက်မီးသွေးနှင့် LNG အဓိက တင်ပို့သူဖြစ်သော်လည်း အင်ဒိုနီးရှားသည် အရည်လောင်စာတင်သွင်းမှုနှင့်ပတ်သက်၍ မရေမရာမှုများနှင့် ရင်ဆိုင်နေရသည်။ အင်ဒိုနီးရှားသည် ဂျပန်ကဲ့သို့သော မိတ်ဖက်များနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ခဲ့ပြီး အရှေ့အလယ်ပိုင်းပံ့ပိုးမှုများ ပိုမိုတင်းကျပ်လာပါက ရေနံနှင့်သန့်စင်ထားသော ထုတ်ကုန်များကို ရရှိနိုင်စေရန် ကုန်စည်ဖလှယ်ရေးအစီအမံများ ရှာဖွေနေသည်။

ဤအကျပ်အတည်းသည် ပြန်လည်ပြည့်ဖြိုးမြဲ

ကုန်ပစ္စည်းဖလှယ်သည့်ပုံစံစွမ်းအင်သဘောတူညီချက်များကို ညှိနှိုင်းခြင်း၊ အင်ဒိုနီးရှား LNG သို့မဟုတ် ကျောက်မီးသွေးကိုသန့်စင်ထားသော ရေနံထွက်ကုန်များနှင့် လဲလှယ်ခြင်း၊ အရှေ့အလယ်ပိုင်းရှိ အခြားရွေးချယ်စရာရောင်ကွင်းလမ်းကြောင်းများကို လုံခြုံစေရန်အတွက် ဂျပန်နှင့်ပံ့ပိုးရေးညှိနှိုင်းမှုကို အားကောင်းစေခြင်း၊ ဓာတ်ဆီနှင့် ဒီဇယ်ဆီ ပြည်တွင်းထုတ်လုပ်မှုကို အမြင့်ဆုံးဖြစ်စေရန် ရေနံချက်စက်ရုံများ၏ထုတ်လုပ်မှုစွမ်းအားကို ပြန်လည်သုံးသပ်ခြင်းအားဖြင့် အင်ဒိုနီးရှားသည် စွမ်းအင်အကျပ်အတည်းကို လိမ္မာပါးနပ်စွာ ဆောင်ရွက်လျက်ရှိသည်။

အင်ဒိုနီးရှားတွင် မူဝါဒချမှတ်သူများသည် သမားရိုးကျမဟုတ်သောနည်းလမ်းများဖြင့် ရေနံပံ့ပိုးမှုများကို လုံခြုံစေရန် ကြိုးပမ်းနေစဉ်တွင် အဓိကကျောက်မီးသွေးနှင့် LNG တင်ပို့သူအဖြစ် နိုင်ငံ၏ အခန်းကဏ္ဍကို ရာခိုင်နှုန်းအသုံးချနေကြသည်။ အင်ဒိုနီးရှားသည် မိတ်ဖက်များ၊ အထူးသဖြင့် ဂျပန်တို့နှင့် အပြန်အလှန်သဘောတူညီချက်များထူထောင်ရန်၊ အရှေ့အလယ်ပိုင်းပံ့ပိုးမှု ပိုမိုတင်းကျပ်လာပါက ရှားပါးလာနိုင်သည့်သန့်စင်ပြီး လောင်စာထုတ်ကုန်များအတွက် အင်ဒိုနီးရှား စွမ်းအင်အရင်းအမြစ်များကိုလဲလှယ်ရန် ညှိနှိုင်းမှုများကို တိုးမြှင့်ခဲ့သည်။

အကျပ်အတည်းသည် ပြန်လည်ပြည့်ဖြိုးမြဲ ရုပ်ကြွင်းလောင်စာကို အရှိန်မြှင့်တင်ခြင်း၊ ပြည်တွင်းသန့်စင်မှုစွမ်းရည်ကို တိုးချဲ့ခြင်းနှင့် တင်သွင်းလာသော ရေနံအပေါ်မှီခိုမှုကို လျှော့ချခြင်းဆိုင်ရာ အင်ဒိုနီးရှား၏ ပြည်တွင်းဆွေးနွေးမှုကိုလည်း အားဖြည့်ပေးနေသည်။

**ထိုင်းနိုင်ငံ၏ စွမ်းအင်ထိန်းသိမ်းရေးနှင့် သုံးစွဲမှုထိန်းချုပ်ရေးလျှော့ချခြင်းနှင့် သုံးစွဲမှုညွှန်ကြားချက်**

ဗန်ကောက်မြို့သည် အစိုးရရုံးများနှင့်ပြည်နယ်အေဂျင်စီများကို လောင်စာနှင့် လျှပ်စစ်သုံးစွဲမှုအပါအဝင် ရုပ်ကြွင်းလောင်စာအသုံးပြုမှုကို လျှော့ချရန်နှင့် ဈေးနှုန်းမြင့်တက်မှုကြားတွင် ထိရောက်မှုတိုင်းတာမှုများကို မြှင့်တင်ရန် ညွှန်ကြားထားသည်။

**မူဝါဒအချက်ပြမှု**

ထိုင်းအစိုးရသည် မတည်ငြိမ်မှုများ ဆက်လက်ဖြစ်ပေါ်နေပါက ၎င်း၏ ရေနံလောင်စာရန်ပုံငွေသည် ပြည်တွင်းလောင်စာဈေးနှုန်းများကို သက်သာစေရန် အခက်အခဲရှိလိမ့်မည်ဟုလည်း သတိပေးထားသည်။

ထိုင်းနိုင်ငံသည် အစိုးရအေဂျင်စီများကို လျှပ်စစ်နှင့်လောင်စာသုံးစွဲမှုကို လျှော့ချရန် ညွှန်ကြားထားပြီး မရှိမဖြစ်လိုအပ်သောအသုံးပြုမှုများကို လျှော့ချရန်နှင့် အိမ်ထောင်စုများနှင့် စက်မှုလုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အားပေးရန် ရည်ရွယ်ထားသည်။ လေအေးပေးစက်နှင့် ယာဉ်လည်ပတ်မှုများကို ကန့်သတ်ထားသည်။ အာဏာပိုင်များသည် သွားလာရေးနှင့်ဆက်စပ်သော လောင်စာဆီသုံးစွဲမှုကို ထိန်းချုပ်ရန်အတွက် အိမ်မှအလုပ်လုပ်သည့် အစီအမံများကိုလည်း အားပေးခဲ့သည်။

ကမ္ဘာ့ဈေးနှုန်းအတက်အကျကို လျှော့ချရန် အသုံးပြုသည့် ၎င်း၏ရေနံလောင်စာဆီရန်ပုံငွေသည် မတည်ငြိမ်မှု ဆက်လက်ဖြစ်ပေါ်နေပါက "ပြင်းထန်သောဖိအား အောက်သို့ရောက်ရှိနိုင်ကြောင်း ဗန်ကောက်က သတိပေးထားသည်။

**ထိုင်းအစိုးရတစ်ရပ်လုံး၏ရုပ်ကြွင်းလောင်စာချွေတာရေးအမိန့်များ**

ဗန်ကောက်၏အစီအမံများတွင် ဝန်ကြီးဌာနအားလုံးအတွက် လျှပ်စစ်နှင့်လောင်စာဆီသုံးစွဲမှုကို ၂၀ ရာခိုင်နှုန်း လျှော့ချရန်၊ သယ်ယူပို့ဆောင်ရေးလောင်စာဆီသုံးစွဲမှုကို လျှော့ချရန် အိမ်မှအလုပ်လုပ်ခြင်း အစီအမံများကို တိုးချဲ့ခြင်း၊ အများပြည်သူဆိုင်ရာ အဆောက်အအုံများတွင် လေအေးပေးစက် အပူချိန်များကို ၂၇ ဒီဂရီစင်တီဂရိတ်တွင် ထားရှိခြင်းတို့ပါဝင်သည်။ ထိုင်းနိုင်ငံသည် တစ်နေ့လျှင် ရေနံစည်တစ်သန်းခန့်တင်သွင်းပြီး အာဆီယံတွင် ဒုတိယအကြီးဆုံးရေနံစိမ်း တင်သွင်းသူဖြစ်လာသည်။ ၎င်း၏စီးပွားရေး အထူးသဖြင့် ခရီးသွားလုပ်ငန်းနှင့် ထုတ်လုပ်ရေးသည် တည်ငြိမ်သောရုပ်ကြွင်းလောင်စာဈေးနှုန်းများအပေါ် များစွာမူတည်သည်။

ဒီဇယ်ပံ့ပိုးမှုများသည် ဆယ်စုနှစ်တစ်ခုခန့်အတွင်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ပြီး ဘဏ္ဍာရေးဆိုင်ရာ စိုးရိမ်မှုများကို မြင့်တက်စေသည်။ ကမ္ဘာလုံးဆိုင်ရာ LNG ဈေးနှုန်းများသည် ကြိုတင်သတ်မှတ်ထားသော ကန့်သတ်ချက်များထက် ကျော်လွန်ပါက အစိုးရသည် အရေးပေါ်အခွန်များကို အဆင့်လိုက်ပြင်ဆင်နေသည်။

အမျိုးသားလျှပ်စစ်ဓာတ်အား၏ ၄၀ ရာခိုင်နှုန်းကျော်ကိုသုံးစွဲသော ထိုင်းနိုင်ငံ၏ စက်မှုကဏ္ဍကို လှုံ့ဆော်မှုများမှတစ်ဆင့် အလုပ်အများဆုံးအချိန်သုံးစွဲမှုကို လျှော့ချရန် အားပေးလျက်ရှိသည်။

ဆက်လက်ဖော်ပြပါမည်။

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

# ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး



**ကောလင်း မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၃၁၈၆ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ကောလင်းမြို့နယ်တွင် ၆၁၃၈ ကေ၊ ဝန်းသိုမြို့နယ်တွင် ၂၃၇၈ ကေ၊ ပင်လည်ဘူးမြို့နယ်တွင် ကေ ၄၆၇၀ စုစုပေါင်း ၁၃၁၈၆ ကေ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၆၉ ဒသမ ၈၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ကောလင်းခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၁၃၁၈၆ ကေစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲစိုက်ခင်းတွေလက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲအထွက်နှုန်းလဲ ကောင်းမွန်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်" ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# အုတ်ဖိုမြို့နယ် ရှမ်းစု(ဂုံမင်းမြောင်) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို မေ ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းစု(ဂုံမင်းမြောင်) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေး ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၅ ဒသမ ၇၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရှမ်းစု (ဂုံမင်းမြောင်) ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၆ ဦးကို ငွေကျပ် ၄၁ ဒသမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၄ ဒသမ၂ သန်း၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ဝ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၇၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အေးမြတ်**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးတန်ပိသာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးတန်ပိသာချိန် ၅၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ငါးတန်ပိသာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လတစ်လအတွင်းငါးတန်ပိသာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသကရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးတန်များအပါအဝင် ရေထွက်ကုန် ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အများဆုံး တင်ပို့ ရောင်းချနေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မတ်လအတွင်း ငါးတန်ပိသာချိန် ၅၆၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့နယ်ဘက်မှာ ပြီးခဲ့တဲ့တစ်လအတွင်းကော အခုလက်ရှိမှာပါ ငါးတန်တွေ တင်ပို့ရောင်းချအား ကောင်းနေပါတယ်။ အခုလိုငါးတန်တွေ တင်ပို့အားတက်လာတော့ ငါးလုပ်ငန်းနဲ့ဆက်စပ်သူတွေ အဆင်ပြေလာပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။



ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးတန် ၁၀ ပိသာလျှင် ငွေကျပ် ၁၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ငါးတန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေရခြင်းကြောင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ညောင်ရွှေမြို့နယ် စိတ္တကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ မေ ၁၈**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းခြံကေလာကျေးရွာအုပ်စု စိတ္တကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက စိတ္တကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ဆောင်ရွက်ထားသော ခရမ်းချဉ်စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နေမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့်ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းအဖွဲ့ ခရမ်းချဉ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့နှစ်ဖွဲ့မှ အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ စိတ္တကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ဖြင့် ခရမ်းချဉ်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့နှစ်ဖွဲ့မှ အဖွဲ့ဝင် ၁၇ ဦးကို ရန်ပုံငွေကျပ် ၁၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကလောမြို့နယ် ဘော်ဆိုင်းရွာသစ်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ကလော မေ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘော်ဆိုင်းရွာသစ်ကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းခိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

ဘော်ဆိုင်းရွာသစ်ကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ကို အသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း (Mask) တပ်ပါ။

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်နီဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး



**ယင်းမာပင် ဧပြီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်နီဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၉၈၄၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ကြက်သွန်နီစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၃၁၇၉ ဧက၊ ကနီမြို့နယ်တွင် ၅၁၉ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၃၉၄၈ ဧကနှင့် ပုလဲမြို့နယ်တွင် ဧက ၂၂၀၀ စုစုပေါင်း ၉၈၄၆ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပိဿာ ၄၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ယင်းမာပင်ခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကြက်သွန်နီ ၉၈၄၆ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကြက်သွန်နီစိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်အတွင်းရှိ သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြက်သွန်နီစိုက်တောင်သူများ ကြက်သွန်နီကို ကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ပုသိမ်မြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ပုသိမ် ဧပြီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် ဧပြီလဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ဈေးကွက်အတွင်း ငါးကွမ်းရှပ်ခြောက်များ ဝယ်လိုအားကောင်းမွန်လာပြီး အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ ငါးကွမ်းရှပ်ခြောက်တစ်ပိဿာလျှင် အရွယ်အစားနှင့် အရည်အသွေးလိုက် ငွေကျပ် ၂၅၀၀၀ မှ ၅၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။



"အခုလထဲမှာပါ ငါးကွမ်းရှပ်ခြောက်တွေ အဝယ်လိုက်နေပါတယ်။ ဒေသဈေးကွက်မှာ အခြားငါးခြောက်တွေနဲ့ ယှဉ်တဲ့အခါမှာ ငါးကွမ်းရှပ်ခြောက်က ပိုမို အရောင်းအဝယ် ကောင်းနေတာပါ။ ပြည်တွင်းစားသုံးသူများနေတဲ့ အခြေအနေပေါ့နော်။ အခု အရောင်းအဝယ်တွေ ပုံမှန်ထက် ပိုမို အရောင်းအဝယ်သွက်လာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ၊ ငါးခြောက်လုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အလုပ်အကိုင်အခွင့်အလမ်းအဆင်ပြေနေပါတယ်" ဟု ပုသိမ်မြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးကွမ်းရှပ်ခြောက်များအပါအဝင် ရေထွက်ကုန်ပစ္စည်းအမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းများဝယ်ယူပြီး စနစ်တကျသန့်စင်ထုတ်ပိုး လုပ်ဆောင်ပြီး ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

ကျော်ကျော်လင်း

# အင်္ဂပူမြို့နယ် အေးစေတီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

**အင်္ဂပူ ဧပြီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ အေးစေတီကျေးရွာနှင့် စက်စက်ယိုကျေးရွာတို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အေးစေတီကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်က စီမံကိန်းအကြောင်းအရာများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်း စက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အေးစေတီကျေးရွာနှင့် စက်စက်ယိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၂၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၁၀ သန်း၊ အရောင်းအဝယ်လုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၉ ဒသမ ၁ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊အသင်းသူ ၇၇ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်ထံမှ သိရသည်။

သံသာ

# ဆုံးမမှုကွယ် နာယူလွယ်

- လောကဝယ် လူမိုက်တစ်သောင်း
  ချီးမွမ်းကြောင်း မလိုပါ၊
  ပညာရှိသူ ကဝိတစ်ယောက်
  ချီးမြှောက်မှုသာ၊
  ရင်ထဲက နှစ်နှစ်ကာကာ
  လိုလားတာ ဆန္ဒတစ်ခု၊
  ကဗျာသီ ချန်ရစ်ထားလို့
  ရေးသားတောင်းဆု။

- ပညာရှိကို အလေးဂရု
  ပူဇော်မှု ပြုလေသည်၊
  တို့ သူ ငါ အမြဲမှတ်သား
  ကြိုးစားကြမည်၊
  ပဏ္ဍိတ မြတ်ဂုဏ်ရည်
  သင်းထုံကြည် ပန်းလိုမွှေး၊
  ကမ္ဘာမြေ ကောင်းကျိုးရဖို့
  စိတ်က ကြံတွေး။

- မြတ်စာပေ ပိုက်ကာထွေး
  ကလောင်သွေး အလှဆင်၊
  လို့လထူ ရှေ့ကိုဆက်လျှောက်
  မှတ်ကျောက်ကိုတင်၊
  ပညာရှိ အရိပ်ခိုဝင်
  အမြဲပင် သင်ယူထား၊
  ဆုံးမမှုကို နာယူကြလို့
  (အိုကွယ်)
  လှပစေသား။ ။

ဇဂျမ်းရွာကျောင်းအိုသား

# မင်းဘူးမြို့နယ် ပိုက်သင်ကျေးရွာ၌ RBF စီမံကိန်းမိတ်ဆက်ရှင်းလင်း၍ ကော်မတီဖွဲ့စည်း

**မင်းဘူး ဧပြီ ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပိုက်သင်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဘက်စုံသုံးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းက ကျေးရွာရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများကို တွေ့ဆုံကာ ကျေးလက်စီးပွား မြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း (RBF) စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် RBF စီမံကိန်းတာဝန်ခံဝန်ထမ်းများက တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

မင်းဘူးမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပိုက်သင်ကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများက အစုအဖွဲ့များ ဖွဲ့ကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇင်မာ

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## မိဘလုပ်ကျွေး ဘေးရန်ဝေး

ကလေးတို့ရေ ဒီတစ်ပတ် ဦးဦးပြောပြမဲ့ ပုံပြင်ကလေးရဲ့အမည်ကတော့ **"မိဘလုပ်ကျွေး ဘေးရန်ဝေး"**ဆိုတဲ့ပုံပြင်ကလေးပဲဖြစ်ပါတယ်ကွယ်။

ဟိုးရှေးရှေးတုန်းကပေါ့ကွယ်။ ကောက်ပဲသီးနှံတွေစိုက်ပျိုးပြီး အသက်မွေးဝမ်းကျောင်းပြုတဲ့ ယာခင်းပိုင်ရှင်ကြီးတစ်ယောက်ရှိသတဲ့။ ယာခင်းပိုင်ရှင်ကြီးဟာ အလုပ်ကို အမြဲတမ်းကြိုးစားလုပ်ကိုင်နေတတ်ပြီး စိတ်ကောင်းစေတနာကောင်းလဲ ရှိသတဲ့ကွယ်။ အခြားယာခင်းတွေ မိုးခေါင်ရေရှားပြီး မဖြစ်ထွန်း၊ မအောင်မြင်ပေမဲ့ အဲဒီယာခင်းပိုင်ရှင်ကြီးကတော့ သီးနှံတွေဖြစ်ထွန်းအောင် အမြဲတမ်းဂရုတစိုက်လုပ်ကိုင်တဲ့အတွက် သူ့ရဲ့ယာခင်းတွေက အမြဲတမ်းပဲ သီးနှံအထွက်ကောင်းသတဲ့။ ယာခင်းပိုင်ရှင်ကြီးဟာ သူ့ယာခင်းထဲကို လာရောက်အစာရှာဖွေစားသောက်တဲ့ ငှက်ကလေးတွေ တွေ့ရင်လဲ ခြောက်လှန့်တာ၊ မောင်းထုတ်တာ မပြုဘဲ ငှက်ကလေးတွေ အစာကောင်းကောင်းစားနိုင်ဖို့အတွက် အသံမပေးဘဲ ငြိမ်ပြီးကြည့်နေတတ်သတဲ့ကွယ်။

ငှက်ကလေးတွေကလဲ အခြားယာခင်းတွေအများကြီးရှိနေပေမဲ့ အဲဒီယာခင်းပိုင်ရှင်ကြီးရဲ့ ယာခင်းထဲက ကောက်ပဲသီးနှံလေးတွေကိုပဲ နေ့စဉ်လာရောက်ပြီး စားသောက်ကြသတဲ့ကွယ်။

အဲဒီလိုနဲ့ အချိန်တွေကြာလာတဲ့အခါ ယာခင်းပိုင်ရှင်ကြီးဟာ ယာခင်းထဲ နေ့စဉ်အစာလာစားနေကြတဲ့ ငှက်ကလေးတွေထဲမှာ အခြားငှက်ကလေးတွေနဲ့မတူဘဲ အပြုအမူတွေကွဲလွဲကာ ထူးဆန်းနေတဲ့ ငှက်ကလေးတစ်ကောင်ကို တွေ့ရှိသွားသတဲ့ကွယ်။ အဲဒီငှက်ကလေးဟာယာခင်းထဲအတူတူအစာလာစားတဲ့ငှက်ကလေးတွေလို ယာခင်းထဲက ကောက်ပဲသီးနှံလေးတွေကို စားသောက်ရုံတင်မက ကောက်ပဲသီးနှံလေးတွေကို နှုတ်သီးနဲ့ကိုက်ချီပြီး အပြန်မှာ သယ်ယူသွားလေ့ရှိသတဲ့ကွယ်။ အဲဒီထူးခြားနေတဲ့ ငှက်ကလေးကိုကြည့်ပြီး ယာခင်းပိုင်ရှင်ကြီးက စိတ်ဝင်စားနေတော့တာပေါ့ကွယ်။ အဲဒါကြောင့် ငှက်ဖမ်းကျွမ်းကျင်ပြီး ငှက်တွေရဲ့ဘာသာစကားကို နားလည်တဲ့ ငှက်မုဆိုးကြီးတစ်ယောက်ကိုခေါ်ယူကာ အဲဒီထူးခြားနေတဲ့ငှက်ကလေးကို ပိုက်ကွန်နဲ့ထောင်ဖမ်းခိုင်းလိုက်သတဲ့ကွယ်။

နောက်တစ်နေ့ရောက်တော့ အဲဒီငှက်ကလေးဟာ ငှက်မုဆိုးကြီးထောင်ဖမ်းထားတဲ့ ပိုက်ကွန်ထဲမှာ ဖမ်းမိသွားတော့သတဲ့။ ငှက်မုဆိုးကြီးကလဲ အဲဒီငှက်ကလေးရဲ့အကြောင်းကို မေးမြန်းတော့သတဲ့ကွယ်။



"အသင်ငှက်ကလေး အသင်ဟာ အခြားငှက်တွေလိုမဟုတ်ဘဲ ယာခင်းထဲက ကောက်ပဲသီးနှံလေးတွေကို နေ့စဉ်စားသောက်ရုံတင်မက အပြန်မှာ နှုတ်သီးနဲ့ပါ ကိုက်ချီသွားတယ်။ ဘာလုပ်ဖို့လဲ"လို့ မေးသတဲ့ကွယ်။ အဲဒီအခါ ငှက်ကလေးက–

"ကျွန်ုပ်မှာ အခြားငှက်ကလေးတွေလိုမဟုတ်ဘဲ တောအုပ်ကြီးထဲက အသိုက်ထဲမှာကျန်ရစ်ခဲ့တဲ့ အိုမင်းမစွမ်းတဲ့ မိခင်၊ ဖခင်အိုကြီးတွေရှိပါတယ်။ ကျွန်ုပ်ရဲ့မိခင်၊ ဖခင်အိုကြီးတွေဟာ အိုမင်းနေပြီဖြစ်လို့ ကျွန်ုပ်တို့လို မပျံသန်းနိုင်တော့ပါဘူး။ ပြီးတော့ မျက်လုံးတွေလဲ ကောင်းကောင်းမမြင်ကြတော့ပါဘူး။ အဲဒါကြောင့် ကျွန်ုပ်က ကျွန်ုပ်ရဲ့မိခင်၊ ဖခင်အိုကြီးတွေအတွက်ပါ နေ့စဉ်အစာရှာဖွေပြီး ကျွေးမွေးနေရပါတယ်"လို့ ပြန်လည်ဖြေကြားသတဲ့ကွယ်။

အဲဒီငှက်ကလေးရဲ့စကားကြားတော့ ယာခင်းပိုင်ရှင်ကြီးကော ငှက်မုဆိုးကြီးပါ နှစ်ယောက်စလုံးက ငှက်ကလေးကိုကြည့်ပြီး ရိုသေလေးစားသွားကြသတဲ့ကွယ်။ အဲဒါကြောင့် ယာခင်းပိုင်ရှင်ကြီးက "ကျွန်ုပ်လဲ အစက အသင်ငှက်ကလေးရဲ့ အပြုအမူတွေကို ကြည့်ပြီးစိတ်ဝင်စားခဲ့တယ်။ အခုတော့ အသင်ငှက်ကလေးဟာ မိဘကိုပြန်ပြီး လုပ်ကိုင်ကျွေးမွေးနေတဲ့ သားလိမ္မာလေးဖြစ်နေတာကြောင့် အသင်ငှက်ကလေးကို ပိုပြီးရိုသေလေးစားရပါတယ်။ သင့်အကြောင်းကို ကျွန်ုပ်မသိလို့ အခုလို သင့်ကိုဖမ်းယူခဲ့မိတဲ့အတွက် ကျွန်ုပ်ကို ခွင့်လွှတ်ပါ"လို့ဆိုပြီး တောင်းပန်လိုက်သတဲ့ကွယ်။

အဲဒီအခါ ငှက်ကလေးက "ရပါတယ်။ အဲဒီအတွက် တောင်းပန်စရာမလိုပါဘူး။ တကယ်ဆို ကျွန်ုပ်တို့ငှက်တွေဟာ အသင့်ရဲ့ယာခင်းထဲက ကောက်ပဲသီးနှံလေးတွေကို နေ့စဉ်လာရောက်စားသုံးနေရတဲ့ငှက်တွေပါ။ အသင်ယာခင်းပိုင်ရှင်ကြီးက စိတ်ကောင်းနှလုံးကောင်းရှိသူပီပီ ကျွန်ုပ်တို့ငှက်တွေအပေါ်ကို ခြောက်လှန့်တာတွေ၊ အန္တရာယ်ပြုတာတွေ တစ်ခါမှ မပြုခဲ့ပါဘူး။ အဲဒီအတွက် ယာခင်းပိုင်ရှင်ကြီးကို ကျွန်ုပ်တို့ငှက်တွေက ကျေးဇူးတင်ပါတယ်။ အဲဒီအတွက် ကျွန်ုပ်တို့ငှက်တွေက ယာခင်းပိုင်ရှင်ကြီးကို ကျေးဇူးဆပ်တဲ့အနေနဲ့ ယာခင်းပိုင်ရှင်ကြီးရဲ့ယာခင်းထဲက ကောက်ပဲသီးနှံတွေ ကောင်းသည်ထက်ကောင်းအောင်၊ ပိုးမွှားတွေမကျရောက်အောင် ယာခင်းထဲက ပိုးမွှားတွေကို ဖမ်းယူစားသောက်ပြီး ရှင်းလင်းပေးနေပါတယ်"လို့ ပြောသတဲ့ကွယ်။

ငှက်ကလေးရဲ့စကားကြောင့် ယာခင်းပိုင်ရှင်ကြီးဟာ သူ့ယာခင်းတွေက အခြားယာခင်းတွေနဲ့မတူဘဲ ပိုးမွှားကင်းစင်ပြီး ကောက်ပဲသီးနှံတွေ အောင်မြင်ဖြစ်ထွန်းခဲ့တာကို နားလည်သဘောပေါက်သွားတော့သတဲ့ကွယ်။ အဲဒါကြောင့် မိဘကိုလုပ်ကျွေးနေတဲ့ ငှက်ကလေးကို ပိုက်ကွန်ထဲကနေ လွှတ်ပေးလိုက်ပြီး လွတ်လပ်စွာ ပျံသန်းခွင့်ပေးလိုက်တော့သတဲ့ကွယ်။ ငှက်ကလေးကလဲ မိဘကိုပြုစုလုပ်ကျွေးခဲ့တဲ့ ကောင်းမှုကုသိုလ်တွေကြောင့် အချုပ်အနှောင်ကနေ ကင်းလွတ်သွားပြီး အန္တရာယ်ကင်းကင်းနဲ့ လွတ်လပ်စွာ ပျံသန်းသွားတော့သတဲ့ကွယ်။

ကဲ... ပုံပြင်လေးကတော့ ဒီလောက်ပါပဲ ကလေးတို့ရေ။ ကလေးတို့တွေလဲ ပုံပြင်ကလေးထဲက ငှက်ကလေးလိုပဲ မိဘအပေါ် ကျေးဇူးသိတတ်စွာ ပြန်လည်လုပ်ကိုင်ကျွေးမွေးကြတဲ့ သားလိမ္မာ၊ သမီးလိမ္မာကလေးတွေဖြစ်ကြပါစေလို့ ဦးဦးက ဆန္ဒပြုပြောကြားလိုက်ရပါတယ်ကွယ်။

**ကိုရွှေတောသား(ဆင်ကူး)**

## ထန်းရွက်တဲ

- ထန်းရွက်လေးများ စိမ်းစိုစို
  အရိပ်အေးမြပို။
- မွှေးပျံ့ကြိုဆို ထန်းရနံ့
  ကြည်နူးဝန်းကျင်နှံ့။
- ထန်းရွက်တဲထဲ နားခိုပါ
  ပူဒဏ်ကင်းဝေးမှာ။
- တို့ကျေးတောရွာ ပြုလုပ်ကြ
  ထန်းရွက်တဲလေးလှ။ ။



**မောင်မျိုးချစ်(အညာမြေ)**

## အုန်းမောင်းသံ

- ရွာဦးကျောင်းက အုန်းမောင်းသံ
  ကြားရအဖန်ဖန်။
- ဆွမ်းတော်ချက်ရန် အသံပေး
  နိဗ္ဗာန်ဆော်တဲ့တေး။
- ကုသိုလ်ရေးမို့အားလုံးပျော်
  ဆွမ်းချက်ဖို့နှိုးဆော်။
- နိဗ္ဗာန်ရည်မျှော်ကုသိုလ်ပွား
  ဆွမ်းလောင်းကြစို့လား။ ။



**ကျောက်သင်ပုန်း**

# နှစ်သစ်ကူး မင်္ဂလာဆုတောင်း

ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းအရှေ့၊ တောင်၊ မြောက်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တနင်္သာရီတိုင်းဒေသကြီးအသီးသီးရှိ ကျောင်းပေါင်း (၁၅၈၃) ကျောင်းအား ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမများအဖြစ် တစ်နှစ်ပတ်လုံး ကဏ္ဍအသီးသီးတွင် စိတ်အားထက်သန်စွာ သာသနာပြုလှူဒါန်းခဲ့မှုများအတွက် နှစ်သစ်မင်္ဂလာတွင် ပျော်ရွှင်ချမ်းမြေ့ပါစေကြောင်းနှင့် သာသနာ့တာဝန်ကို ဆတက်ထမ်းပိုး တိုး၍ထမ်းဆောင်နိုင်ကြပါစေကြောင်း ကြုံတွေ့နေရသော အခက်အခဲဟူသမျှ ပြေပျောက်၍ ကောင်းကျိုးချမ်းသာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဆရာတော်ကြီး – ဘဒ္ဒန္တတိက္ခ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် တောင်စလင်းတိုက်သစ် ဘာဝနာဌာန

လိပ်စာ – ၆၂ လမ်း၊ ၃၂ x ၃၃ လမ်းကြား ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့

ဖုန်းနံပါတ် – ၀၉-၄၄၂၀၇၄၄၆၆၊ ၀၉-၆၆၀၈၅၀၃၉၉

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်း ကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြု ရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊

စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊

၀၆၇-၈၁၀၃၃၃၄၊

Email Address – accm@accm.gov.mm၊

Website Address – http://www.accm.gov.mm

## တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ရေဦး ဧပြီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၅၉၉၅ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၂၂ ဒသမ ၃၅ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"တန့်ဆည်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ၂၅၉၉၅ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကုလားပဲစိုက်ခင်းတွေ လက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့်ရေဆင်း(၈)နှင့်ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ကေစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

## ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ဖွဲနု ၂၄ ပြည်ဝင် အိတ်ရေ ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကန့်ကြီးထောင့် ဧပြီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကန့်ကြီးထောင့်မြို့နယ် ဆန်စပါးနှင့် ဖွဲနုရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးလွင်က ပြောပြ၍ သိရသည်။

ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း ဖွဲနု ၂၄ ပြည်ဝင် အိတ်ရေ ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဖွဲနုများကို ပြည်တွင်း၌ ငါးစာ၊ ကြက်စာ၊ ဝက်စာ၊ ဘဲစာ စသည့်မွေးမြူရေး လုပ်ငန်းသုံးအစာအဖြစ် အသုံးပြုခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၇၇၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိဧပြီလထဲမှာလဲ ဖွဲနုအိတ်တွေ ရန်ကုန်ဈေးကွက်ကနေ ဝယ်ယူအားများနေပါတယ်။ ကန့်ကြီးထောင့်မြို့နယ်ကထွက်ရှိတဲ့ ဖွဲနုတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုလဲ တင်ပို့ရောင်းချနေပါတယ်"ဟု ကန့်ကြီးထောင့်မြို့နယ် ဆန်စပါးနှင့်ဖွဲနုရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးလွင်က ပြောပြသည်။

ကန့်ကြီးထောင့်မြို့နယ်မှ ထွက်ရှိသည့် ဖွဲနုများကို ဒေသမွေးမြူရေး လုပ်ငန်းရှင်များက အများဆုံး ဝယ်ယူလျက်ရှိသည့်အပြင် ရန်ကုန်ဈေးကွက်သို့လည်း တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါဖွဲနုတစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ကန့်ကြီးထောင့်မြို့နယ်မှ ထွက်ရှိသည့် ဖွဲနုများအရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ဆန်စပါးနှင့် ဖွဲနုရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်ကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်







## ၁၉-၃-၂၀၂၆ နေ့စွဲပါ သွာနုတ္တသားသမီးဖြစ်ကြောင်း ကြေညာချက်အပေါ် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ ယက်ကန်းတော်ရပ်နေ ဒေါ်နွယ်နွယ်လွင် (ဘ) ဦးအေးလွင်ဦး(၉/အမရ(နိုင်)၁၃၇၉၁၄)မှ (၁၉-၃-၂၀၂၆) နေ့စွဲပါ ကြေညာချက်အပေါ် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ မြို့မပန်းချီရပ် အမှတ် ပ၁/၄၈ နေ ဦးအေးလွင် (ခ) ဦးအေးလွင်ဦး + ဒေါ်တင်တင်စန်းတို့မှ (၁၉-၃-၂၀၂၆) နေ့က သွာနုတ္တသားသမီးဖြစ်ကြောင်း ကြေညာချက်အပေါ် (၁၀-၃-၂၀၂၆)ရက်နေ့က စတင်သိရှိခဲ့ခြင်းဖြစ်ပြီး အဆိုပါအကြောင်းအရာကြေညာချက်များအားလုံး လုံးဝမှန်ကန်မှုမရှိပါကြောင်းနှင့် ကျွန်မဒေါ်နွယ်နွယ်လွင်မှာ ယနေ့အချိန်အထိ သားသမီး ဝတ္တရားကျေပွန်သူတစ်ဦးဖြစ်ကြောင်းကို ဆွေမျိုးများအပါအဝင် ရပ်ကွက်နေ လူအများသိရှိပြီးဖြစ်၍ အဆိုပါ အများပြည်သူအထင်အမြင်လွဲမှားစေသည့် ကြေညာချက်အား (၇)ရက်အတွင်း ပြန်လည် ရုပ်သိမ်းကြောင်း ကြေညာပေးပါရန်နှင့် အများသိစေရန် ထပ်မံကြေညာအပ်ပါသည်။

**ဒေါ်နွယ်နွယ်လွင် (ဘ) ဦးအေးလွင် (ခ) ဦးအေးလွင်ဦး**

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ မိုင်းယော်ကျေးရွာအုပ်စု၊ ရှမ်းဈေးတန်းကျေးရွာနေ ဟွမ်ကြီ (ဘ) ဦးလောင်းအိုင်(၁၃/တယန(နိုင်)၀၁၈၃၁၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-052433)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-458776522**

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ နယ်မြေ-၁၀ အောင်သီတာရပ်ကွက်နေ ရွှေစင်မြင့် (ဘ) ဦးစံမြတ်(၁၃/လရန(နိုင်)၂၃၁၉၃၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-483407)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-442658072**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်(၅၉၂)နေ ဇော်ဝင်း (ဘ) ဦးဆန်ဆု(၉/မရမ(နိုင်)၀၉၁၉၀၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-788828999**



**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက် ကိုစိုး**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP)ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာန အသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ် ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

**ရွှေကျင်နိကာယသာသနာပိုင် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ နှစ်ဦးနှုတ်ခွန်းဆက်သံဝေဂကထာ**

စာမျက်နှာ - ၁၇

# နှစ်သစ်မင်္ဂလာဆုမွန်လွှာ

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် မြန်မာနှစ်သစ်မင်္ဂလာအခါသမယမှစ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ မိဘပြည်သူများအားလုံး ဘေးရန်ကင်းကွာ၍ ကိုယ်စိတ်နှစ်ဖြာ အစဉ်ထာဝရကျန်းမာချမ်းသာကြပြီး အမျိုးဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုးတိုးတက်အောင် ထမ်းရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ရတနာပုံသတင်းစာတိုက်မိသားစု

**အကျဉ်းသား / သူများကို ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပေး**

စာမျက်နှာ - ၁၉

**အကျဉ်းသား / သူ ၄၃၃၅ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု**

စာမျက်နှာ - ၁၉



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်၊ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများကို အောင်သပြေခက်များဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။

## မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ဇီးကုန်းမြို့နယ်နှင့် ကြို့ပင်ကောက်မြို့နယ်တို့၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းနှင့် လိုအပ်သည့်အကူအညီပေးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဧပြီ ၁၈

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ်နှင့် သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်တို့၌ ဧပြီ ၁၇ ရက် ညနေပိုင်းတွင် မိုးသက်လေပြင်းများတိုက်ခတ်မှုကြောင့် သစ်ပင်များလဲကျခြင်း၊ နေအိမ်များ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် ဆေးပေးခန်းများ ပြိုကျခြင်းနှင့် အမိုးလန်ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ရာ စာမျက်နှာ ၂၅ ကော်လံ ၃ ❖



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် အပျက်အစီးများဖယ်ရှားရှင်းလင်းခြင်းဆောင်ရွက်ကြစဉ်။

## ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ဒေသတစ်ဝိုက်၌ နယ်မြေလုံခြုံရေး တာဝန်များ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဧပြီ ၁၈

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ဒေသတစ်ဝိုက်၌ နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ နေ့လယ်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ စာမျက်နှာ ၂၅ ကော်လံ ၁ ☆

**နေပြည်တော်ကောင်စီနယ်မြေနှင့် မကွေးတိုင်းဒေသကြီးဒေသတစ်ဝိုက်တို့၌ နယ်မြေလုံခြုံရေးတာဝန်များထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို**

စာမျက်နှာ - ၂၀